မာလေး

# မြန်မာ့ဆွေမျိုးစပ်

ဝေါဟာရများ

# မြန်မာ့ဆေးမျိုးစပ် ဝေါဟာရများ

မာလေး

အဖုံးပန်းချီ – ဦးမျိုးဝင်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

ပထမနှိပ်ခြင်း ၁၉၇၇ ခု၊ အုပ်ရေ ၂၅,၀၀၀

ရန်ကုန်မြို့၊ ၅၂၉–၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့
ညွှန်ကြားရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က
တာဝန်ခံ ထုတ်ဝေသည်။

စာပေဗိမာန်ပုံနှိပ်တိုက် ၃၆၁–ပြည်လမ်း၊ ရန်ကုန်မြို့တွင်
ဒု–ညွှန်ကြားရေးမှူး (ပုံနှိပ်) ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က
ရိုက်နှိပ်သည်။

# မာတိကာ


| အခန်း | အကြောင်းရပ် | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၁ |
| | ကျေးဇူးစကား | ၂ |
| ၁။ | ဆွေမျိုးဟူသည် | ၃ |
| | မျိုး၊ အမျိုး၊ အဆွေအမျိုး၊ အမျိုးအဆွေ၊ ဆွေမျိုးသားချင်း၊ အဆွေအဝါး၊ ပေါက်ဖော်၊ ဆွေမျိုးပေါက်ဖော်၊ | |
| ၂။ | ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် | ၆ |
| | အထက်အောက်ဆွေခုနစ်ဆက် ဖော်ပြချက် ဇယား၊ အမိ၊ အဖ၊ အဖိုး၊ အဖွား၊ ဘေး၊ ဘီ၊ ဘင်၊ သား၊ သမီး၊ မြေးစားသမီး၊ မြေးစားသားကိတ္တိမ၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ မျှော့၊ | |
| ၃။ | မိခင်နှင့်တော်စပ်သူများ | ၂၀ |
| | မိကြီး၊ မိထွေး၊ ကြီးတော်၊ ဒွေးဒေါ်၊ ဒွေးလေး၊ ဒွေးကြီး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ အဒေါ်၊ ဦးကြီး၊ ဦးရီး၊ ဦးလေး၊ အမေတူ အဖေကွဲ၊ | |
| ၄။ | ဖခင်နှင့်တော်စပ်သူများ | ၂၆ |
| | ဘကြီး၊ ဘထွေး၊ အရီးကြီး၊ အရီးလတ်၊ အရီးလေး၊ အဖေတူ အမေကွဲ | |
| ၅။ | တမိသားချင်း မောင်နှမရင်းချာများ | ၂၉ |
| | မိသားစု၊ လင်မယားသားစုံ၊ ညီ၊ ညီမ၊ နှမ၊ နောင်၊ နောင်ကြီး၊ နောင်ငယ်၊ မောင်၊ မောင်ကြီး၊ မောင်ငယ်၊ အစ်ကို၊ အစ်ညီ၊ အစ်မ၊ ဝမ်းကွဲ၊ | |
| ၆။ | လက်ထပ်ထိမ်းမြားရာ၌ တော်စပ်သူများ | ၃၇ |
| | ခမီး၊ ခမက်၊ ခယ်မ၊ ခဲအို၊ ခင်ပွန်း၊ ချွေးမ၊ ဇနီး၊ တူ၊ တူမ၊ မယား၊ မယားညီအစ်ကို၊ မယားပါသမီး၊ မယားပါသား၊ မရီး၊ မတ်၊ မိန်းမ၊ မျောက်သား၊ ယောက်ျား၊ ယောက္ခမ၊ ယောက်ဖ၊ ယောက်မ၊ လင်၊ လင်ညီအစ်မ၊ လင်ပါသမီး၊ လင်ပါသား၊ လင်မယား၊ သမက်၊ | |
| ၇။ | သုံးသပ်ချက် | ၅၉ |
| ၈။ | ကျမ်းကိုးများ | ၆၁ |
| ၉။ | အက္ခရာစဉ် မာတိကာ (မလိုအပ်၍ ချန်လှပ်ခဲ့ပါသည်။) | |

## နိဒါန်း

မြန်မာတို့သည် လူမျိုးတမျိုးအနေဖြင့် ရပ်တည်လာသည့်အခါကစ၍ တဦးနှင့်တဦး မည်သို့ ဆွေမျိုးတော်စပ်သည်ကို သတ်မှတ်ခေါ် ဝေါ် ခဲ့ကြမည်သာဖြစ်သည်။ သို့သော် ထိုအခေါ် အဝေါ် များကို စာပေဖြင့် မှတ်တမ်းတင်နိုင်သည့်အခါကျမှသာ လေ့လာနိုင်ခွင့် ရခဲ့ကြပေသည်။

သို့ဖြစ်၍ မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများကို လေ့လာသည့်အခါ မြန်မာစာပေအခြေစိုက်ရာ ပုဂံခေတ်ကိုပင် ဦးစားပေး လေ့လာရပေသည်။ ပုဂံမြန်မာကျောက်စာများတွင် ယနေ့အထိ ရှာမတွေ့သေးသော ဆွေမျိုးစပ်ဝေါဟာရအချို့မှာ **ခယ်မ၊ ခဲအို၊ ဇနီး၊ ယောက်မ** စသည်တို့ဖြစ်သည်။ ရှာမတွေ့သေးကာမျှနှင့်ပုဂံခေတ်မြန်မာတို့ တီထွင်သုံးစွဲခြင်းမရှိသေးဟု ဆိုနိုင်မည် မဟုတ်ပေ။ ပုဂံကျောက်စာများသည် ဆွေမျိုးစပ်ဝေါဟာရချည်း ဖော်ပြရေးထိုးခဲ့သည် မဟုတ်ရကား အကြောင်းအရာအခြေအနေနှင့်စပ်မှသာ ထိုဝေါဟာရများပါလာသည်ဖြစ်ရာ အလျဉ်းမသင့်၍ မတွေ့ရခြင်းဟုပင် ယူချင်ပါသည်။

ပင်းယခေတ်ပေါ် စာပေတို့ကား အတွေ့ရနည်းသည်။ သို့ဖြစ်၍ ပင်းယကျောက်စာအချို့လောက်ကိုသာ အားထားလေ့လာရပေရာ ထိုခေတ်တွင် ဆွေမျိုးစပ်ဝေါဟာရများ မည်မျှထူးခြားပြောင်းလဲသည်ကို အကဲခပ်ရန် မလွယ်ကူလှဘဲ ရှိ၏။

အင်းဝခေတ်မှစ၍ အစက မတွေ့ခဲ့ရသေးသော ဆွေမျိုးစပ်ဝေါဟာရများကိုပါ တွေ့လာရသည်။ မူလက မယားဟုသာ ရှိနေရာမှာ ဇနီးကို ထပ်သုံးသည်။ မူလက တွေ့ရုံမျှဖြစ်သော မျောက်သားကို သိသိသာသာအသုံးပြုလာသည်။ နောက်ခေတ်များတွင် စာပေတိုးတက်လာသည်နှင့်အမျှ ဆွေမျိုးစပ်ဝေါဟာရများကို ခိုင်ခိုင်မာမာသုံးစွဲရေးသားလာကြသည်သာ ဖြစ်သည်။

မြန်မာ့ဆွေမျိုးစပ်ဝေါဟာရတို့၏ မူလအနက်ကို ဖော်ထုတ်ရာတွင် ပုဂံကျောက်စာ၊ မင်စာတို့ကို များစွာ အားကိုးအားထားပြုရပေသည်။ အသုံးပြန့်ပွားပြောင်းလဲပုံကို ပြရာ၌ကား ခေတ်အသီးသီး၏ ပျို့ကဗျာလင်္ကာစသည်တို့ကို ကိုးကားတင်ပြထားပါသည်။

ချဉ်းကပ်လေ့လာရာတွင်မူ ဆိုင်သင့်ရာများ၌ ဘာသာဗေဒ၊ သဒ္ဒဗေဒအမြင်ဖြင့် သုံးသပ်တင်ပြမှုမျိုး အထိုက်အလျောက် ပါရှိပါသည်။ သို့သော်လည်း ဘာသာဗေဒ၊ သဒ္ဒဗေဒကို ဆည်းပူးလေ့လာမှုတွင် ဝါသနာပါသူ စာသင်သားမျှသာဖြစ်၍ အားနည်းလစ်ဟင်းချက်များ ရှိမည်သာဖြစ်ပါသည်။

"မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများ"သည် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ မြန်မာစာမဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသောကျမ်းဖြစ်ပါသည်။ ခင်ပွန်းသည်ဦးဖိုးကျော်မြင့်ရှိစဉ်က ဤကျမ်းကို စာအုပ်ထုတ်ဖို့ စာပေဗိမာန်နှင့်ဆွေးနွေးရန် သတိရတိုင်း တဖွဖွပြောခဲ့ပါသည်။ ပို၍ပြီးပြည့်စုံအောင် ကြိုးပမ်းလိုသေးသဖြင့် စာအုပ်ဖြစ်ရေး နှောင့်နှေးခဲ့ရပါသည်။

ယခုသော် ချစ်ခင်ပွန်း မရှိသည်နောက် သူ၏ဆန္ဒပြည့်ဝစေလို၍တကြောင်း၊ မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများ၏ အနက်ကို ကြံဆချက်မျှသာဖြစ်၍ အမှားတွေ့က ဝိုင်းဝန်းပြင်ဆင်နိုင်

ရန် ရည်သန်၍တကြောင်း စာအုပ်အဖြစ် ထုတ်ဝေရန် ဆုံးဖြတ်ခဲ့ပါသည်။

ဤဆုံးဖြတ်ချက်မှာ စာပေဗိမာန်ဦးထင်ကြီးနှင့်တွေ့ဆုံသည်တွင်မှ အကောင်အထည် ပေါ်ခဲ့ပါသည်။ သို့သော် ကျမ်းပုံစံမဟုတ်ဘဲ ပြည်သူ့လက်စွဲစာစဉ်အဖြစ် ထုတ်ဝေရသည့်အတွက် အလွယ်တကူ ဖတ်ရှုနိုင်ရန် စီစဉ်ပြုထားပါသည်။ ကျောက်စာများကို ကိုးကားတင်ပြရာ၌ ပုဂံကျောက်စာလာ သက္ကရာဇ်၊ ကျောက်စာပုံအမှတ်၊ ကြောင်းရေများကို ကွင်းပိတ်၍ အစဉ်လိုက် ညွှန်းထားပါသည်။

ကျေးဇူးစကား

၁၉၅၄–ခု၊ ဥပစာ(က)တန်းမှ မဟာဝိဇ္ဇာနောက်ဆုံးနှစ်(ဒုတိယပိုင်း)သို့တိုင်အောင် မြန်မာစာသင်ကြားပို့ချပေးခဲ့သော ဆရာဦးမောင်မောင်ကြီး(အငြိမ်းစားမြန်မာစာပါမောက္ခ)၏ ညွှန်ကြားပြသပို့ချမှုတို့သည်၎င်း၊ ဥပမာ(က)တန်းမှသည် မဟာဝိဇ္ဇာ(အရည်အချင်းစစ်)တန်းသို့တိုင်အောင် ဆရာဒေါ်သန်းဆွေ(မြန်မာစာပါမောက္ခ၊ ဝ/သတက္ကသိုလ်၊ မန္တလေး)နှင့်ဆရာမဒေါ်ခင်စော(ကထိက မြန်မာစာဌာန၊ ဝ/သတက္ကသိုလ်၊ မန္တလေး)တို့၏ ညွှန်ကြားပြသပို့ချမှုတို့သည်၎င်း၊ ဆရာဦးရွှေသွင်(ကထိက၊ မြန်မာစာဌာန၊ ဝ/သတက္ကသိုလ်၊ ရန်ကုန်)ဆရာမဒေါ်ခင်အေး(လက်ထောက်ကထိက၊ မြန်မာစာဌာန၊ ဝ/သတက္ကသိုလ်၊ ရန်ကုန်)တို့၏ သဒ္ဒဗေဒ၊ ဘာသာဗေဒသင်ကြားပို့ချမှုတို့သည်၎င်း ဤကျမ်းကို များစွာအထောက်အကူ ဖြစ်စေခဲ့ပါသည်။

ထိုဆရာ ဆရာမတို့၏ ဘာသာစကားနှင့်ပတ်သက်သောဆောင်းပါးများနှင့်ဆရာဦးမောင်(အငြိမ်းစားမြန်မာစာပါမောက္ခ)၊ ကွယ်လွန်သူ ဦးဖိုးလတ်စသူတို့၏ ဆောင်းပါးများကလည်း တဖက်တလမ်းမှ အားဖြည့်ပေးသကဲ့သို့ ရှိပါသည်။

ကြီးကြပ်သူအဖြစ် ဆောင်ရွက်သော ဆရာဦးရွှေသွင်နှင့်ဝိုင်းဝန်းကူညီကြသော ဦးထွန်းတင့်(မြန်မာစာကထိက၊ ပီကင်းတက္ကသိုလ်)၊ ဦးခင်အေး(နည်းပြ၊ မြန်မာစာဌာန၊ ပညာရေးတက္ကသိုလ်)တို့အား ကျေးဇူးတင်ကြောင်း ဖော်ပြပါသည်။

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံး၏ ကျေးဇူးကို ဦးထိပ်ထားပြီး စာပေဗိမာန် အငြိမ်းစားညွှန်ကြားရေးမှူးဦးထင်ကြီး၊ စာတည်းဒေါ်အုန်းကြည်တို့၏ ကျေးဇူးမေတ္တာစေတနာ တို့ကို လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင်ပါသည်။

မာလေး

မြန်မာစာဌာန
မော်လမြိုင်ကောလိပ်
မော်လမြိုင်မြို့။

## အခန်း(၁)
## ဆွေမျိုးဟူသည်

တဦးနှင့်တဦး သွေးသားတော်စပ်သည်ဟုပြောလိုလျှင် အမျိုး၊ အမျိုးတော်သည်ဟု ပြောတတ်ကြသည်။ အဆွေဟု ပြောလျှင်မူကား အဓိပ္ပါယ်မပြည့်စုံတော့။ ခင်မင်ကျွမ်းဝင်သော အဆင့်မျှသာဟု ယူဆတတ်ကြသည်။ သွေးသားတော်စပ်သည်ဟု မထင်ကြ။ ဆွေမျိုးစပ်ဝေါဟာရများကို ရှေးဦးတီထွင်သုံးစွဲခဲ့ကြသော ပုဂံခေတ်အခါကမူ အမျိုးနှင့်အဆွေကို လက်ခုပ်လက်ဝါးသုံးထားကြောင်း ဤသို့တွေ့နိုင်ပါသည်။

၁။ ငနောင်အာငသာလည်ဂေါင်။ ငမွိယ်လည်ဂေါင်။ ငအေဆုယ်လည်ဂေါင်။ သူတစ်ထူလည်ဂေါင်။
(၅၇၄၊ ပုံ ၃၆၄ က၊ ၃၆–၃၇)

၂။ အမျှုဝ်ခပင်ပြုန်တီစိယ်သတေ (၅၆၉၊ ပုံ ၁၆၀ က၊ ၂၀–၂၉)

၃။ ဒါဆုယ်တွက်ျလ်ည်ကောင်
ငသွိင်မင်အေဆုယ်တွင်ကျင်
လည္တေျပင် ပွသ့ုလည်ကောင်

၄။ ဆုယ်ငမျှိုဝ်သောငမွိယ် (၆၁၇၊ ပုံ ၁၈၆၊ ၁၆)

၅။ သောငမိယ်ဒါဆုယ်ငဝါ သူတပါလေည်ကောင် (၆၂၄၊ ပုံ ၂၀၆၊ ဂ)

အထက်ပါသာဓကများကို လေ့လာကြည့်လျှင် မိဖသားမြေးများကို ဖော်ပြပြီးနောက် ဆုယ်ဟုရင်း၊ အမျှိုဝ်(အမျိုး)ဟုရင်း၊ ဆုယ်ငမျှိုဝ်(ငဆွေငမျိုး)ဟုရင်း၊ အဆွယ်အဝါ(အဆွေအဝါး)ဟုရင်း သုံးသည်ကို တွေ့ရပေသည်။ ပြီးမှ တပါးတခြားသူများကို သူတစ်ထူ(သူတစ်ထူး) ပွသ့ု(ပြင်သူ)၊ သူတပါ(သူတပါး)ဟူ၍ခေါ်သည်။ မြလူ(၅၂၇၊ ပုံ ၅၊ ၂၆)ဟုလည်းသုံးတတ်သည်။

တက္ကသိုလ်မြန်မာအဘိဓာန်၊ အပိုင်း ၅ တွင်လည်း ဆွေ၏အနက်ကို

နံ၊ ၁၊ သားချင်း။ ပေါက်ဖော်၊ ခင်ပွန်း၊ အဆွေ။

၂။ (ထားဝယ်)အဖဖက်က သွေးသားတော်စပ်သူ

၃။ မိဖဆွေမျိုးတို့ ရေတွက်ရာတွင် သုံးရသောသချ်ာပစ္စည်းစကားဟူ၍ အဓိပ္ပါယ်ဖွင့်ပြသည်။ စင်စစ် ဆွေနှင့်ဆွယ်တို့သည် အသံအထက်အောက် နီးနီးကပ်ကပ် ရှိနေသည့်ဝေါဟာရနှစ်လုံးဖြစ်သည်။ သို့ဖြစ်၍ ဆွေ၏အနက်ရင်းမှာ (မိမိနှင့်မခြား)ဆွယ်နှိုင်းအပ်သည့်သူ၊ စပ်သွယ်တူညီသူ၊ ချစ်ကျွမ်းဝင်သူဟု ဆိုနိုင်ပေသည်။ ဆွေမျိုးဟူသော ဝေါဟာရမှ အောက်ပါဝေါဟာရများ ဆွယ်ပွားလာသည်။

### မျိုး၊ အမျိုး

မျိုးရိုးအနွယ်စဉ်ဝင်သူ၊ သွေးသားတော်စပ်သူ၊ သားချင်း၊ ပေါက်ဖော်၊ အဆွေအဝါး ဟူသည့်အနက်ဆောင်သည်။

အဆွေအမျိုး

ဆွေမျိုးကိုပင် ဝေါဟာရ အ–တလုံးရှေ့ကစပ်ကာ မတြာဝက် မတြာပြည့်ဖြင့် ခေါ်ဆို အသုံးပြုခြင်းဖြစ်သည်။ အဓိပ္ပါယ်မှာ ဆွေမျိုးနှင့်အလားတူပင် ဖြစ်သည်။

အမျိုးအဆွေ

ဆွေမျိုး၊ အဆွေအမျိုးသည် အပြိုင်စကားပေါင်းဖြစ်သည့်အပြင် အခြားသံတူကြောင်းကွဲ ဝေါဟာရမရှိသည့်အလျောက် ယင်းကို ရှေ့နောက် နေရာရွှေ့ပြီး အမျိုးအဆွေဟု သုံးခြင်းဖြစ်သည်။

ဆွေမျိုးသားချင်း

သားဟူသည် အသွေးအသား၊ ငယ်ရွယ်သူ၊ အမိအဖတို့က မွေးဖွားလာသောသားယောကျ်ားစသည့်အနက်တို့ရသည်။ သားနှင့်ချင်းဟူသော ပစ္စည်းစကားတွဲလိုက်သည့်အခါ ဆွေမျိုးပေါက်ဖော်ဟူသည့်သက်ရောက်အဓိပ္ပါယ်ကို ဆောင်သည်။

ဤသို့လျှင် ဆွေမျိုးနှင့်အနက်တူ သားချင်းကို ပေါင်းစပ်၍ သုံးတတ်သည်သာမက သားနှင့်ချင်းကို ခွဲထုတ်ပြီး ဆွေမျိုးနှင့်တလုံးချင်း အစဉ်လိုက်စပ်ကာ ဆွေမျိုးသားချင်းဟု သုံးတတ်ကြသေးသည်။

အဆွေအဝါး

ပုဂံခေတ်ကပင် အဆွေအမျိုးနှင့်မခြားထပ်တူ အဆွေအဝါးကိုလည်း သုံးခဲ့ကြောင်း အထက်တွင် ပြဆိုခဲ့ပေပြီ။ အဝါးသည် လူ့အဝါး၊ အဝါးဝတို့မှာကဲ့သို့ အကြောင်းအခြင်းဟူသည့် အနက်ကို ဆောင်သည်။ ဤအဝါးသည်လည်း အရောင်ဟော အဝါနှင့်မိတ်တူဝေါဟာရဖြစ်၍ ယင်းမှ အဓိပ္ပါယ်ရွှေ့ရှားလာခြင်းပေလားဟု တွေးထင်မိသည်။ အဆွေအဝါးဟုဆိုရာတွင် သားချင်းပေါက်ဖော်တည်းဟူသော အကြောင်းအခြင်း (ဝါ) ဆွေမျိုးသားချင်း၊ ဆွေမျိုးဟုပင် အဓိပ္ပါယ်ရပေသည်။ တနည်းလည်း အပိုစာလုံးပြုတ်ကာ ဆိုးရွားမှ ဆိုးဝါး၊ ရွှမ်းပြင်းမှ ဝမ်းပြင်း၊ မိုးရွာမှ မိုးဝါဖြစ်လာသကဲ့သို့ ဆွေဖွားမှ ဆွေဝါးဖြစ်လာခြင်းများလားဟုလည်း တွေးဆမိပေသည်။

ပေါက်ဖော်၊ ဆွေမျိုးပေါက်ဖော်

ပေါက်ဖော်သည် တမိဝမ်းမှ အတူပေါက်သည့်(ဝါ)အတူမွေးဖွားသည့်အဖော် အဖက်၊ သားချင်း ဆွေမျိုးဟူသည့်အနက်တို့ကို ဆောင်သည်။ ပုဂံခေတ်က ပေါက်ဖော်ကို အသံလေးလေးဖြင့် ပေါက်ပေါဟု ရွတ်ဆိုနေလေသလားမသိ။ ပေါက်ပေါဟု ရေးသည်ကို တွေ့ရသည်။ ဖော်ဟူသောအသံပြေကို ပေါဟူသော အမြင့်တက်သံဖြင့် ဆိုခြင်းဖြစ်သည်။ တရုတ်အမျိုးသားတို့ကို

ပေါက်ဖော် ဟုခေါ် သည့်မှာလည်း စင်စစ် ဆေးမျိုးသားချင်းဟူသည့်သဘောထားခံယူချက်ဖြင့် သုံးခဲ့ကြခြင်းဖြစ်သည်။ အထက်ပါ အနက်တူ ဝေါဟာရနှစ်ခုကို တွဲ၍ ဆေးမျိုးပေါက်ဖော် ဟုလည်း အသုံးပြုကြသေးသည်။

# အခန်း(၂)
# ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်

ဝိနည်းပိဋကတ်တော်၌ မိမိ၏ အထက်နှင့်အောက် ခုနစ်ဆက်တိုင် ရေတွက်၍ရသူကို ဆွေမျိုးတော်သူဟု အသိအမှတ်ပြုထားသည်။ ယင်းကို ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်ဟုခေါ်ကြသည်။ ထို့ကြောင့်လည်း ပုဂံခေတ်အခါကပင် ဗုဒ္ဓါဝါဒကို လက်ခံယုံကြည်ခဲ့ကြသော မြန်မာတို့သည်–

၁။ အမ္မျိုဝ် ၇ ဆက် ပျက်စိပြန္တိစိယ်သတေ။ (၅၉၉၊ ပုံ ၁၀၅ က၊ ၃၇–၃၈)

၂။ သိခင်ကက်သူမိယာကာ အမိမ္မျိုဝ် အဖမ္မျိုဝ် ၇ ဆက်

ဟူ၍လာလတ္တံ့သော အမျိုးခုနစ်ဆက်ပျက်စီးအောင် ကျိန်ဆိုခြင်း၊ ဖြတ်သန်းခဲ့သည့် အမျိုးခုနစ်ဆက်(ဝါ)သာစန်မ္ဗိယ်စန်(၆၁၀၊ ပုံ ၁၆၄၊ ၃၁)မြင့်မြတ်ပုံကို ထုတ်ဖော်ဂုဏ်ယူခြင်းပြုခဲ့ကြသည်။ တနည်းဆိုသော် မိမိမှအထက်သို့ အမျိုးခုနစ်ဆက်၊ အောက်သို့ အမျိုးခုနစ်ဆက်တိုင် သာဆက်မ္ဗိယ်ဆက်(၆၁၀၊ ပုံ ၁၆၃၊ ၃၂)ကို စိတ်ပါဝင်စားမှုရှိကြောင်း ပြခဲ့ကြသည်။

အထက်အောက် ဆွေမျိုးခုနစ်ဆက် ရေတွက်ပုံနှင့်ပတ်သက်၍မူ အခေါ်အဝေါ်ကွဲပြားမှု ရှိသည်။ မိမိမှအထက်သို့ဆိုလျှင် ဖ၊ ဖိုး၊ ဖေးအထိ (ဖေး–ကို ဘီဟု ဖော်ပြသည့်ဝါဒကွဲတရပ်ရှိသေးသည်)အောက်သို့ကား သား၊ မြေး၊ မြစ်၊ တီ အထိ တူညီပေသည်။

သို့သော်လည်း ဆွေမျိုးစပ်ဝေါဟာရများ မှည့်ခေါ်ကြပုံ အခြေခံမူသဘောကို လေ့လာလိုက်သည့်အခါ ယေဘုယျအားဖြင့် တူသည်ဟု ဆိုနိုင်ပေသည်။ အခြေခံသဘောကား ဤသို့ဖြစ်သည်။

ဖ၊ မိတို့ကား ကလေးသူငယ်တို့၏ နှုတ်ဖျားမှ ထွက်လာသောသဘာဝအသံကို အခြေတည်ကာ အသုံးပြုထားခြင်းဖြစ်သည်။ ဖ၊ မိမှ ရှေ့တဆင့်နှင့်မိမိမှ အောက်တဆင့်သို့မူ ချစ်မေတ္တာကို အခြေတည်မှည့်ခေါ်ခဲ့ပုံရသည်။ (ပုံစံ၊ အဖိုးထိုက်အဖိုးတန်များဖြစ်၍ ချစ်နှစ်လိုအပ်သူအဖြစ် ဖိုး၊ ဖွားခေါ်ပုံ။ မိမိ၏အသွေးအသားဟူသည့်သဘောကို အခြေတည်၍ သား၊ သမီးခေါ်ပုံ။)

ဖိုး၊ ဖွား၊ အထက်သို့သော် ဘေး၊ ဘီသို့ရောက်သွားသည့်သဘော ကွာလှမ်းသွားပြီဖြစ်သည့်သဘောကို ယူပုံရသည်။ ဖေး၊ ဖွေး၊ ဖဲ၊ ဖီ စသည်ဖြင့် သရသံများ ကွဲပြားသွားသော်လည်း မူလအနက်သဘောမှာ အတူတူပင်ဖြစ်သည်။

အထက်ခြောက်ဆက်မြောက်ကို ဩဘက်၊ ခုနစ်ဆက်မြောက်ကို စေ့ဟု ပြသည့်ဝါဒကွဲတရပ်မှာမူ အဩဘက်၊ အစေ့ကလေးများသဖွယ် ပွားများလာကာ သေးငယ်ကွာလှမ်းသွားကြပြီဟု ယူဆရာရောက်သည်။

ထို့ပြင် မူတမူတွင် ပြထားသည့်အထက်အဖို့ ငါးဆက်မြောက်ဘောင်ကိုကား နံဘေးအ

နားတွင်ပေါင်ထားသည့်အရာ(ဝါ)ဘေးအစွန်အဖျားနား ရောက်နေသူဟု ယူနိုင်သည်။ ဘိုးစဉ်ဘောင်ဆက်ဟု လူတိုင်းနှုတ်ဖျားလိုလိုတွင် သုံးနေသော်လည်း ဘောင်ကို လက်တွေ့အားဖြင့် နားလည်အသုံးပြုမှု ကွာပြတ်နေသကဲ့သို့ ရှိပေသည်။

ရခိုင်ဘက်တွင်ကား အဖွားကို အဖောင်ဟုရင်း၊ ဖွားဖွားဟုဆိုလျှင် ဖောင်ဖောင်ဟုရင်း၊ အဖွားကြီး(မိဖ၏ အမေ၏ အမ)ကို အဖောင်ကြီးဟုရင်း၊ အဖွားလေး(မိဖ၏ အမေ၏ ညီမ)ဆိုလျှင် အဖောင်သျှေဟုရင်း သုံးနေပေသည်။

ယောနယ်ဘက်တွင်လည်း အမိအဖမည်သည့်ဘက်မှ တော်စပ်သောအဖွားဖြစ်စေ၊ အဖွားကြီး၊ အဖွားလတ်၊ အဖွားလေးတို့အား အပေါင်ကြီး၊ အပေါင်လတ်၊ အပေါင်လေးဟုရင်း၊ ဖွားဖွားအစား ပေါင်ပေါင်ဟုရင်း ခေါ်နေသေးကြောင်း သိရသည်။

ထိုသို့ပင် မြေးမှစ၍ အောက်အဖို့ကို မြေးကပ်တွယ်ရှက်သည့်သဘော၊ အမြစ်အရင်းတွယ်လာပြန်သည့်သဘောကို ဆောင်ကာ မြေး၊ မြစ်၊ တီ၊ မျှော့၊ ကျွတ်စသည်ဖြင့် ခေါ်ထားသည်။ ဤတွင်လည်း အခေါ်သာကွဲပြားသည်။ အခြေခံသဘောမှာ ညီပေသည်။

မြစ်၏အောက်တဆင့်ကို တီဟုခေါ်ခြင်းမှာလည်း တီသည် အရပ်တကာ၌ ရှိနိုင်ကာ မြေတွင်းထဲ၌ စွဲစွဲမြဲမြဲထွေးရှက် နေတတ်သည့်သတ္တဝါငယ်ကလေးများဖြစ်သည့်အလျောက် ထိုသဘောကို ယူကာ မြေးအောက်ငယ်သူကို တီဟုခေါ်ခြင်း ဖြစ်ပုံရပေသည်။

မျှော့၏အောက်ဖြစ်သော ခြောက်ဆက်မြောက် ကျွတ်သည်လည်း ကုန်းတွင်းနေမျှော့မျိုးပင်ဖြစ်သည်။ သို့ဖြစ်၍ မြေးကပ်တွယ်ရှက်လာသည့်ပိုမိုနုနယ်ငယ်ရွယ်သွားသော နောက်တဆက်အဖြစ် မျှော့ထက်ငယ်သည့်မျိုးတူကျွတ်ကို စွဲယူတင်စားခေါ်ခဲ့ခြင်း ဖြစ်ပေသည်။

ကျွတ်အောက် ခုနစ်ဆက်မြောက် ဆက်ကိုကား ဆတ်ဟူ၍ရင်း၊ ဆက်ဟူ၍ရင်း၊ ကျွတ်ဆက်ဟူ၍ရင်း ပြပေသည်။ ဆက်ကို သင့်တော်သောအနက်ကောက်ရန် မလွယ်ပေ။ ဆက်ကိုပင် ဆတ်ဟုအရေးမှားသည်ဟု ထင်သည်။ ရှိပြီးဖြစ်သော အခြေခံသဘောနှင့်ကြည့်လျှင် ဆက်သော်ရင်း၊ ကျွတ်ဆက်သော်ရင်း ဖြစ်နိုင်ပေသည်။ ဆိုလိုသည်မှာ ကျွတ်မှတဆင့် ထက်ဆက်ထပ်ပွားလာသောမျိုးဆက်ဟု ဖြစ်ပေသည်။

ထက်အောက် ဆွေခုနစ်ဆက်အခေါ် အဝေါ် ကွဲပြားပုံကို အောက်ပါဇယားတွင်လေ့လာနိုင်ပါသည်။

(ဇယားကို ဤE-book စာအုပ်၏နောက်ဆုံး၌ကြည့်ပါရန်။)

ဆွေခုနစ်ဆက်တွင် အမိအဖမှစ၍ မြေး၊ မြစ်၊ တီ၊ ကျွတ်၊ တိုင်အောင် အနက်များကို ဆက်လက်ကြံဆဖော်ထုတ်သွားပါမည်။

အမိ

အမိဟူသော ဝေါဟာရသည် မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများတွင် အရေးပါလှသော

ဝေါဟာရဖြစ်သည်။ တိုက်ရိုက်သွေးတော်စပ်ရာမှ ဖြစ်ပေါ်လာသော စကားလည်းဖြစ်သည်။ နှာသံဖြင့်ရွတ်ရသော နှုတ်ခမ်းဗျည်း[1]ကို အနိမ့်သက်သံအိုဖြင့် ပေါင်းစပ်ရာမှ မိဖြစ်လာသည်။

အမိဟူ၍ အ အပိုထည့်ပြောနေခြင်းမှာ ဓလေ့ကို အဓလေ့၊ ကလေးကို အကလေးဟု သုံးသကဲ့သို့ ဓလေ့သုံးအဖြစ် ပြေပြစ်အောင် အသုံးပြုထားခြင်းဖြစ်ပုံရသည်။

နှုတ်ခမ်းဗျည်း မ သည် အရွှတ်ဆိုရလွယ်ကူ၏။ ထို့ကြောင့်ပင် စကားသင်ခါစ၊ ပြောခါစ ကလေးငယ်များသည် နှုတ်ခမ်းဗျည်းများဖြစ်သော ပ၊ ဖ၊ ဗ၊ ဘ၊ မ၊ ဝ တို့ကို ဦးစွာ ရွတ်လေ့ရှိသည်ကို တွေ့ရသည်။ ဝေါဟာရ အလယ်အဖယ်အနေနှင့်မူ အမိ၊ အမေ၊ အမယ်၊ မအေ၊ မိခင်၊ မေမေ၊ မွေးသမိခင်ဟူ၍ အမျိုးမျိုး ပြားသေးသည်။ ဤသည်တို့ကို ရှုဆင်ခြင်လျှင် အီ၊ အေ၊ အယ်၊ အ ဟူသော သရသံရင်းများ ကွဲပြားသွားခြင်းပင် ဖြစ်သည်။

ဤသို့လျှင် အမိ၊ အမေသည် မိမိကိုမွေးသော ကျေးဇူးရှင်ကို ဖေါ်ကျူးသလို ဒေသအလိုက်၊ ရပ်ရွာအလိုက် ကွဲပြားသွားသည့်အခါ အမိ၊ အမေကိုပင် အမဟုခေါ်သည်ကိုလည်း တွေ့ရသည်။ မိန်းကလေးများတွင် ကြီးသူက ငယ်သူကို သို့မဟုတ် ရွယ်တူမိန်းကလေးအချင်းချင်း ရင်းနှီးသည့်သဘောဖြင့် တဦးကို တဦး အမိ ဟူ၍ ခေါ်ဝေါ်ကြသည်လည်း ရှိပေသည်။

သွေးသားမတော်စပ်ပါပဲ မြန်မာ့ယဉ်ကျေးမှုအရ မိခင်အရွယ်ရှိသူကို ရည်ရွယ်၍၎င်း၊ ဈေးဝယ်ရာ၌ အခေါ်အဝေါ် စကားတခုအနေဖြင့်နှင့်၎င်း၊ လမ်းခရီးဝယ် ဆုံဆည်းကြသည့်အခါ တဦးနှင့်တဦး ဆက်ဆံပြောဆိုရာ၌၎င်း၊ အမေဟူသော ဝေါဟာရကို မဏ္ဍိုင်ပြုကာ ဆက်ဆံလာမှုမျိုးလည်း ရှိသည်။

ဝေါဟာရအလဲအဖယ်အနေနှင့် မအေ၊ မေမေ၊ မိခင်၊ မွေးသမိခင်ဟူ၍ ပွားလာသည်ကိုလည်း တွေ့ရသည်။

မအေ။ ။မအေမှာ အမေကိုပင် အက္ခရာရှေ့နောက် ဖလှယ်၍ ရွတ်ဆိုထားခြင်းဖြစ်၏။

မိခင်။ ။မိခင်သည် မိနှင့်နှစ်သက်တွယ်တာသောခင်ကို ပေါင်းစပ်ခေါ်ခြင်းဖြစ်သည်။

မေမေ။ ။မေကို အသံသာသာ ပြေပြေပြစ်ပြစ် ဖြစ်စေရန် နှစ်ခါထပ်၍ ရွတ်သောအခါ မေမေဟုဖြစ်လာသည်။

မွေးသမိခင်။ ။မွေးမေမေ၊ မွေးမိခင်၊ မွေးသမိခင် စသည်တို့မှာ ချဲ့ထွင်သုံးစွဲလာသည့်စကားများဖြစ်သည်။ မိမိကို မွေးဖွားသောသူအဖြစ် အထူးပြုလိုသည့်သဘောကို ဆောင်သည်။ သောနှင့်သသည် အတူတူပင်ဖြစ်သည့်အလျောက် မွေးသောမိခင်ကို မွေးသမိခင်ဟုဆိုခြင်း ဖြစ်သည်။

နောင်သောအခါ မ၊ မိ၊ မေ၊ မယ် တို့သည် အမိကိုသာမက အမျိုးသမီးကို ညွှန်းသော မြန်မာအမျိုးသမီးများ၏ အမည် ရှေ့ဆက်စကားအဖြစ်ပါ ပြောင်းလဲဝင်ရောက်လာပေသည်။ ယင်းတို့အနက် မ နှင့် မိ အမည်ရှေ့ဆက်နှစ်မျိုးကို ပုဂံကျောက်စာများတွင် တွေ့ရသည်။ သို့သော် ပြောပလောက်အောင် တွင်ကျယ်ခြင်းကား ရှိခဲ့ပုံမရပေ။

---

1. Bilabial.

အမိကို ပုဂံခေတ် အစောဆုံးကျောက်စာဟု ပညာရှင်များ အမှတ်ပြုထားသော ပေါ်တော်မူဘုရားကျောက်စာ၌ စတင်တွေ့ရသည်။ ယင်းကျောက်စာတွင် အလှူရှင်က ဆုတောင်းပြုရာ၌–

"အမိအ် အဖအ်က စအ်သော သာမီနှာမအ် အမ္လျိုဝ်တစ်ကလေ ဖူန်ရ‌ဧ"

(ကြောင်းရေ ၁၃–၁၄)

ဟုဖော်ပြထားသည်။ ဤတွင် အမိအ် ကို အ အသတ် အပိုထည့်၍ သုံးခြင်းမှာ ဝ သံပေါက်စေချင်သည်ကို ပို၍သေချာအောင် ထည့်ခြင်းသော်ရင်း၊ စာအားဖြင့် အစောဆုံးတွေ့ရသည့်အသုံးဖြစ်သောကြောင့် ပေါင်းပုံ မတည်ငြိမ်သေး၍ ထည့်ခြင်းသော်ရင်း ဖြစ်တန်ရာပေသည်။ နှောင်းကျောက်စာများတွင်မူ–

၁။ မင် အမိ အဖ မျာသာသဗ္ဗသတ္တာ ငာ နှင့် ထပ်တူ ရပါစိယ်သတေ။ (၄၄၃၊ ပုံ ၁၁၀၊ ၁၆–၁၈)

၂။ အမိ မရိယ်ခဖူယ်သောကျောက်စာ (၅၂၇၊ ပုံ ၄၊ ၄)

စသည်ဖြင့် အ အသတ်မပါတော့ဘဲ တသမတ်တည်းသုံးသွားသည်ကို တွေ့ရသည်။

ငရသင်ကျောက်စာ(၅၀၇၊ ပုံ ၅၆ ခ) တွင် "နှောင်အမိ"ဟူသော အသုံးတခုကိုလည်း တွေ့ရသည်။ ဤသည်မှာ နှောင်းအမိ(ဝါ)မူလအမိရင်းထက် နောက်ကျသောအမိဟူသော အနက်သဘောကို ဆောင်၍ မိထွေးကိုပင် ဆိုလိုဟန်တူသည်။

အမိ အသုံးကား အင်းဝခေတ်တွင်–

အမိလည်းရ၊ နှမလည်းမှန်း၊

ခင်ပွန်းလည်းရ၊ ကျွန်ရာတည်၍ (ကိုးခန်းပျို့၊ ၁၆၈)

မိခင် – ဖခင်ကို ခွင့်လမ်းတောင်း၍၊ တပည့်သားတော်နှင့်တကွသော ဘုရားသခင်ကို ခုနစ်ရက်တိုင်အောင်လျှင် ဆွမ်းလုပ်ကျွေးဘူးသတည်း။ (ပါရာယနဝတ္ထု ၁၃၄–၁၃၅)

စသည်ဖြင့် ကဗျာလင်္ကာတွင်ရော စကားပြေတွင်ပါ တွင်တွင်ကျယ်ကျယ် သုံးနေပေပြီ။ မအေကို ကုန်းဘောင်ခေတ်အရောက်တွင် စာပေထဲ၌ တွေ့လာရသည်။ ပုံစံအားဖြင့်–

၁။ သားများ မအေ၊ မျိုးသက်ဝေသည် (ဝေဿန္တရာပျို့၊ ပုဒ်ရေ ၁၁၇)

၂။ မအေတစိ၊ ရှိ မရှိကို၊ မွေးမိသည်သာ၊ သိနိုင်ရာဟု၊ (မဟာဇနကပျို့၊ ပုဒ်ရေ ၁၈) ဟူ၍ရင်းတွင်းသင်းမင်းကြီးကိုယ်တိုင် မိမိ၏ပျို့များတွင် အသုံးပြုခဲ့သည်။

အမေကိုပင် ချစ်ခင်နှစ်လိုဘွယ်သဘောဖြင့် နောက်က "လေး"ဆက်၍ အမေလေးဟုလည်း သုံးကြသေးသည်။ ဤသည်နှင့်ပတ်သက်၍ ကုန်းဘောင်ခေတ်ပေါ် ကဗျာတခုတွင် အောက်ပါအတိုင်း တွေ့ရသည်။

အမေလေးကွယ် သူ မသနားလို့၊

ရွှေသားတဲ့ ထည့်လိုက်တယ်လေ၊

ဒီကရေကတိုးတယ်နှင့်၊ ယိုးဒယားပြေ။

သည်မိုးသည်လေတွေနှင့်၊ သေပစေ မွေးမေထဲ့တယ်။

လွမ်းပေါင်ကွဲ့လေး။

ထိုကဗျာတွင် အမေလေးကို မွေးမေနှင့်အလားတူ အသုံးပြုထားသည်။ ယင်းစကားကို အာမေဍိတ်အဖြစ် တမျိုးတနည်း အသုံးပြုလာသည့်အခါ အမေလေး၊ အမယ်လေး စသည်ဖြင့် အမိကို တသည့်စကားများဖြစ်လာသည်။ ဤနည်းဖြင့် အမိနှင့်စပ်သော အသုံးများသည် မျက်မှောက်ခေတ်သို့တိုင်အောင် ပွားပြန့်လာခဲ့သည်။

အမိအဖတို့၏ဝေါဟာရအနက် ကြံဆပြီးနောက် ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ သား၊ သမီး၊ မြေး၊ မြစ်၊ တီ၊ ကျွတ်တို့၏အနက်ကို ဆက်လက်ကြံဆသော် အောက်ပါအတိုင်း တွေ့ရသည်။

ပုဂံခေတ် အရေးအသားတွင် ဖ၊ ဖေ၊ ဖိုးဟူသော လေတင်းသံပါသည့်သံညှင်းတို့ကို တွင်တွင်ကျယ်ကျယ် သုံးခဲ့သည်။ ယင်းတို့သည် နောက်တွင် ပြောသံကိုလိုက်၍ ဘ၊ ဘေ၊ ဘိုးစသည်ဖြင့် ပြောင်းခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ ဘိုး၊ အဘိုးကိုလည်း ကျောက်စာများတွင် ဖဦးထုပ်ဖြင့် ပင် ရေးသည်ကို ဤသို့ တွေ့ရသည်။

၁။ ငမိယာ အမိအဖ အဖိယ်အဖိုဝ်အဆူယ်အမျိုဝ် (၅၄၁၊ ပုံ ၆၊ ၂၃)

၂။ ကြံသိုင်ကြီသမီသမန္တသူမျာအဖိုဝ်ကြီ  (၅၉၁၊ ပုံ ၈၃၊ ၃)

၃။ အဖိုဝ်ကလာသောကျွန်  (၅၉၇၊ ပုံ ၈၈၊ ၄)

၄။ ဖိုဝ်ငဲ ဝါပက် ၁  (၆၀၄၊ ပုံ ၁၄၆၊ ၉)

အဖ

အဖဟူသော ဝေါဟာရသည် နှုတ်ခမ်းဌာန်ဖြစ်ရှန်းပွင့်[1] ဗျည်း"ပ"ကို လေတင်းသံဖြင့် ရွတ်သော် ဖ ဖြစ်လာသည်။ ဖ တွင် အ ကို အဓလေ့၊ အကလေး စသည်တို့မှာကဲ့သို့ ဓလေ့သုံးအဖြစ် ရှေ့မှဆက်ပြီး အဖဟု ပြေပြစ်အောင် သုံးခဲ့ကြပုံရသည်။

ကလေးသူငယ် လူမမယ်တို့သည် စကားသင်ကြရာ၌ နှုတ်ခမ်းဗျည်းများဖြစ်သော ပ၊ ဖ၊ ဗ (ဘ)၊ မ၊ ဝ တို့ကို ဦးစွာ ရွတ်လေ့ရှိသည်။ အမိအဖရင်ခွင်၌နေပြီး နှုတ်ခမ်းချင်းထိပြီး ထွက်လာသော အသံတို့ဖြင့် ကိုယ့်မိကိုယ့်ဖတို့ကို အမှတ်ပြုရာမှ မ ဆိုလျှင် အမိ၊ ဖ ဆိုလျှင် အဖ ကို ညွှန်းသည့်စကားများ ဖြစ်လာရသည်။

အဖေနှင့် ကြီး ကို တွဲကာ ကြီးမြတ်သည့်အဖေ၊ ချစ်ခင်အားကိုးပြုလောက်သည့်အဖေဟူသောသဘောဖြင့် အဖေကြီးဟုလည်း သုံးတတ်ကြသည်။ ဖခင်ကို ညွှန်းသော ထို ဖ မှ ပွားလာသည့် ဖ၊ ဖိ၊ ဖေ၊ ဖိုး တို့သည် နောင်သောအခါ ဖခင်ကိုသာမက ယောကျာ်း(လိင်ဖို)ကို ညွှန်းသည့်စကားပါ ဖြစ်လာရပေသည်။

1. Bilabial Plosive.

မိဖကို အမိအဖဟု ဆိုရာ၌လည်း အဖရှေ့မှ အမိကို ထားသောကြောင့် မည်သည်ကြောင့် ရှေ့က ရှိနေပါလိမ့်ဟု အချို့က စိတ်ဝင်စားကြသည်။ စင်စစ် အသံပြေပြစ်မှုသဘောကိုလိုက်သော ကြောင့် ရှေ့က ထားပုံရသည်။ မိဖဟု ရှိနေသည်ကို ဖမိဟု ပြောင်းရွတ်ကြည့်လျှင် မိဖလောက် အဆင်မပြေပြစ်။ မိဖိ၊ အမိအဖိဟု အသံတူရွတ်လျှင်မူကား ပို၍ပင် နားကလောပေတော့သည်။ သို့ဖြစ်၍ မိဖဟူသော အစပ်အတိုင်း အမိအဖဟု ရွတ်သည်မှာ နှုတ်ခမ်းဗျည်း"မ"ကို ရှေ့က"အ" တွဲလျက် အနိမ့်သက်သံဖြင့် အမိဟု မတြာဝက် မတြာပြည့်ရွတ်ကာ နောက်မှ "အ"သရနှစ်လုံးကို မတြာဝက် မတြာပြည့်ဖြင့် အဖ ဟု လိုက်ခြင်းဖြင့် ပြေပြစ်လွယ်ကူစွာ ရွတ်နိုင်သောကြောင့်ဖြစ် သည်။

ဝေါဟာရအလဲအဖယ်အနေနှင့် အဖမှ အဖေ၊ ဖခင်၊ ဖအေ၊ ဖေဖေ၊ မွေးသဖခင်ဟူ၍ ပွားလာသည်ကို တွေ့နိုင်ပေသည်။

အဖေ။ ။အဖမှ အေ၊ အသရသံရင်းများကြောင့် အဖေသို့ ပြောင်းသွားသည်။

ဖအေ။ ။မအေမှာကဲ့သို့ပင် အဖေကို အက္ခရာရှေ့နောက် ဖလှယ်၍ ရွတ်ထားခြင်းဖြစ်သည်။

ဖေဖေ။ ။ဖေကို ထပ်ဆင့်သုံးကာ ဖေဖေဟု ယဉ်ကျေးနှစ်သက်စဖွယ်သုံးခြင်းဖြစ်သည်။ အဓိပ္ပါယ် လေးနက်၍ အရွတ်ရလည်း ပြေသည်။

ဖခင်။ ။အဖဟုဆိုအပ်သော ဖကိုပင် ချစ်ခင်နှစ်သက်စရာအဖြစ် ခင်နှင့်တွဲစပ်လိုက်ခြင်းဖြစ် သည်။ ချစ်ခင်နှစ်သက်အပ်သောအဖဟု အဓိပ္ပါယ်ရသည်။

မွေးသဖခင်။ ။ကိုယ်တိုင်ဝမ်းနှင့်လွယ်၍ မမွေးရသော်လည်း ကရိကထခံကာ ပြုစုစောင့် ရှောက်လုပ်ကျွေးမွေးမြူသူအဖြစ် ဖခင်ကိုလည်း မွေးသောဖခင်၊ မွေးသဖခင်ဟု တင်စားသုံး ခြင်းဖြစ်သည်။

ပုဂံကျောက်စာများတွင် တွေ့ရသော အဖနှင့်စပ်သည့်အထောက်အထားများကို ရှေး အကျဆုံးဖြစ်သည့်ပေါ်တော်မူဘုရားကျောက်စာမှစ၍ အစဉ်အဆက် အသုံးခပ်များများ တွေ့ ရသည်။

အင်းဝခေတ်သို့ အရောက်တွင်ကား မောင့်ဘ(ကိုးခန်းပျို့ ၂၃)၊ ဘဘွား (ပါရမီတော် ခန်းပျို့၊ ၅၀)၊ အဘ(ပါရမီတော်ခန်းပျို့၊ ၅၃)၊ ဖအဲ(ပါရမီတော်ခန်းပျို့၊ ၅၄–၅၆)၊ ဘအေ(ပါ ရမီတော်ခန်းပျို့၊ ၂၅)၊ မိဘ(ဘုံခန်းပျို့၊ ၇)စသည်ဖြင့် စေ့စုံအောင် အသုံးပြုနေပေပြီ။ ထိုခေတ် အတွင်း ထူးထူးခြားခြား အသုံးပြုခဲ့သည့်ဝေါဟာရကား ဖအဲဖြစ်သည်။ ဖအဲကို အရှိအသေအ ရှင်သခင်[၁]ဟု နှောင်းခေတ်များတွင် ဖွင့်ဆိုကြသည်။ ယင်း၏ အလိုသော်"ဖ"နှင့်"အယျ"ပုဒ် သက် အဲ တို့ပေါင်းစပ်ထားခြင်းဟု ယူနိုင်ပေမည်။ စင်စစ် ဖအဲသည် ဖမှ ပွားလာသောဝေါဟာရ တခုသာဖြစ်တန်ရာသည်။ အမေ၊ အမယ်ဟု သုံးသကဲ့သို့ ဖအေ၊ ဖအယ်(ဖအဲ)ဟု သုံးရာမှ ဖအဲးဟု

၁။ ဝေါဟာရတ္ထပကာသနီ၊ အမှတ် ၇၄။
ပေါရာဏကထဒီပကနိဿနှင့်သတ်ထူးကဗျာနှင့်အတိုကောက်၊ စာ ၄၀။
သတ်ပုံအဘိဓာန်မိတ်လင်စုံ၊ စာ ၄၇၇၊ အောက်ခြေမှတ်ချက် ၅။

ဖြစ်လာပုံရသည်။ ဤအပြောင်းအလဲမှာ နီးကပ်သောသရသံရင်း အလဲအဖယ်နှင့်သုံးခြင်းမျှသာ ဖြစ်၏။ အေမှ အယ်(အဲ)သို့ပြောင်းခြင်းသည် တဝက်ပိတ်သရမှ တဝက်ပွင့် သရသို့ ပြောင်းခြင်း ဖြစ်သည်။ ထိုကမှ သံပြေအယ်(အဲ)ကို အမြင့်တက်သံဖြင့် ရွတ်သောကြောင့် အဲးဟု ဖြစ်လာခြင်း ဖြစ်ပေသည်။

နောက်တွင် အဖနှင့်ဆိုင်သော ပရိယာယ်အခေါ်များကို အကြီးအကဲ၊ အကြီးအချုပ်၊ အဖေကဲ့သို့ ချစ်ခင်မြတ်နိုးအပ်သူစသောအနက်တို့ဖြင့် တိုးချဲ့အသုံးပြုလာသည့်အလျောက် ဆုတောင်းခန်းပျို့၌ "ပြည်ကြီးဘအေ၊ လူများဆွေ"ဟူ၍ရင်း၊ ကိုးခန်းပျို့၌"ဟတ္ထိပါလ၊ ငါ့မွေးဘ" ဟူ၍ရင်း၊ ရေသည်ပြဇာတ်၌ "ခေါင်းမွေးစုတ်တဲ့၊ ကျုပ်ဖအေငယ်"ဟူ၍ရင်း တွေ့မြင်လာရပေသည်။ သွေးသားမတော်စပ်သူတဦးနှင့်တဦးပြောဆိုဆက်ဆံရာတွင်ကား အဖေအရွယ် ဘကြီးအရွယ်ကို အဘဟုခေါ်ဆိုတတ်ကြသော်လည်း အဖေ၊ ဖေဖေဟုကား မခေါ်သလောက်ပင်ဖြစ်၏။

ဖိုး၊ အဖိုး

ဤတွင် ဖိုး၊ အဖိုး(အဘိုး)၏အနက်ကို တင်ပြရန် လိုလာပါသည်။ ဆရာကြီးဦးဖိုးလတ်ကမူ သူ၏မြန်မာစကားအဖွင့်ကျမ်း ဒုတိယတွဲ၌ ပိုပါ၊ ဗိုလ်ပါဟူသည်မှာကဲ့သို့ပင် ပို၊ ဖို၊ ဖိုးတို့သည် ခေါင်၊ အကြီးအမှူးကို ဟောသည်။ အမိအဖတို့ထက်ပင် ကြီးသေး၍ အမိ၊ အဖတို့အပေါ်၌ ကြီးမှူးသူဖြစ်သဖြင့် ကြီးမား၊ ကြီးမှူးဟု မူလအနက်ရှိသည်ဟု ဆိုသည်။

စင်စစ် ဆွေမျိုးစပ်ဝေါဟာရများ၏မူလအနက်ကို စဉ်းစားရာတွင် အရင်းအမြစ်ကစ၍ အဆက်အစပ်နှင့်စဉ်းစားရန်လိုပေသည်။ အထက်ဆွေမျိုးခုနစ်ဆက်တွင် ပထမအဆက်ဖြစ်သော ဖ၊ မိတို့ကို မူလက တစုံတရာသောအနက်ဖြင့် ကြံဆ၍ ကလေးတို့က ခေါ်ခဲ့ကြသည်မဟုတ်။ ကလေးသူငယ် လူမမယ်တို့ သဘာဝအရ ရှေးဦးရှေးဖျား ရွတ်ဆိုလာသောနှုတ်ခမ်းဗျည်းနှင့်သရသံများပေါင်းစပ်ရာမှ အခေါ်ပညတ်များ ဖြစ်ပေါ်လာခြင်းသာ ဖြစ်သည်။

ဒုတိယအဆက်ဖြစ်သော ဖိုး၊ ဖွားတို့မှာမူ ဖ၊ မိ ပြီးလျှင် နီးနီးကပ်ကပ် ရှိနေသေးသည်။ ထိုမှရှေ့တက်သွားမှသာ အလှမ်းဝေးကွာသွားပြန်ခြင်းဖြစ်သည်။ သို့ဖြစ်၍ နီးနီးကပ်ကပ်ရှိနေသေးသော ဖိုး၊ ဖွားများ၊ သားအချစ်၊ မြေးအနှစ်ဟု ခံယူတတ်ကြသော ဖိုး၊ ဖွားများကို မည်သို့သောအနက်အဓိပ္ပါယ်ဖြင့် ကြံဆ၍ခေါ်မည်နည်း။ အဖိုးထိုက် အဖိုးတန်များဖြစ်၍ ချစ်နှစ်လိုအပ်သူအဖြစ်နှင့်သာ ခေါ်ဆိုကြပေသည်။

ဤတွင် ပုဂံခေတ်သုံးဝေါဟာရတို့အနက် တန်ဖိုးကို ဖိုး၊ အဖိုးကဲ့သို့ပင် "ငပုတတ်ရောင်ရှယ်ဝယ်သော အဖိုဝ် ငုယ် ၁၀၀" (၆၁၇၊ ပုံ ၁၈၆၊ ၆)စသည်ဖြင့် သုံးခဲ့သည်ကိုရင်း၊ ဖိုးနှင့်ဖွားကို အထူးချစ်ခင်နှစ်သက်အပ်သည့်အဓိပ္ပါယ်ဖြင့် ကျား၊ မ အမည်များမှည့်ခေါ်ရာတွင် အစဉ်အဆက်အသုံးပြုခဲ့ကြသည်ကိုရင်း ဆင်ခြင်ရန် လိုပေသည်။

ဖိုးလေး၊ ဘိုးလေးကား အဖိုးငယ်နှင့်အလားတူပင် ဖြစ်သည်။ အဖိုးအကြီး၊ အငယ်ကို ခွဲခြားခေါ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ပုဂံခေတ်တွင် အဖိုးငယ်ကိုရော အဖိုးကြီးကိုပါ တွေ့ကြရပေသည်။

ဖိုးအေ(ဘိုးအေ)၊ ဖွားအေ(ဘွားအေ)ဟု ဖိုး၊ ဖွားကို နောက်မှ အေ တွဲသုံးခြင်းမှာမူ မအေ၊ ဖအေတို့မှ အေကို ယူသုံးခြင်းသာ ဖြစ်ပါသည်။ (အဖေ၊ အမေလည်းရှု)

အဖွား၊ ဘွားကြီး၊ ဘွားမ

နှောင်းခေတ်သုံး ဘွား၊ အဘွား၊ ဘွားကြီးစသည်တို့ကို ပုဂံခေတ်က (မြေးတို့က)အထူး ချစ်ခင်အပ်သူအဖြစ် ဖွာ(း)၊ ဓလေ့သုံး“အ”ကို ရှေ့မှဆက်ကာ အဖွာ(း)၊ အမျိုးသမီးကို အမိသဖွယ်ဖြစ်သည်ဟုလည်း ဆိုနိုင်သည့်“မိ”ကို ရှေ့မှပင်ဆက်ကာ မိဖွာ(း)၊ အမိဖွာ(း)၊ အဖွားရင်းဟူသည်ကို အထူးပြုလိုသောကြောင့် ဖွာ(း)ရင်(း)စသည်ဖြင့် အမျိုးမျိုးသုံးခဲ့ကြသည်။ အောက်ပါ သာဓကအချို့ကို ရှုပါ။

၁။ မင်မတ်နဂါပိုရ်မိဖွာ (၆၀၁၊ ပုံ ၈၄၊ ၃)
၂။ အတိုင်သွိင်ဖွာကြွိမ္ဘိယ်စိုဝ်မင် (၆၀၄၊ ပုံ ၁၄၈ ခ၊ ၁ – ၂)
၃။ သတျာ အဖွာ ကွောင် (၆၀၆၊ ပုံ ၁၅၃ က၊ ၂၀–၂၁)
၄။ အမိဖွာမိန်ႏ (၆၀၁၊ ပုံ ၁၇၅၊ ၁၃–၁၄)
၅။ ဖုန် သယ်ဖွာကိုဝ်ဝယ်သော (၆၀၁၊ ပုံ ၁၇၅၊ ၅)
၆။ သွိင်ဖွာရင်နှင်လှိယ်တဝ်ယှန်
ရှယ်အဖွာ မဟာဒါန်မူစလင် (၆၂၇၊ ပုံ ၂၃၄၊ ၂၀)

ဖွား၏မူလအနက်နှင့်ပတ်သက်၍ ဆရာကြီးဦးဖိုးလတ်က မြန်မာစကားအဖွင့်ကျမ်း ဒုတိယတွဲ၌ ဤသို့ဆိုပါသည်။

မောင်ဖား၊ ကြောင်ဖားဆိုသည်တို့တွင် ဖားပုဒ်မှာ ပ၊ ပါ ပုဒ်သက်ဟူ၍ရင်း၊ ဖ၊ ဖာပုဒ်သက်ဟူ၍ရင်း ယူသင့်ကြောင်းဆိုခဲ့ပြီ။ ကိုယ်လုံးကိုယ်ထည်ကြီးမားသောအကောင် ဖားပုဒ်သည်လည်း ယင်းတို့တွင် အကြုံးဝင်သည်ထင်ဖွယ်ရှိသည်။ ယခုခေတ်တွင် မောင်ဖားကို မောင်ဖွား၊ မိဖမောင်ဖွားဟူ၍လည်း အချို့ရေးဆိုကြသေးသည်။ ထို့ကြောင့် ဤမောင်ဖား ကြောင်ဖားဆိုသည်တို့တွင် ဖားပုဒ်မှ ဖိုးဖွားဆိုသည်တွင် **ဖွား** ပုဒ်သို့ သက်ခဲ့သည်ဟု ယူရာ၏။ ဤသို့ယူသော် ဖိုးဖွားတွင် ဖွား၏အနက် အကြီး၊ အမျုးဟုပေါ်ထွက်ရာ အဖွားသည်လည်း အမိ၊ အဖတို့ထက်ကြီးမားသူ၊ အမိအဖတို့အပေါ်၌ ကြီးမှူးသူဖြစ်ခြင်းနှင့်ဆီလျော်ညီညွတ်သည်ဆိုရာသတည်း။

ဖြစ်ရန်ရှိသည်မှာ ဖားနှင့်အလားတူပုဒ်ဖြစ်သော လျှာနောက်ပိုင်းသရ ဖာကို အပွင့်သရမှ လျှာ၏အမြင့်ဆုံး အူ သရသို့ရောက်အောင် ရွတ်ဆိုခြင်းဖြင့် ဖွာ သရရှေ့ဖြစ်လာနိုင်ပေသည်။ ယင်းကို အမြင့်သက်သံဖြင့် ရွတ်ပြန်သည့်အခါ ဖွား ဖြစ်လာရပေသည်။ ဖိုးကို အဖိုးထိုက် အဖိုး

တန်ဖြစ်၍ ချစ်ခင်နှစ်လိုအပ်သူအဖြစ် ခေါ်သကဲ့သို့ အဖွားဖြစ်သူကိုလည်း ထိုသဘောမျိုးဖြင့် ခေါ်ခြင်းဖြစ်ပေမည်။ ထို့ကြောင့်ပင် ရှေးက မိန်းကလေးများ အမည်မှည့်သည့်အခါ ဖွားဆင့်၊ ဖွားသစ်၊ ဖွားရင်စသည်ဖြင့် အစဉ်အဆက် ချစ်စနိုးမှည့်ခဲ့ကြပေသည်။ ဤသည်တို့မှာ အထူးချစ်ခင်နှစ်သက်အပ်သူဟူသော ဖွား၏မူလအနက်ကို သက်သေပြုနေပေသည်။

ဖွား(ဘွား)ကိုပင် မအေ၊ ဖအေတို့မှ အေ ကို ယူတွဲကာ နှစ်လိုဘွယ်ခေါ်ဝေါ်ခြင်းဖြင့် ဖွားအေဖြစ်လာပြန်သည်။ ကြီးမြတ်ဟော ကြီးနှင့်တွဲစပ်ပြန်သည့်အခါ ဖွားကြီး၊ သေးသေးငယ်ငယ် နှစ်လိုဘွယ်ဟော (က)လေးနှင့်တွဲခေါ်ပြန်သည့်အခါ ဖွားလေး၊ ကြီးမားဟော မနှင့်ပေါင်းစပ်ခေါ်ပြန်သည့်အခါ ဖွားမ(ဘွားမ)စသည်ဖြင့် အသွယ်သွယ်အဝဝ ခေါ်ဝေါ်သုံးစွဲခဲ့ကြပေသည်။

ဘေး၊ အဘေး

ဘေး၊ အဘေးဟု ဆိုရာတွင်လည်း အမြစ်အရင်းသည် ဖေး၊ အဖေးပင်ဖြစ်သည်။

ဘေးသည် အထက်ဆွေခုနစ်ဆက်တွင် တတိယမြောက် အဆက်ဖြစ်သည်။ အဖိုးအဖွားတို့၏ဖခင်ကို ခေါ်သော ဝေါဟာရဖြစ်သည်။ ဖီ(ဘီ)၊ အဖီ(အဘီ)နှင့်ဖေး(ဘေး)သည် အသုံးပညတ်သာ ကွာသော်လည်း အနက်အားဖြင့် အတူတူပင်ဖြစ်သည်။ မျက်မှောက်အခြေအနေနှင့် စာပါက ဆွေမျိုးဆက်အလှမ်းကွာသွားပြီး ဘေးဘီသို့ရောက်သွားပြီဟုဆိုလိုသည်။ ပုဂံကျောက်စာများတွင်မူ–

၁။ အဖိယ်အိုတိုဝ် (၅၅၀၊ ပုံ ၁၃၊ ၉)

၂။ ဆာရာ အဖဝ်အဖိယ် အမိအာဖ (၅၆၃၊ ပုံ ၂၃၊ ၈–၉) စသည်ဖြင့် ရေးသည်။ ပုဂံခေတ်သုံး ဖိယ်သည် ဖေးနှင့်အလားတူဖြစ်သည်။ သံညှင်း ဖေး မှတဖန် သံပြင်း ဘေး သို့ပြောင်းရွှတ်လာကြခြင်းဖြစ်သည်။ အင်းဝခေတ်အရောက်တွင်–

နတ်မာဃမူ၊ ထင်းစပြင်ကွေး၊ လူ့ဘေး နတ်ဘ၊
မိုးမှုပြဟ္မာ၊ ထီးဝန်းကာလျက်၊ (ပါရမီတော်ခန်းပျို့၊ ၁၁)
ကမ္ဘာရှည်ဝေး၊ ပြဟ္မာမွေးသား၊ တို့ဘေး တို့ဘ၊
တို့ဆွေမျိုးက၊ (ငရဲခန်းပျို့၊ ၂)

စသည်ဖြင့် သံပြင်း ဘကုန်းများဖြင့် ပြောင်း၍ သုံးနေကြပေပြီ။

ပါရမီတော်ခန်းပျို့တွင် "လူ့ဘေး နတ်ဘ"ဟု ရှင်မဟာသီလဝံသရေးစပ်ခဲ့သည်နှင့်စပ်လျဉ်း၍လည်း အချို့က လူ့ဘိုးဟု ဆိုချင်လျက် ရှေ့က ကွေးကိုလိုက်၍ ဘေးစပ်သည်ဟုဆိုသည်။ အချို့ကလည်း ဘ၊ ဘိုး၊ ဘေး ဆွေမျိုးအစီအစဉ် နေရာကျအောင် မသုံးတတ်၊ နတ်ကို လူ၏ဘဟုစပ်လျှင် နတ်အထက်က ပြဟ္မာကို လူ၏ဘိုးသာ စပ်ရမည်ဟု အပြစ်တင်ကြသည်။

စင်စစ် စာဆိုရှင်မဟာသီလဝံသသည် အဖ၊ အဖိုး၊ အဘေးဟူ၍ ဝါဒကွဲ လုံးဝမရှိသော ဆွေစဉ်သုံးဆက်ကို မည်သည့်နည်းနှင့်မျှ မသိနိုင်စရာမရှိပေ။ ကဗျာလင်္ကာစပ်ဆိုမှုဖြစ်၍ အစီအ

စဉ်အတိုင်း ဖြစ်ရမည်ဟု ဆိုနိုင်ရန် ခက်ပေသည်။ နတ်ရှုထောင့်မှ အဖ အနေမျိုးဆိုရလောက်အောင်ဖြစ်သော်လည်း လူ၏ရှုထောင့်မှကြည့်ပါက ဖြဟ္မာသည် လူ့ဘေးလောက် အဆင့်မြင့်နေသည်။ လူနှင့်ပိုကွာလှမ်းနေသည်ဟူသော သဘောကို အထူးပြုဖေါ်ပြလိုသောကြောင့် ရေးစပ်ခဲ့ခြင်း ဖြစ်ဟန်တူပေသည်။

ထို့ကြောင့်လည်း ဘေး ဘီ တို့သည် အလှမ်းကွာသွားသည့်ဆွေဆက်ကို ဖေါ်ပြလိုသည့် သဘောဖြင့် သုံးခြင်းဖြစ်ရန်ရှိကြောင်း တင်ပြခဲ့ခြင်းဖြစ်ပေသည်။

ဘီ၊ အဘီ

အထက်ဆွေမျိုးခုနစ်ဆက်တွင် စတုတ္ထမြောက်အဆက်ကို ဘီ၊ အဘီဟုခေါ်သည်။ အဘွဲ့၊ အဖောဟူသော ဝါဒကွဲ၊ အခေါ်ကွဲလည်း ရှိသည်။ (ဆွေခုနစ်ဆက်ဇယား)၌ မိမိမိခင်၊ ဖခင်တို့၏အဖေကို အဖိုး၊ အဖိုးအဖွား၏အဖေကို အဖေး(အဘေး)၊ အဖေး၏အဖေကို အဖီ(အဘီ)ဟုခေါ်သည်။ ယင်းဝေါဟာရများသည် မွေးသဖခင်ကို ခေါ်သောဖမှ သရသံရင်း ပွားလာသည့် ဝေါဟာရများပင် ဖြစ်သည်။

ဘီ၏စကားရင်းကား ဖီ ပင်ဖြစ်သည်။ မြန်မာ့ဆွေမျိုးစဉ်ဆက်များတွင် အဖိုး၏အထက်ဆွေမျိုးတို့ကား စင်စစ် အလှမ်းဝေးကွာ၍ ကျန်ခဲ့သည်သာဖြစ်သည်။ သို့ဖြစ်၍ မျက်မှောက်အခြေအနေနှင့်စာသော် အလှမ်းကွာသွားပြီ။ ဘေး၊ ဘီသို့ရောက်သွားပြီ။ အတောင်အဖီ၊ အိမ်အဖီ၊ တောင်ယံအဖီစသည်တို့မှာကဲ့သို့ နံပါးနံတောင်းအရပ်၌တည်သည်၊ အခက်အလက်အရံအကာဖြစ်ထိုက်သည်ဟူသည့်သဘောဖြင့် ခေါ်ဝေါ်ခဲ့ဟန်တူသည်။

ဖီ၊ ဘီကိုပင် ဓလေ့သုံးအနေဖြင့် ပြေပြစ်အောင် အရှေ့က အ–တွဲ၍ သုံးရာမှ အဖီ၊ အဘီဟု ဖြစ်လာပေသည်။

ဘင်

အထက်ဆွေမျိုးခုနစ်ဆက်တွင် ပဉ္စမမြောက်ဆွေမျိုးဆက်ကို ဖင်၊ ဘင်ဟုခေါ်သည်။ ထိုဆွေမျိုးဆက်တွင် ဘွေး၊ အဘွေး၊ အဘဲး၊ ဘင်၊ အဖီ ဟုအခေါ်ကွဲများ ရှိနေပေပြီ။ ဖခင်ဟောဖ ဗျည်းသံရင်းမှ အေး၊ အဲး၊ အင်၊ အော၊ အော်ဟူသည့်သရသံရင်းများ ပွားထွက်လာသဖြင့် ဖိုး၊ ဖေး၊ ဖီ၊ ဖင်(ဘင်)ဖြစ်လာခြင်း ဖြစ်သည်။

သား

အောက်ဆွေခုနစ်ဆက်တွင် သားနှင့်သမီးသည် ပထမဆက်ဖြစ်သည်။ သားဟူသော အရေးအသားကို သမီးကဲ့သို့ပင် ပုဂံကျောက်စာများ၌ အများအပြားတွေ့နိုင်သည်။ အရေးမှာလည်း သဟ်၊ သာ ဟူ၍သာတွေ့ရတတ်ပေရာ ဟ သတ်ထည့်ခြင်းမှာ ရှေ့ဆီး မသုံးသေးသောခေတ်ဖြစ်

၍ အမြင့်သက်သံဖြင့် ရွတ်စေလိုသောကြောင့် ထည့်ခြင်းဖြစ်ပုံရသည်။

သားသည် တိဗက်မြန်မာစကား စစ်စစ်ဖြစ်၍ အနက်ရင်းမှာ ငယ်ရွယ်သူ၊ အသေးအသားဖြစ်၍ ရင်သွေးဖြစ်က ကျားမ မဟူ သားပင်ခေါ်ခဲ့ကြသည်။ လောကထိပ်ပန်မင်စာ၊ ဝေဿန္တရာဇာတ်တခု၌ပင် ဝေဿန္တရာမင်းကြီး၏ သားတော် ဇာလီနှင့်ကဏှာဇိန်တို့ကို

၁။ မိယာ မဒ္ဒီ သာနှစ်ယောက် ယူရှုံ့။

၂။ မယာ မဒ္ဒီကာ သာနှစ်ယောက်နှင့်နိယျော။

စသည်ဖြင့် ရှစ်ကြိမ်တိုင်တိုင် အသုံးပြုထားသည်ကိုရင်း၊ သင်းကြီးအဘိနန္ဒသူကျောက်စာ၌ မိမိ၊ မိမိမယားနှင့်သမီးကြီး သမီးငယ်တို့ကို ဘုရားလှူသည်ကို

ကိုင်မီယာ သာနှစ်ယောက် အာပေါင် ၄ ယောက် (၁၄-၁၅)

ဟု ရေးထိုးခဲ့သည်ကိုရင်း၊ ထောက်ထားသောအားဖြင့် သားကို လိင်မခွဲခြားဘဲ ငယ်ရွယ်သူအဖြစ်နှင့်လည်း ဆက်လက်အသုံးပြုနေသေးကြောင်း သိရသည်။ ထို့ပြင် အောက်ပါသာဓကတို့ကို ထောက်၍ ကုန်းဘောင်ခေတ်သို့တိုင်အောင် သားကို ငယ်ရွယ်သူရင်သွေး၊ ရင်သွေးငယ်အနက်ဖြင့် ရံဖန်ရံခါ သုံးတတ်သေးကြောင်း သိမြင်သာပေသည်။

၁။ သားမွန်နှစ်ယောက်၊ ဖြစ်မြောက်တုံပြီး။[၁] (ဘူရိဒတ်လင်္ကာကြီး၊ ၅၁)

၂။ ကျူးကာရင့်ခေါ်၊ သားကို ဖျော်သည်၊ နားတော်တည့်ငြိမ့်လေး၊ အိပ်ပျော်ဆေး။ (ရခိုင်မင်းသမီးချောင်း၊ ၅)

၃။ သား နှစ်ယောက်မယ်၊ နုနယ်ပျိုမျစ်၊ ချွေးမချစ်ကို (ဝေဿန္တရာပျို့၊ ၅၆)

သို့အားဖြင့် ကာလကြာမြင့်လာသည့်အလျောက် သား၏မူလအနက်သဘောကို စောကြောမိသူနည်းလာကာ ကျောင်းသားဆိုလျှင် ယောကျ်ားကလေးနှင့်သာဆိုင်လေဟန်၊ စစ်သားဆိုပြန်ကလည်း အမျိုးသမီးစစ်သည် မပါဝင်လေဟန် ထင်မှတ်လာကြသည်။ ကျောင်းသားဆိုလျှင် လိင်ဖို၊ ကျောင်းသူမှ လိင်မ၊ စစ်သားဆိုလျှင် လိင်ဖို၊ စစ်သမီးဆိုမှ လိင်မဟု သတ်မှတ်သုံးစွဲလာကြသည်။

## သမီး

သမီးသည် မိခင် ဖခင်နှစ်ပါးမှ မွေးဖွားလာသော ရင်သွေးမိန်းကလေးကို ခေါ်သည်။ ပုဂံကျောက်စာများတွင် သမီးဟူသောဝေါဟာရကို သာမိ၊ သာမီ၊ သမိ၊ သမီ၊ သ္မီ၊ သမိယ်၊ သ္မီဟ်ဟူ၍ အမျိုးမျိုးရေးသည်။ သို့သော်လည်း ပြောပလောက်သောခြားနားမှု မဟုတ်ပေ။ ကျောက်စာတချပ်တည်း၌ပင် တခါတရံ အီသရနှင့်အိသရ သင့်သလို သုံးနေသည့်သဘော၊ အမြင့်တက်သံဖြင့် ရွတ်စေလိုသည့်အလျောက် ဟသတ်ထည့်ရေးသည့်သဘောမျှလောက်သာ ဖြစ်သည်။

သမီးကို ပုဂံခေတ်က **သာဟ်မိ** (သို့မဟုတ်) **သာမိ** ဟုရေးပုံမျိုးအတွေ့ရနည်းသော်လည်း

၁။ သာဂရနှင့်သမုဒ္ဒဇာတို့ မောင်နှမနှစ်ယောက်ကို ဆိုခြင်းဖြစ်သည်။

စင်စစ် သမီးသည် သားနှင့်မိ ပေါင်းစပ်ခေါ်ဝေါ်ထားခြင်းပင် ဖြစ်သည်။

လင်နှင့်မယားမှ မွေးဖွားလာသူကို ကျား၊ မ မရွေး ငယ်ရွယ်သူရင်သွေးများအဖြစ် သားဟု ဦးစွာ မှည့်ခေါ်ခဲ့ကြပုံကို အထက်တွင် ပြခဲ့ပါပြီ။ သည့်နောက်တွင်မှ လိင်ဖို လိင်မ ခွဲခြားပြလိုသည့်အလျောက် အမဟော မိနှင့်ပေါင်းစပ်ကာ ရင်သွေးမိန်းကလေးကို သားမိဟု ခေါ်ခဲ့ခြင်းဖြစ်ပေသည်။

သို့သော် သားမိဟုဆိုရာ၌ ရှေ့သံကို မတြာပြည့်အမြင့်တက်သံဖြင့်၎င်း၊ နောက်သံကို မတြာပြည့် အနိမ့်သက်သံဖြင့်၎င်း၊ ရွတ်ဆိုခြင်းထက် သမီးဟု မတြာဝက် မတြာပြည့်ဖြင့် နောက်သံကို အမြင့်တက်သံသို့ ပြောင်း၍ရွတ်ရသည်က ပိုမိုလွယ်ကူပြေပြစ်ရာ၊ သမီးဟု ရွတ်လည်း ရွတ်၊ ရေးလည်း ရေးလာရသည်ဟု ထင်မြင်ပေသည်။

သားနှင့်သမီးတို့မှ ဆွယ်ပွား၍ မွေးစားသမီး၊ မွေးစားသားဟူသောဝေါဟာရလည်း ရှိသေးသည်။

## မွေးစားသမီး၊ မွေးစားသား၊ ကိတ္တိမ

စားသည် လိုက်စား၊ လေးစား၊ ဖမ်းစား စသည်တို့မှာကဲ့သို့ အထူး၊ အထူးတလည်ဟူသည့်အဓိပ္ပါယ်ရသည်။ မွေးစားမှာ အထူးမွေးမြူရသည်ဟု ဆိုလိုရင်းပင်ဖြစ်သည်။ မိမိဝမ်းနှင့်လွယ်မမွေးရသော်လည်း သားရင်း၊ သမီးရင်းနှင့်မခြား အထူးမွေးမြူပျိုးထောင်ပေးရသူကို မွေးစားသမီး၊ မွေးစားသားဟု ခေါ်သည် မွေးစားသား၊ မွေးစားသမီးကိုပင် ကိတ္တိမသား၊ ကိတ္တိမသမီးဟု ခေါ်ကြသေးသည်။

ကိတ္တိမမှာမူ ပါဠိစကားဖြစ်သည်။ ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်တွင် ကိတ္တိမကို ဤသို့ဖွင့်ပြထားသည်။

ကိတ္တိမ – ၁၊ လူသိလူထင် ကောင်းမွေခံ ဆိုးမွေခံ မွေးစားသော သားသမီး။

"ဘုရင်ဝိဒေဟရာဇ်မင်းကြီး၏ ကိတ္တိမသားဖြစ်သော" စာဏကျ၊ ပ ၁၄။

၂၊ (ဓမ္မသတ်) မယားဟောင်း လင်ဟောင်း၏ သား။

"လင်ဟောင်း မယားဟောင်းသားကို ကိတ္တိမဟုဆိုသည်။" အမွေ၊ ပ၊ ၃၀။

(ပါ ကိတ္တိမ။) (စာ ၁၉)

သို့ဖြစ်၍ နောက်က သား၊ သမီး မတွဲပါဘဲလျက် ကိတ္တိမသည် မွေးစားသားသမီးကိုဆိုကြောင်း နားလည်နိုင်သည်။ သို့သော်လည်း ကျားနှင့်မကို အတိအကျ ဖေါ်ပြလိုလာသည့်အလျောက် မွေးစားသားကို ကိတ္တိမသား၊ မွေးစားသမီးကို ကိတ္တိမသမီးဟု သုံးတတ်ကြပေသည်။

## မြေး

မြေး၏ အနက်ကို ဆိုသော် မြောက်နှင့်မြှောက်၊ မြင့်နှင့်မြှင့်၊ မြုပ်နှင့်မြှုပ်မှာကဲ့သို့ပင် မြေး

သည် မြေးနေ ရှက်တွယ်နေသည့်အရာကို ဆိုပေသည်။ သားသမီးက မွေးဖွားလာသူကို မြေးဟု ခေါ်ဝေါ်ပညတ်ခဲ့ကြခြင်းမှာလည်း အချစ်မေတ္တာစာတ်များ ရှက်တွယ်လာရသူ၊ ဆွေမျိုးအနွယ် အဆက်ကို ထပ်မံရှက်တွယ်လာရသူဖြစ်ခြင်းကြောင့် မြေးဟု ခေါ်ခဲ့ကြပုံရပေသည်။

မြေးကို လိင်ဖို၊ လိင်မ အတိအကျ ပြောဆိုလိုသည့်အခါတွင်မူ ယောကျ်ား မိန်းမတို့ နောက်ကတွဲကာ မြေးယောကျ်ား၊ မြေးမိန်းမဟု ခွဲခြားပြောဆိုတတ်သည်။ မြေးထီး၊ မြေးမဟု လည်း အချို့က ဆိုကြသည်။

အောက်ပါ ပုဂံခေတ်အရေးတို့ကို ကြည့်လျှင် မြေးကို မ္ဘိယ်ဟု တညီတည်းရေးကြောင်း တွေ့ရသည်။ မ ကို လ ဆွဲသော အရေးအသားသည် အရေးပုံသဏ္ဍာန်အားဖြင့် ရ ရစ်သို့ ပြောင်း လာသည့်အလျောက် မ္ဘိယ်ကို မြေးဟု ပြောင်းရေးခဲ့ကြခြင်းဖြစ်သည်။

၁။ အမိအဖအဆုယ်အမ္လျိုဝ် သာမ္ဘိယ်ခပ်သိမ် (၆၀၁၊ ပုံ ၇၄၊ ၉)

၂။ ဝာလင်သ္ခိင်မင်ကြီ၊ ဝာသာမင်ကြီ၊ ဝာမ္ဘိယ်မင်ကြီ (၆၃၃၊ ပုံ ၂၃၅၊ ၁၀–၁၁)

ဟူသည်တို့ ဖြစ်ကြသည်။

မြစ်

အဖိုဝ်ကြီ သင်ကြံမသူဇော် မဟာတန်လယ်ကို သင်ကြမ္မသူ အတည်
မယ်သူ့ဖွခရကာ ငရောက်သင်မည်သော မ္ဘိယ်မ္လစ်သည် စာရစ်
ဇော်။ (၆၀၆၊ ပုံ ၁၆၂၊ ၃–၄)

စသည်ဖြင့် ပုဂံကျောက်စာတွင် ရေးထိုးထားသည်ကို တွေ့ရသည်။ မြစ်ဟု သီးသီးသန့်သန့်မသုံး ဘဲ မြေးမြစ်သုံးလိုက်ခြင်းမှာ မြေးအောက်အဖို့ အမြစ်တွယ်ရှက်လာသူဟု ဆိုလိုရိပ်ရှိပေသည်။ အောက်ဆွေခုနစ်ဆက်တွင် တတိယဆက်ဖြစ်သည်။

သားက မြေးရှက်တွယ်ကပ်လာသောကြောင့် မြေး၊ မြေးကတဖန် ဆွေစဉ်မျိုးဆက်အ မြစ်တွယ်ရှက်လာပြန်သည့်အလျောက် မြစ်ဟုခေါ်ခဲ့ကြပုံရပေသည်။

တီ၊ မျှော့၊ တွတ်

မြေး၊ မြစ်၊ တီ၊ မျှော့၊ တွတ်တို့သည် အမျိုးအနွယ်ကို တွယ်ဆက်ကာ အသွေးအသား ကို ခံယူပွားပြန့် ဆက်နွယ်ကြရသူများဟု တင်စားခေါ်ဝေါ်ခဲ့ဟန်တူသည်။

မိမိအောက်မှ ဆွေခုနစ်ဆက်တွင် လေးဆက်မြောက်ကို တီဟူ၍၎င်း၊ ငါးဆက်မြောက် ကို မျှော့ဟူ၍၎င်း၊ တွတ်ဟူ၍၎င်း ပြသည်။ မြန်မာတို့သည် အောက်ဆွေဆက်များကို အမည်မှည့် ခေါ်ရာတွင် မြေးကပ်တွယ်ရှက်သည့်သဘောကို ဆောင်သော ဝေါဟာရများကို အသုံးပြုမှည့်ခေါ် တတ်သည်။

မျှော့(မြှော့ဟုလည်း ရေးကြသည်)ဟူသည် မျှော့သတ္တဝါကို ဆိုခြင်းဖြစ်သည်။ မျှော့တို့

၏သဘောမှာ မပြုတ်မထွက်အောင် တွယ်တတ်ကပ်တတ်သည်၊ အသွေးကို စုပ်ယူတတ်သည်။

မျှော့နှင့်အသုံးကွဲနေသော တွတ်သည်လည်း တုတ်ကောင်ကိုပင် ဆိုပုံရသည်။ ရေအထွက်အဝင်ကို တုတ်ထား၊ တုန့်ထား၊ တွန်းထားရသည့်အရာကို ကတွတ်၊ ကန်သင်းတွင် ရေထွက်ဝင်ရန် အပေါက်ကို ကတွတ်ပေါက်ဟု ခေါ် သကဲ့သို့ တုတ်ကောင်ကိုလည်း တွတ်ဟုခေါ် ဟန်တူသည်။ သို့ဖြစ်၍ တုတ်၊ တွတ်ကဲ့သို့ တနည်းတဖုံအားဖြင့် တွယ်ကပ်ရှက်မြှောင်တတ်သည့်သဘောကို ဆောင်သည့်အလျှောက် တွတ်ဟု သုံးခဲ့ပုံရပေသည်။

## အခန်း(၃)
## မိခင်နှင့်တော်စပ်သူများ

မိကြီး၊ မိထွေး

မိကြီး၊ မိထွေးတို့ကို အမိနှင့်သွေးသားတော်စပ်ပုံ ကွဲပြားသိသာစေအံ့သောငှာ ပုဂံခေတ်ကပင် ခွဲခြားခေါ်ခဲ့ကြသည်။ ထိုဝေါဟာရနှစ်ခုစလုံးကိုပင် သက္ကရာဇ် ၆၀၄ ခုနှစ်ထိုး ညောင်ရမ်းကြီးသမီးကျောက်စာ၌ အောက်ပါအတိုင်း အတော်များများ သုံးစွဲထားသည်ကို တွေ့ရသည်။

၁။ မင်မိကြီအိုထက် ပွ္လည်သင်ကုလ်ရာကွ္လောင် ၁ပါ။ (ပုံ ၁၄၃က၊ ၇)

၂။ မိထုယ်အိုအ်ပုံ ၁ (ပုံ ၁၄၄၊ ၉)

၃။ မိထုယ်အိုအ်ဖုန် (ပုံ ၁၄၄၊ ၁၀)

၄။ ရှုယ်သည်ချက်မမိယ်သင်၊ ချတ်မရယ်သင်ကာ မင်မိကြီတိုင်
သည် သိခင်အိုဝ်ထက် ပွ္လည်သင်။
မိထိုယ်တ်ဝ်သ (တ)။ (ပုံ ၁၄၅၊ ၁၃–၁၄)

မိကြီး၊ မိထွေးတို့တွင် မိသည် မိခင်ကို ညွှန်းဆိုသော စကားဖြစ်သည်။ ကြီး သည် မသေးမငယ်၊ မသိမ်မဖျင်း၊ မနည်းမပါး၊ ပိုလွန်ကဲမြတ်၊ တိုးတက်ပွားများ ဟူသော အဓိပ္ပါယ်ရသည်။ ထွေး ကား အငယ်အထွေး၊ နှမထွေး၊ သားထွေးသားနှောင်း စသည်တို့မှာကဲ့သို့ ငယ်ရွယ်၊ သေးငယ်၊ အငယ်အနှောင်း ဟူသည့်အဓိပ္ပါယ် ဆောင်ပေသည်။

သို့ဖြစ်၍ အမိထက်ကြီးသော အမိ၏အစ်မကြီး ဝါ အမိနှင့်မခြားချစ်အပ်သူကို မိကြီး၊ အမိအောက်ငယ်ရွယ်သူ ဝါ အမိနှင့်မခြား ချစ်အပ်သူကို မိထွေးဟုခေါ်ခဲ့ခြင်းဖြစ်သည်။ မိထွေးကို ပုဂံကျောက်စာ၌ မိထုယ်ဟု စာလုံးပေါင်းသည်မှာ ခေတ်စောသေးသောကြောင့် ဖြစ်သည်။ ချယ် > ခြွေ(း)၊ နုယ် > နွေ(း)၊ မုယ် > မွေ(း)ဟူသည်မှာကဲ့သို့ နောက်တွင် –ုယ်မှ –ွေ(း)သို့ပြောင်းသုံးခဲ့သည်။ ပုံစံ (၄)တွင် မိထိယ်ဟု တွေ့ရခြင်းကား စည်ခရာတီး၍ (ရွှေ့)ကို စေည်ခရါတီရိုယ် (၅၉၊ ပုံ ၃၁၊ ၁၉)ဟု ပေါင်းသကဲ့သို့ တခါတရံ လုံးကြီးတင်အပိုဖြင့် ပေါင်းတတ်ခြင်းသာဖြစ်ပေသည်။

မိထွေးအသုံးကိုလည်း အမိ၏ညီမဟူ၍မျှမက အဖ၏နောက်ဇနီးအနေဖြင့်ပါ သုံးခဲ့ကြသည်။ ဤသည်မှာလည်း အမိအောက် ငယ်ရွယ်သူ၊ အမိ၏ညီမငယ်သဖွယ်ဖြစ်၍ အမိနှင့်မခြားချစ်အပ်သူဟူသော ကောင်းမြတ်သည့်နှလုံးထားဖြင့် အသုံးပြုခဲ့ပုံရသည်။

ကွ္လစ္စာမင်ဟိုယ်တောင်တက်ပြီ။ ငါမိကိုဝ်ကာငါမသိလိုက်။
ငါမိထုယ်(မူယ်ရှယ် ငါကြိအော် ငါ မိထုယ်လျှင်တေ
ငါ မိအော်ဟု ရှယ်၊ ဤမ့်ပ္လုနယ်ပိယ်အော်။ (၅၉၇၊ ပုံ ၁၈၈၊ ၂–၃)

1. Low Falling Tone.

စသည်ဖြင့် ပုဂံခေတ်က မှတ်တမ်းတင်ခဲ့သော ကျစွာမင်း မိထွေးတော်ကျောက်စာသည် ဤအတွက် သာဓကကောင်းတခုဖြစ်နိုင်ပေသည်။

မိကြီးကိုမူ အဖေ့အစ်ကိုဖြစ်သော ဘကြီး၏ဇနီးအဖြစ်လည်း သုံးသေးသည်။ မိကြီး၊ မိထွေးကို မိဂျီး မိဒွေးဟု အသံထွက်ခေါ်ဆိုသည်မှာကား ရှေ့တွင် အနိမ့်သက်သံဖြစ်သော အိဟူသည့်သရသံပြင်းရှိနေ၍ နောက်တွင်ကပ်နေသော သံညင်းသာ သံပြင်းသို့ ပြောင်းသွားခြင်းဖြစ်ပေသည်။

ကြီးတော်

ကြီးတော်သည် အမေ၏အစ်မ မိကြီးကို ခေါ်သည်။ ဂျပ်ဆင်အဘိဓာန်တွင်မူ အမေ၏အစ်မကြီးသာမက အဖေ့အစ်ကိုဖြစ်သော ဘကြီး၏ဇနီးလည်းဖြစ်သည်ဟု ဆိုပါသည်။

ပုဂံခေတ်သုံး ဆွေမျိုးစပ် ဝေါဟာရများတွင် ကြီးတော်ကို မတွေ့ရသေးပါ။ သို့သော် အတော်(အဒေါ်)ကိုမူ

ရာကာ တောင်ဝတ်ထူ ပိစည်တိုက်လျှင် စသော့မ္လစ်ဩက်ကာ အတဝ်အို့အ္ဓလောင်သင် တိုက်လျှင် အဆုံ ၂ တောင်ဟိအော် (၆၂၇၊ ပုံ ၂၁၄ ခ၊ ၆–၇)

ဟု အသုံးပြုသည်ကို တွေ့ရပါသည်။ မည်သို့ဆွေမျိုးတော်စပ်ကြောင်းကိုမူ အတိအကျ မပြောနိုင်ပါ။ မိကြီး၊ မိထွေးဟူသောအသုံးတို့ရှိနေသောကြောင့် အဖေ့နှမငယ်(သို့မဟုတ်)ဦးရီးဦးလေးတို့၏ဇနီးကို ယေဘုယျဆိုခြင်းများလားဟု တွေးထင်မိပါသည်။

မြန်မာသုံး တဝ်(တော်)မွန်သုံး ပေ်သည် ပါဠိဓမ္မနှင့်အသုံးတူသော သက္ကတ – ဓ မ်ပုဒ်သက်ဖြစ်တန်ရာပါသည်။ ဓမ် > ဓရ် > ဓပ် ဟု မွန်သို့ပျက်ပြီး မြန်မာက တဝ်ဟု အသံထွက်လိုက်ပေါင်းယူခြင်း ဖြစ်မည်ထင်ပါသည်။

မွန်ဘာသာတွင် ဓဝ်(နာမ်)ကို ဓမ္မ၊ ဓမ် တို့နှင့်အလားတူ အသုံးပြုသည်။ ဓဝ်နှစ်လုံးဆင့်ကာ ဓဝ် ဓဝ်ဟု ပေါင်းစပ်လိုက်သည့်အခါ တည့်တည့် ဖြောင့်ဖြောင့်မတ်မတ်၊ ဖြောင့်ဖြောင့်တန်းတန်းဟူသည့်အနက်ကို ဆောင်သော ကြိယာဝိသေသနဖြစ်လာပါသည်။

မြန်မာတို့ကမူ ဓမ္မကိုလည်း တိုက်ရိုက်ယူထားသည့်အလျောက်၊ တဝ်(တော်)ကိုမူ တည့်၊ ဖြောင့်၊ မတ်ဟူသည့်သဘောမျိုး အသုံးပြုသည်။ ထိုကမှ လျော်ကန်သင့်မြတ်၊ သင့်မြတ်စပ်သွယ်၊ ကျွမ်းကျင်လိမ်မာ၊ ထီးနန်းစသည်တို့နှင့်ဆိုင်သည့်နေရာမျိုးမှာကဲ့သို့ ကြီး၊ မြတ်၊ ထွတ်၊ ကြီးမြတ်၊ ထွတ်မြတ်စသည့်အဓိပ္ပါယ်တို့ဖြင့် ကျယ်ကျယ်ပွားပွား အသုံးပြုခဲ့ကြပေသည်။

သို့ဖြစ်၍ ကြီးတော်တွင်လည်း မသေးမငယ်၊ မသိမ်မဖျင်း၊ မနည်းမပါး၊ ပိုလွန်ကဲမြတ်တိုးတက်ပွားများဟော ကြီးနှင့်တော်ကို ပေါင်းစည်းကာ အမိနှင့်မခြား အလားထပ်တူ ကြီးမြတ်သူကို ကြီးတော်ဟု သုံးခဲ့ပုံရသည်။

သက်ရောက်စကားပေါင်း ကြီးတော်ကို အသံထွက်ရာတွင်မူ ဂျီးဒေါ် [ʃi dɔ]ဟုထွက်

သည်။ ဤသည်မှာ သံညှင်းနှစ်ခုကို စပ်၍ နာမ်အဖြစ် ရွတ်ရသောကြောင့်၊ ရှေ့သံရော နောက်သံပါ သံပြင်းသို့ ပြောင်းခြင်းဖြစ်ပေသည်။

ဒွေးဒေါ်၊ ဒွေးလေး၊ ဒွေးကြီး

ထွေးတော်(ဒွေးဒေါ်)သည် အမေ၏ညီမ၊ အဖေ့ညီ၏ဇနီးကို ခေါ်သည်ဟု ဂျပ်ဆင်အဘိဓာန်တွင် ဆိုသည်။ ထွေးသည် အငယ်အထွေး၊ နှမထွေး၊ သားထွေး သားနှောင်းတို့မှာကဲ့သို့ ငယ်ရွယ်၊ သေးငယ်၊ အငယ်အနှောင်းဟူသည့်အနက်ကို ဆောင်သည်။ တော်၏ အနက်ပွားမှာမူ ကြီး၊ မြတ်၊ ထွတ်၊ ကြီးမြတ်၊ ထွတ်မြတ်ဟု ရနိုင်သည်။ သို့ဖြစ်၍ ထွေးတော်သည် ကြီးမြတ်သူကလေးပင် ဖြစ်သည်။

တော်ကြီး(ဒေါ်ကြီး)၊ တော်တော်(ဒေါ်ဒေါ်)တို့မှာကဲ့သို့ပင် သံညှင်းနှစ်လုံးဖြစ်သောထွေးတော်ကိုလည်း သံပြင်းဖြင့် ဒွေးဒေါ်ဟု ရွတ်ဖတ်ကြသည်။

ရှေးဟောင်းအိုင်ချင်းများတွင်လည်း၊ ယောက်မ၊ နှမထွေး၊ အမယ်ကြီး၊ ဘကြီး၊ ညီမထွေး၊ မမ၊ ခဲအို၊ မိထွေးစသည်ဖြင့်  အတော်စုံအောင်ပါတတ်လေ့ရှိရာ ရှေးက ကြမ္မာငွေကြောင့်ဟူသော တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်းတပုဒ်တွင်

ထွေးတော်အိမ်ပါး၊ တောင်ဆီနားသို့၊ ယာသွားပို့ပြန်၊ စောင်းလျားခြံနှင့်၊ လက်ပံပင်ရှေ့၊ ကျဉ်းမြောင်းကွေ့ တွေ့သောခါ. . .

စသည်ဖြင့် ချစ်သူနှစ်ဦးတို့ အကျပ်အတည်းကြားမှ ထွေးတော်(ဒွေးဒေါ်)အိမ်နားတွင် တွေ့ကြပုံကို ဖေါ်ပြရင်း ထွေးတော်ကို သုံးထားပေသည်။

"အမေကျော် ထွေးတော်(ဒွေးဒေါ်)လွှမ်း"ဟူသောစကားကို မလိုလားအပ်သည့်အဓိပ္ပါယ်ဖြင့် မြန်မာတို့သုံးနေသော်လည်း ထိုစကားသည် တူ တူမနှင့်ထွေးတော်တို့၏ ဖြူးဖြောင့်သောဆက်ဆံရေးကို သက်သေပြနေပေသည်။

ဒွေးလေး၊ ဒွေးကြီး။ ။ထွေးလေသည် ထွေးနှင့်လေးကို ပေါင်းစပ်ထားခြင်းဖြစ်၍ ငယ်ရွယ်သူကလေးဟု ကောက်ယူနိုင်ပေမည်။ သို့သော်လည်း တကယ့်တကယ်အားဖြင့် ထွေးတော်(ဒွေးဒေါ်)ကို အခြေတည်ကာ အမေ၏ညီမ၊ အမေ၏ အစ်မကို ခွဲပြလိုသည့်သဘောဖြင့် ဒွေးကြီး၊ ဒွေးလေးဟု ဆင့်ပွားသုံးခဲ့ခြင်းသာ ဖြစ်သည်။ သို့ဖြစ်၍ ဒွေးကြီးကို ကြီးမြတ်သူ၊ ဒွေးလေးကို ကြီးမြတ်သူကလေးဟူ၍ ကောက်ယူခြင်းက ပိုမိုဆီလျော်ပေမည်။

ဒေါ်ကြီး၊ ဒေါ်လေး၊ အဒေါ်

တော်ကြီး(ဒေါ်ကြီး)၊ တော်လေး(ဒေါ်လေး)၊ အတော်(အဒေါ်)တို့တွင် အတော်သည် အမြစ်အရင်းဖြစ်သည်။ (ကြီးတော်တွင်ရှု)

တော်ကြီးနှင့်ကြီးတော်သည် စကားရှေ့နောက် ပြန်လှန်အသုံးပြုထားခြင်းဖြစ်၍ ကြီးမြတ်သူဟု အနက်ပေါ်ထွက်သည်။ အမေ၏အစ်မ၊ ဘကြီး၏ဇနီးတို့ကို ခေါ်ပေသည်။

တော်လေးမှာမူ တော်နှင့်သေးသေးငယ်ငယ်၊ နှစ်လိုဘွယ်ဟော(က)လေးကို ပေါင်းဖွဲ့ထားခြင်းဖြစ်ရာ ထွေးတော်(ဒွေးဒေါ်)မှာကဲ့သို့ပင် ကြီးမြတ်သူကလေးဟု အဓိပ္ပါယ်ရပေသည်။ အမေ့ညီမ၊ အမေ့မောင်၏ဇနီးတို့ကို ခေါ်ရာတွင် ယင်းကိုလည်း သုံးနိုင်ပေသည်။

တော်ကြီးကို ဒေါ်ကြီးဟု အသံထွက်ရုံမျှမက လိုက်၍ပါ ရေးခဲ့ကြခြင်းမှာ သံညှင်းနှစ်ခုကို စပ်၍ နာမ်အဖြစ် ရွတ်ဆိုရသောကြောင့် ဒေါ်ကြီးဟု နှစ်သံစလုံး သံပြင်းသို့ပြောင်းသွားခြင်းဖြစ်သည်။ တော်လေးတွင်မူ နောက်သံမှာ သံပြင်းဖြစ်နေသောကြောင့် ရှေ့သံသာ ဒေါ်သို့ပြောင်းသွားပေသည်။

အတော်ကိုလည်း အသံပြောင်း အရေးပြောင်းဖြင့် အဒေါ်ဟူ၍ရင်း၊ တော်နှစ်လုံးဆင့်ကာ တော်တော်ကို ဒေါ်ဒေါ်ဟူ၍ရင်း၊ ပြောနေ ရေးနေကြသည်။ ဒေါ်ဒေါ်ဟု ဆိုရာ၌လည်း နာမ်အဖြစ် ရောက်လာသော သံညှင်းနှစ်လုံးစလုံးကို သံပြင်းသို့ပြောင်း၍ ရွတ်ခြင်းပင်ဖြစ်သည်။

ဤသို့အသံပြောင်းလာသော အဒေါ်၊ ဒေါ်ဒေါ်တို့သည် အသံသာကမ အသုံးတွင်လည်း အဒေါ်သားချင်းအရွယ်ရှိသူကို (ဆွေမျိုးမတော်စပ်သည့်တိုင်အောင်)ခေါ်နိုင်သောအခြေသို့ပင် ရွေ့လျော်ဆင့်ပြောင်းလာပေသည်။

ဦးကြီး၊ ဦးရီး၊ ဦးလေး

ဦးကြီးနှင့်ဦးရီးဟူသော အသုံးနှစ်ရပ်တွင် ပုဂံကျောက်စာများ၌ ဦးရီးအသုံးကိုသာ တွေ့ရသည်။ ဦးကြီးနှင့်ဦးရီးနှစ်ခုတွင် ရုတ်တရက်အားဖြင့် ဦးကြီးက အရင်းအမြစ်ကျမည်ဟု ထင်မှတ်ဖွယ်ရှိသော်လည်း စင်စစ်ဦးရီးသာ အရင်းအမြစ်ဖြစ်နိုင်ကြောင်း အောက်ပါအထောက်အထားအချို့ကို ကြည့်ခြင်းအားဖြင့် သိမြင်နိုင်ပေသည်။

၁။ ဥရီ ဟာတာ ၁။ (၅၇၆၊ ပုံ ၁၉၀ က၊ ၇)

၂။ မင်ဥစ္စနာဥိရီ သံပျင်သမန်တကုံထံလင်မျာ (၆၀၅၊ ပုံ ၁၅၂၊ ၄)

၃။ ဥရီ မင်သိန်ကသူ (၆၀၄၊ ပုံ ၂၆၅၊ ၃၀)

ဤတွင် ဥရီး၊ ဦးရီးဟူ၍ နှစ်မျိုးရေးခဲ့ကြောင်း တွေ့ရသည်။ ဥနှင့်ဦးကား ပြောပလောက်အောင် ခြားနားမှု မဟုတ်ပေ။ သို့ဖြစ်၍ ဦးရီး၏အနက်ကို ဆက်လက်ကြံဆရန် လိုပေသည်။

ဦး၏အနက်ရင်းကား ဦးခေါင်းပင်ဖြစ်သည်။ ခန္ဓာကိုယ်ပင်စည်မှ တက်လာသောအညွန့်အခက်တွင် အဦးအဖျား၊ အခေါင်အထွတ်၊ အဦးအထိပ်၌ ရှိ၍လည်း ဦး၊ ဦးခေါင်း၊ ဦးထိပ် စသည်ဖြင့်ခေါ်ခဲ့ခြင်း ဖြစ်ပုံရပေသည်။

ရီးမှာမူ မိရီ၊ မိရီး၊ မရီးတွင် ပေါင်းစည်းပါဝင်နေသော ရီ၊ ရီးနှင့်အနက်တူဟု ယူလိုပေသည်။ ရိသည် ရိပ္ပပ်၊ ရိပ္ပန်း၊ ရီယော်၊ ထိကပါး ရိကပါးစသည်တို့မှာကဲ့သို့ နာနာကြီး ထိမိသည်၊

ပွန်းပွန်းတီးတီး ထိမိသည်ဟူသော အဓိပ္ပါယ်ကို ဆောင်သည်။ သို့ဖြစ်၍ ဦးရီးကို ပွန်းပွန်းတီးတီး ကြီးထိမိကျွမ်းဝင်အပ်သော ကြီးမြတ်သူဟု ကောက်ယူနိုင်ပေမည်။ ဤတွင် အတော်(အဒေါ်)၊ ကြီးတော်(ကြီးဒေါ်)ဟူ၍ မှည့်ခေါ်ခဲ့ပုံနှင့်အနက်သွားချင်း တူညီနေသောကြောင့် ရှေးက မြန်မာတို့၏စိတ်ကူးကောင်းပုံကို မှန်းဆသိရှိနိုင်ပေသည်။

ဂျပ်ဆင်မြန်မာအင်္ဂလိပ်အဘိဓာန်(စာ–၁၅၇)တွင်မူ ဦးရီးကို အမိဖက်မှ တော်စပ်သော ဦးလေး၊ အမိ၏၏အစ်ကိုကြီး သို့မဟုတ် အဖဘက်မှ အဒေါ်၏ခင်ပွန်းဟု ပြသည်။ ထို့ကြောင့်လည်း မြန်မာစာပေတွင်–

၁။ မိမင်းမောင်ကြီး၊ ဦးရီးနတ်ရှင် (မင်းရဲနရာချောင်း၊ ၁၇)

၂။ မွေးမယ်မောင်ကြီး၊ ဦးရီးရင်သွေး (ဘလ္လာတိယပျို့၊ ၆၆)

စသောအဖွင့်စကားကလေးများကို တွေ့ရခြင်းဖြစ်ပေသည်။

ထို့ပြင် ဂျပ်ဆင်အဘိဓာန်၌ပင် ဦးကြီးကို ဦးရီးနှင့်အလားတူဖြစ်သည်ဟု ပြသည်။ ဦးကို မသေးမငယ်၊ မသိမ်မဖျင်း၊ မနည်းမပါး၊ ပို၍ကဲမြတ်၊ တိုးတက်ပွားများဟောကြီးနှင့်တွဲစပ်ပြီး ဦးကြီး(ကြီးမြတ်သူ)ဟု ထပ်ဆင့်အသုံးပြုလာကြခြင်းဖြစ်သည်။ မျက်မှောက်ခေတ်တွင် အဆိုရပိုလွယ်သော ဦးကြီးကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုလာရာ ဦးကြီးသည် တောင်သူလယ်သမားများကိုခေါ်သည့်ပရိယာယ်စကားအဖြစ်သို့ပါ ရောက်ရှိလာသည်။

ဦးရီးကို ဝရီးဟုလည်း သုံးသေးသည်။ ဦးရီးဟု မတြာပြည့် မတြာပြည့်ဖြင့် ရွတ်ဆိုရရာ ပိုမိုသက်သာစေရန် ရှေ့သံကို မတြာဝက်ဖြင့် ရွတ်ရာမှ အရီးဟု ရှေးဦးပြောင်းဟန်တူသည်။ ထိုကမှ “အူ”နှင့်“အ”ကို အမြန်ရွတ်ရာမှ ဖြစ်လာသော “ဝ”သို့ပြောင်းပြီး **ဝရီး**ဟုခေါ်လာခြင်းဖြစ်ပုံရသည်။

ဤတွင် ပေါ်ပေါက်လာသောပြဿနာမှာ အမိ၏အကိုကြီးကို အရီးဟုခေါ် မခေါ်ဟူသောပြဿနာဖြစ်ပါသည်။ ဦးဆောင်း၏“လာဟေ့ ဒွိး”အစချီသော လွမ်းချင်းတွင်“အရီးသာလုံး၊ ကြေးကိုင်တုန်းက”စသည်ဖြင့်ပါရှိရာ အရီးဟူသည် အဖေ့နှမ၊ အမေ့မောင်ဖြစ်သော ဦးလေး၏ဇနီးကို ခေါ်ခြင်းဖြစ်၍ အရီးသာလုံးသည် မိန်းမဖြစ်သည်ဟုရင်း၊ အချို့ကလည်း အရီးသည် အမေ့အစ်ကိုကြီးကိုလည်း ခေါ်နိုင်၍ အရီးသာလုံးမှာ ယောကျ်ားဖြစ်သည်ဟုရင်း ဆွေးနွေးခဲ့ဘူးကြပေသည်။

ဟံသာဝတီဦးဘရင်ကမူ ကဗျာ့ပန်းကုံးအဖြေစုံ၌ အောက်ပါအတိုင်း ရှင်းပြဘူး၏။

အရီးသာလုံး=ဦးရီးသာလုံး၊ အရီးဟူသည် ဦးရီးကိုလည်း ခေါ်၏။ (ပုဂံညောင်ဦးတို့၌ ယခုတိုင်ခေါ်ဝေါ်လျက်ရှိသေး၏။ သို့သော် အခြားအရပ်များ၌ကား အမေ့အစ်မ၊ အမေ့ညီမတို့ကို အရီးဟုခေါ်ကြပေ၏။)

ဦးရီးကို အရီးဟုလည်း ခေါ်ကြောင်းသိရသော်လည်း အခြားကောက်ယူချက်တရပ်မှာ **မိကြီး၊ မိထွေး**တို့နှင့်ရောထွေးသွားပေသည်။

ဦးလေး။ ။အမိ၏မောင်ငယ်ကို ဦးလေးဟုခေါ်သည်။ ဦးနှင့်လေးပေါင်းထားခြင်းဖြစ်၏။ ကြီးမြတ်သူဟု အနက်ရှိသောဦးနှင့်သားကလေး၊ ချစ်စရာ(က)လေးစသည်တို့တွင် နောက်က ဆက်သုံးသော သေးသေးငယ်ငယ်၊ နှစ်လိုဘွယ်အနက်တို့ကို ဆောင်သည့်“လေး”ပေါင်းထားခြင်း ကြောင့် ဦးလေးဟူသည် ကြီးမြတ်သူကလေးဟု အဓိပ္ပါယ်ရပေသည်။

မျက်မှောက်ကာလတွင်မူ ဦးလေး၊ ဦးမင်း(ကြီးမြတ်စိုးကဲသူ)၊ ဦးဦး(ကြီးမြတ်သူ)စသည် ဖြင့် ဆွေမျိုးမတော်စပ်သော ဦးမင်းသားချင်းအရွယ်ရှိသူတို့ကို ခေါ်ဝေါ်သုံးစွဲနေပေပြီ။

အမေတူ အဖေကွဲ၊ မအေတူ ဖအေကွဲ

အမျိုးသမီးတဦးသည် ပထမအိမ်ထောင် ကွယ်လွန်သွား၍ဖြစ်စေ၊ ပျက်စီးသွား၍ဖြစ်စေ၊ နောက်အိမ်ထောင်သစ် ထူသည်ဆိုပါစို့။ ပထမအိမ်ထောင်နှင့်ရသည့်သားသမီးများအပြင် နောက်အိမ်ထောင်နှင့်သားသမီးထပ်ရလာသည့်အခါ ယင်းတို့အချင်းချင်း မည်သို့တော်စပ်သည်ကို ဖော်ပြရန် လိုလာပေသည်။ သားသမီးအားလုံးသည် တမိပေါက်တည်းဖြစ်ကြသည်။ သို့သော် အဖကား ကွဲ၏။ ထို့ကြောင့် ယင်းတို့အား အမိတူ အဖကွဲများ ဝါ အမေတူ အဖေကွဲများဟု ယေဘုယျခေါ်နိုင်ပေသည်။

ပို၍ တိတိကျကျ ဖော်ပြလိုပါမူ အမေတူ အဖေကွဲ ညီအကို၊ အမေတူ အဖေကွဲ မောင်နှမ၊ အမေတူ အဖေကွဲ ညီအမဟူ၍ သုံးနိုင်ပေသည်။ အမေတူ အဖေကွဲကို မအေတူ ဖအေကွဲ ဟုလည်း အသုံးပြုသေးသည်။

## အခန်း(၄)
## ဖခင်နှင့်တော်စပ်သူများ

ဘကြီး၊ ဘထွေး

ပုဂံခေတ်က ဖကြီး၊ ဖထုယ်ဟုရေးခဲ့ကြသည်။ သာဓကအချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဘကြီး

၁။ အတိုဝ်ကျွန် (ဖ)ကြိကာ အတိုဝ် ဖ ကို ပိယ်၏ (၅၉၀၊ ပုံ ၁၇၄၊ ၁–၂)

၂။ ဖကြိ သိယ်သောသာငွ္လသည်ငီ ၁။ (၆၀၄၊ ပုံ ၁၄၄၊ ၂၅)

ဘထွေး

၁။ မင်ဖထုယ် ရာဇသု ၁ ယောက်။ ကက်သူ (၅၇၃၊ ပုံ ၉၀၊ ၂၀–၂၁)

၂။ ဣလ္လစွာမင်း–ံ(နိ)မ်နှိုက်ထိပတ်ကီရှရကာကိဏ ဖတ္တရာ

မှောက်မင်မိသရှဖထုယ် အဖိုဝ်ရစေဟု မိန်တ်မူ၏ (၅၉၄၊ ပုံ ၉၄ ခ၊ ၁၇–၁၉)

၃။ ဖထုယ်သိယ်သောသာ ငာဖုန်ဟိယ် ၁ (၆၀၄၊ ပုံ ၁၄၄ က၊ ၁၁)

ဤတွင် ဖကြီ၊ ဖထုယ်ဟူသော စာလုံးပေါင်းကို တသမတ်တည်း အသုံးပြုထားကြောင်း တွေ့ရသည်။ ယင်းတို့တွင် တွဲစပ်ပါဝင်နေသည့် ဖ သည် ယောက်ျားကို ညွှန်းသော ဖ၊ ဖိ၊ ဖေ၊ ဖိုး ဟူသည့်စကားမိသားစုတွင် တခုအပါအဝင်ဖြစ်သည်။

ကြီးသည် မသေးမငယ်၊ မသိမ်မဖျင်း၊ မနည်းမပါး၊ ပိုလွန်ကဲမြတ်၊ တိုးတက်ပွားများ ဟူသည့်အဓိပ္ပါယ်ကို ဆောင်သည်။ ထုယ်မှာမူ ချြယ် > ချွေး၊ မုယ် > မွေးတို့ကဲ့သို့ ထွေ(း)သို့ပြောင်းလဲလာသည်။ ငယ်ရွယ်သေးငယ်၊ အငယ်အနှောင်း စသောအဓိပ္ပါယ်တို့ရသည်။

သို့ဖြစ်၍ ဖကြီးသည် အဖထက်ကြီးသူ၊ မြတ်သူ(အဖ၏ အစ်ကိုကြီး)ကိုရင်း၊ ဖထုယ်(ဖထွေး)သည် အဖထက်ငယ်သူ(အဖ၏ ညီ)ကိုရင်း ဆိုခြင်းဖြစ်ပေသည်။

ရွတ်ဆိုသည့်အခါ ဖကြီး၊ ဖထွေးကို သံပြင်းသို့ပြောင်း၍ ဘဂျီး၊ ဘဒွေးဟုဆိုသည်။ ထို့ကြောင့် အရေးပုံစံတွင် ဘကြီး၊ ဘထွေးဟု ပြောင်းခြင်းမှာ ဘကုန်းကြိုက်သောကြောင့်ချည်း လိုက်ရေးနေခြင်း မဟုတ်ပေ။ အပြောသံပြောင်းသည့်နောက်သို့ အရေးက လိုက်နေခြင်းသာဖြစ်သည်။

မိကြီး၊ မိထွေးတွင် မိထွေး၏ အသုံးသည် အမိ၏ ညီမဟူသည်မှာ အမိနှင့်မခြား ချစ်အပ်သူ(ဝါ)အဖ၏ နောက်ဇနီးဖြစ်လာသကဲ့သို့ ဖထွေး(ဘထွေး)သည်လည်း အဖ၏ ညီဟူသည်မှ အဖနှင့်မခြား ချစ်အပ်သူ(ဝါ)အမိ၏ နောက်လင်ဟူသည့်အနက်သို့ပါ အသုံးရွေ့ရှားကျယ်ပြန့်လာပေသည်။

ပြောဆိုရာတွင်မူ ရှေ့သံကို မတြာဝက်သံ ပ ဖြင့် ပေါ့ပေါ့ရွတ်သောကြောင့် နောက်သံပါ

မပြောင်းပဲ ပထွေး(မတြာဝက် မတြာပြည့်)ဟု ထွက်နေသည်။ ပထွေးဟုလည်း လိုက်ရေးနေကြသည်။ ဘထွေးကိုမူ ဘဒွေးဟု ရေးလာကြသည်။ ဤသည်မှာ ပထွေးနှင့်ဘဒွေး အသုံးခြားစေလိုသောကြောင့် ဖြစ်ဟန်ရှိပါသည်။

အရီးကြီး၊ အရီးလတ်၊ အရီးလေး

ပွန်း ပွန်း တီး တီး ကြီး ထိမိကျွမ်းဝင်အပ်သော ကြီးမြတ်သူဟု အဓိပ္ပါယ်ရသည့်ဦးရီးမှ အရီး၊ ဝရီးသို့ပြောင်းလာနိုင်ကြောင်းကိုငှင်း၊ အရီးကို ယောကျ်ားရော မိန်းမပါ သုံးနိုင်သည်ကိုငှင်း အထက်အခန်းတွင် တင်ပြခဲ့ပြီးပေပြီ။

ယခုတင်ပြလိုရင်းမှာ အရီးသည် ရီ၊ ရီး ကိုပင် ရှေ့က "အ"ထည့်၍ နာမ်ပြုကာ အရီ၊ အရီးဟု အသုံးပြုနိုင်ခြင်းဖြစ်၏။ အနက်အဓိပ္ပါယ်အားဖြင့်မူ ပွန်းပွန်းတီးတီး ထိမိကျွမ်းဝင်အပ်သူဟုရပေမည်။ ထို့ပြင် ဦးရီးကို အမိ၏မောင်ကြီးဟု သုံးသကဲ့သို့ အရီးကို အဖေ့နှမဟု ပုဂံခေတ်က ခွဲခြားသုံးခဲ့ပုံရပေသည်။ ပုံစံပြရသော် အောက်ပါအတိုင်း ဖြစ်၏။

၁။ အရိကွယ်အိုအ်ပုံ ၁ (၅၈၉၊ ပုံ ၇၄၊ ၃၅)

၂။ အရိကိုဝ်လေခွင် ရုယ်သက်သီမူရကာ အရီဟူအ်ေ (၅၉၇၊ ပုံ ၈၈၊ ၁၁–၁၂)

၃။ အရီ အိုအ်စင်ကြယ် ၁ (၆၀၄၊ ပုံ ၁၄၄၊ ၁၆)

၄။ တြာမင် အရီ စပ်မိဖွာသည် (၆၃၇၊ ပုံ ၂၄၉၊ ၄)

နှောင်းခေတ်များတွင်လည်း

"မွေးမယ်မောင်ကြီး၊ ဦးရီးရင်သွေး၊ ယဉ်ကျေးလှတင့်၊ ဘခင့်နှမ၊ ဆွေစမျိုးနီး၊ အရီးမျက်ရှု" (ဘလ္လာတိယပျို့၊ ၆၆)ဟူ၍ငှင်း၊

"မိလှမောင်ကြီး၊ ဦးရီးမျက်ပွင့်၊ ဘခင့်နှမ၊ အလှဇာတိ၊ အရီး ကြေးမြင်"(ဇယဒိသပျို့၊ ၈၃)၊ ဟူ၍ငှင်း

ဦးရီးနှင့်အရီးကို စာပေထဲတွင် ခွဲခြားပြဆိုခဲ့မှုမျိုး ရှိပေသည်။

ဂျပ်ဆင်မြန်မာအင်္ဂလိပ်စာအဘိဓာန် (စာ ၉၉) တွင်မူ အရီးကို အဖေ၊ နှမ၊ အမေ့မောင်ဖြစ်သော ဦးလေး၏ဇနီးဟု ပြပေသည်။

ထို့ပြင် အဖေ၏အစ်မ အဖေ့ထက် အကြီးကို အရီးကြီး၊ အဖေ့ထက် အငယ်နှမကို အရီးလေး၊ အဖေ့နှမ အရေအတွက် နှစ်ယောက်ထက်ပိုလာသော နှမအလတ်ကို အရီးလတ်ဟူ၍ ခေါ်တတ်ပေသည်။ ယောနယ်ဘက်တွင်လည်း ယနေ့တိုင်အောင် ထိုသဘောမျိုးပင် ခေါ်ဝေါ်သုံးစွဲနေကြောင်း သိရပေသည်။

အဖေတူ အမေကွဲ၊ ဖအေတူ မအေကွဲ

အမျိုးသားတဦး၏ပထမအိမ်ထောင်မှရသော သားသမီးနှင့်နောက်အိမ်ထောင်မှရသော

သားသမီးတို့သည် တဖခင်တည်းက မွေးဖွား၍ အမိတဦးစီဖြစ်သဖြင့် အဖတူ အမိကွဲ(ဝါ)အဖေတူ အမေကွဲ (ဝါ) ဖအေတူ မအေကွဲ တော်စပ်သည်ဟု ဆိုနိုင်ပေသည်။

အတိအကျ ဖေါ်ပြလိုပါမူ အဖေတူ အမေကွဲညီအကို၊ အဖေတူ အမေကွဲ မောင်နှမ၊ အဖေတူ အမေကွဲညီအမဟု ဆိုရပေမည်။ (အမေတူ အဖေကွဲကိုလည်း ရှု)

## အခန်း (၅)
## တမိသားချင်း မောင်နှမရင်းချာများ

မိသားစု

မိသည် အမိ၊ မိခင်ကို ညွှန်းဆိုသော ဝေါဟာရဖြစ်သည်။ သားသည် အသွေးအသား၊ ငယ်ရွယ်သူ၊ အမိအဖတို့က မွေးဖွားလာသော သား ယောကျ်ားစသည့်အနက်တို့ကို ဆောင်သည်။ မိသားစုဟူသည်တွင်မူ မိသည် အမိတဦးတည်းကိုသာ ဆိုခြင်းမဟုတ်၊ မိဖနှစ်ပါးစလုံးကိုပင် ဆိုလိုရင်းဖြစ်သည်။ သားသည်လည်း လိင်ဖို၊ လိင်မ မရွေး ရင်သွေးရင်သား သမီးသားအားလုံးကို ဆိုပေသည်။ သို့ဖြစ်၍ မိသားစုဟူသည် အမိအဖနှစ်ပါးနှင့်တကွ ယင်းတို့မှ မွေးဖွားလာသောသမီးသားအစုအဝေးကို ပေါင်းရုံးဖေါ်ပြသည့် ဝေါဟာရဖြစ်သည်။

ထိုကမှ သွေးရင်းသားရင်း သမီးသားများသာမက ဆွေမျိုးတော်စပ်သော အတူနေ တူ၊ တူမ၊ ဦးမင်းသားချင်းတို့ပါ သိမ်းရုံးပြီး မိသားစုဟု တိုးချဲ့အသုံးပြုလာသည်။ ဤအသုံးမှာမူ အိမ်ထောင်စုဟူသည်နှင့်အလားတူပင်ဟု ဆိုနိုင်ပေသည်။

လင်မယား သားစုံ

ပုဂံခေတ်က လင်နှင့်မယားနှစ်ပါးအစုံဆိုလျှင် မျာနှင့်လင်စုံ ဟုသုံးတတ်၍ ကြင်ဖက်ဇနီးမောင်နှံသာမက သားသမီးများပါ ပါဝင်လာသည့်အခါ လင်မိယာသစုမ်(လင်မယားသားစုံ) ဟု သုံးတတ်ပေသည်။

ဤတွင် သားကို လိင်ဖိုသက်သက် အသုံးပြုခြင်းမဟုတ်ပဲ ငယ်ရွယ်သူ ရင်သွေးများဟု ပေါင်းခြုံပြောလိုသည့်သဘောဖြင့် သုံးထားခြင်းဖြစ်သည်။ လင် မယားသားစုံသည် မိသားစုဟူသောအသုံးနှင့်မခြားထပ်တူ ဆိုနိုင်ပေသည်။

ညီ၊ ညီမ

ညီသည် တမိသားချင်းထဲမှ ယောကျ်ားချင်း တော်စပ်ပုံကို ပြသော ဝေါဟာရဖြစ်သည်။ ညီကို ပုဂံခေတ်က တွင်တွင်ကြီး သုံးခဲ့သည်။

စာလုံးပေါင်း သတ်ပုံအနေဖြင့်ကား ငီ၊ ငီ ဟူ၍ရင်း၊ ညိ၊ ညီဟူ၍ရင်း၊ ငနှင့်ည နှစ်မျိုးစလုံး အသုံးပြုသည်ကို တွေ့ရသည်။ ရာဇကုမာရ်ကျောက်စာနှင့်ခေတ်ပြိုင်ရေးထိုးသည်ဟု ခန့်မှန်းရသော လောကထိပ်ပန်မင်စာတွင် ညီအသုံးကို ဤသို့တွေ့ရသည်။

၁။ ညီကာလ္ကမ်ရှိယ် မင်မူအေ် (မဟာဇနကဇာတ်၊ ပုံ ၄၁)

၂။ အစ်ကိုဝ်ကာ္အမြသြင် ညီယ်ကာသြင်အေ် (မဟာဇနကဇာတ်၊ ပုံ ၄၄)

၃။ နဂါရွာမှ ရှာလှသော အစ်ကိုဝ်အစ်ညီယ်ဖူလှလှယျေအ် (ဘူရိဒတ်ဇာတ်၊ အတန်း ၁၁–၈)

ပုဂံကျောက်စာများတွင် ပါရှိချက်အချို့ကို ကောက်နုတ်ဖော်ပြရပါမူ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ညီငါကယ် ၁။ (၅၂၇၊ ပုံ ၄၊ ၁၃)

၂။ ငီ ငါကူ၊ ဇီငါပေါဒ်အ် (၅၂၇၊ ပုံ ၅၊ ၄)

၃။ ငီမ အိအ်စေည် ငီမအိအ်ရံ (။ ၊ ။ ၊ ၆/၁၀)

၄။ ညီ ငါပြော်င်စုံ ၁ (၅၅၀၊ ပုံ ၁၃၊ ၈)

၅။ စေ်ညီလ ည္လောင် (။ ၊ ။ ၊ ၂၀)

တွေ့ရသမျှ အသုံးအရပ်ရပ်ကို ည ထောက်ဆခြင်းဖြင့် ပုဂံသားတို့သည် ငီ၊ ညီ နှစ်မျိုး စလုံးကိုပင် အသုံးပြုခဲ့ကြကြောင်း သတိပြုမိနိုင်သည်။ အင်းဝခေတ်သို့ အရောက်တွင်ကား ငီ၊ ငီမ အသုံး လုံးလုံးပျောက်ကွယ်သွားပေတော့သည်။

ထိုသို့ နှစ်မျိုးစလုံးသုံးရာမှ ညီဘက်သို့ ရွေ့ရှားပြောင်းလဲလက်ခံလာခြင်းမှာလည်း အာခေါင်မာအား လျှာရွေ့ဖြင့်ထိကာ ညီကို ပို၍ လွယ်ကူစွာ ရွတ်နိုင်သောကြောင့် ဖြစ်တန်ရာသည်။ ထို့ပြင် ငိ၊ ငီ၊ ညိ၊ ညီ(ညိယ်)တို့ကို သတ္တုချကြည့်လျှင် စာလုံးပေါင်း အနည်းငယ်ကွဲပြားခြားနားသော်လည်း သဒ္ဒဗေဒအမြင်အရ အသံဖြစ်ရာ ဌာန်ကွဲသည့်တိုင်အောင် အသံဖြစ်ဟန်မှာမူ အတူတူပင်တည်း။

င [  ] သည် အာခေါင်ပျော့ နှာသံဗျည်း သံပြင်း[1] ဖြစ်သည်။

ည [  ] အာခေါင်မာ နှာသံဗျည်း သံပြင်း[2] ဖြစ်သည်။

ထို့ကြောင့် အသံဖြစ်ရာမှာလည်း နီးစပ်၊ အသံဖြစ်ဟန်မှာလည်း အတူတူဖြစ်ရကား ငီနှင့်ညီကို အပြောင်းအလဲ သုံးလာခြင်းမှာ် သဘာဝကျပေသည်။

တမိသားထဲမှ ယောကျ်ားချင်း ကိုယ့်အောက်ငယ်သူကို ငိ၊ ငီ၊ ညိ၊ ညီဟု သုံးခဲ့ခြင်းမှာလည်း စွဲငြိ၊ ငြိစွန်း၊ ငြိတွယ်၊ ညီညာ၊ ညီညွတ်၊ ညီမျှဟူသည့် ပုဒ်တို့မှာကဲ့သို့ စွဲငြိတွယ်တာသည့် သဘော တပြေးတည်း တမျှတည်း အတူဖြစ်ကြသည့်သဘောကို ဆောင်လိုသောကြောင့် ဖြစ်နိုင်ပါသည်။

ထိုကမှ မိမိနှင့်တမျှတည်း တွယ်တာ(ချစ်ခင်)အပ်သော (တမိသားချင်းပေါက်)အမျိုးသမီးကို ညီ+မ=ညီမဟု သုံးစွဲခဲ့ကြပုံရသည်။ နောင်တွင်မူ မိမိတို့၏ ညီအရွယ် ညီမအရွယ် တစိမ်းတရံတို့ကိုပင် ညီ၊ ညီမဟူ၍ ယဉ်ကျေးဖွယ်ရာ ခေါ်ဆိုသုံးနှုန်းသည်အထိ အသုံးကျယ်ပြန့်လာပေသည်။

## နှမ

နှမဟူသည် မိဖနှစ်ပါးမှ ပေါက်ဖွားလာသော သားချင်းများအနက် ယောကျ်ားကလေး

---

1. Voiced Velar Nasal 2. Voiced Palatal Nasal

များက မိမိအောက်ငယ်သော မိန်းကလေးကိုခေါ်သည့်ဝေါဟာရဖြစ်သည်။

ကွယ်လွန်သူ ဆရာကြီးဦးဖိုးလတ်က ပုဂံကျောက်စာများတွင် တွေ့ရသော နှံမသာဓကသုံးခု(သက္ကရာဇ် ၅၇၀၊ ၅၇၂နှင့်၆၁၄ တွင် သုံး)၊ နှာမ သာဓကနှစ်ခု(သက္ကရာဇ် ၅၆၇ နှင့် ၆၀၃)ကိုပြပြီး

ပုဂံခေတ်ရေးထုံး၌မူ နှံမ၊ နှာမ၊ နှမဟူ၍ တွေ့ရသည်။ နှမသည် နှမြော၊ နှစ်လုံး၊ နှလုံးတို့နှင့်မည်သို့မျှ မပတ်သက်၊ နှမ၏မူလအရေး ရင်းမြစ်သည် နှံမဖြစ်သင့်သည်။

ဟု မြန်မာစာအဖွင့်ကျမ်း ပထမတွဲတွင် ကောက်ချက်ချခဲ့သည်။

စင်စစ် နှမရေးထုံးသည် ဆရာကြီးပြခဲ့သော သာဓကသုံးခုထက်စော၍ တွင်ကျယ်ခဲ့ပြီးဖြစ်သည်။ တွေ့ရသမျှ ကျောက်စာများအနက် အစောဆုံးကျောက်စာအဖြစ် ပညာရှင်များက အမှတ်ပြုထားသော ပေါ်တော်မူဘုရားကျောက်စာတွင်–

အမိအ်(အ)ဖအ်က စအ်သော သာမီနှာမအ် အမ္ဘိဝ်တစ်ကလေ ဖူန်ရ်(ဧ) (စာကြောင်းရေ ၁၃–၁၄)

ဟုပါရှိသည်။ နောက်ကျောကျောက်စာများတွင်လည်း–

၁။ ငီဝာပြေည်။ ဝါငြိမ်။ နှာမ အိအ်ကြ။ (၅၂၇၊ ပုံ ၅၊ ၇)

၂။ အိုဝ္တိနှယ်။ သာငါစိမ်၊ နှမ အိုဝ္တိ သိမ်။ ငီမအိုဝ်ကြွက်။ (၅၅၂၊ ပုံ ၁၀ ခ၊ ၂၃–၂၄)

၃။ ငါ နှမ အိုန်ထက်ပ္လ ၁ ယောက် (၅၅၉၊ ပုံ ၁၇၊ ၁၅)

၄။ ငမိ ငဖ ငငီ ငနှာမ ငသာ ငတူ(ရ) ပါစိယ်အော်။ (၅၆၃၊ ပုံ ၂၃၊ ၁၃–၁၅)

၅။ ငါလာ နှာမ မိငယ်။ (၅၆၀၊ ပုံ ၂၀ က၊ ၅)

၆။ ငါလာ နှမ မိငယ်။ (၅၆၀၊ ပုံ ၂၀ ခ၊ ၅)

စသည်ဖြင့် တွေ့ရသည်။ သို့ဖြစ်၍ နှောင်းကျောက်စာအချို့တွင် နှံမအသုံး အနည်းအကျဉ်းတွေ့ရုံဖြင့် နှမသည် နှံမပုဒ်သက်ဖြစ်သည်ဟု ယူဆနိုင်ရန် မလွယ်ပေ။ နှမ၊ နှာမကို မြန်မြန်ရွတ်ဆိုခြင်းဖြင့် နှံဟူသော သရသံ ရွေ့ရှားလာနိုင်သည်။ (ပုံစံ၊ နှမ>နှမ်>နှံ။ နှမ>နှမ္မ>နှံမ။) မောင်နှမ်ဟူ၍၎င်း၊ မောင်နှံဟူ၍၎င်း နှစ်မျိုးစလုံးအသုံးပြုခဲ့သော သက္ကရာဇ် ၅၇၉ ခုနှစ်ထိုး မင်းအနန္တသူကျောက်စာသည် ထင်ရှားသော သာဓကပင်ဖြစ်သည်

သဒ္ဒဗေဒရှုထောင့်မှ ကြည့်လျှင် ပုဂံသားတို့သည် နှမကို ရှေးဦးမတြာပြည့်မတြာပြည့်ဖြင့် ရွတ်ခဲ့ကြပုံရသည်။ ထိုကမှ အနည်းငယ် သက်သာလွယ်ကူစေခြင်းငှာ နှ ကို အာ သရတိုးပြီး နှာဟု ရွတ်စမ်းကြည့်ကြပုံလည်း ရသည်။ ရှေးဦးနှမအသုံးများတွင် နှာမအသုံး အချို့ရောနေခြင်းက ထိုအချက်ကို သက်သေပြနိုင်မည် ထင်ပါသည်။ နောင်တွင် နှမကို မတြာဝက်မတြာပြည့်ဖြင့် ပြောင်းရွတ်လာသည့်အခါ ပိုမိုလွယ်ကူလာသည့်အတွက် အဆုံးတွင် နှမပင် တွင်ကျန်ခဲ့ဟန်တူသည်။

ဤတွင် နှမ၏ အနက်ကို ဆင်ခြင်ရန်လိုလာသည်။ နှ သည် နှစ်လို၊ နှစ်လုံး၊ အနှစ်မောင်

နှံစသည်တို့တွင် အသုံးပြုသော "နှစ်"ပုဒ်သက်သော်လည်း ဖြစ်နိုင်၍ နှမိနှမြော(နှဲမိ၊ နှဲပြော)မှ နှနှင့်အလားတူသော်လည်း ဖြစ်နိုင်သည်။ သို့ဖြစ်၍ နှမသည် အနှစ်ကို ဆောင်နေသည့်နှစ်သက် တွယ်တာအပ်သောအမ ဟူသောအနက်ကို ဆောင်နိုင်သကဲ့သို့ စေးနှဲတွယ်ကပ်အပ်သော(ဝါ)စွဲ ငြိတွယ်တာအပ်သောအမ ဟူသည့်အနက်ကိုလည်း ဆောင်နိုင်ပေသည်။

ထိုသို့သော အနက်ကို ဆောင်သည့်နှမကို မူလက ယောကျ်ားကလေးများက မိမိတို့ အောက်ငယ်ရွယ်သော တမိပေါက်မိန်းကလေးများကို ခေါ်ဝေါ်အသုံးပြုခဲ့သည်။ နောင်တွင် မိမိ နှမရင်းချာကဲ့သို့ ချစ်ခင်နှစ်သက်အပ်သူကိုလည်း နှမဟု တင်စားသုံးကြောင်း တွေ့လာရသည်။

ညောင်ရမ်းခေတ်တွင်ကား နှမကို ကိုယ့်ထက်အကြီးအမ(အစ်မ)နှင့်အလားတူ အသုံး ပြုသည်ကို တွေ့ရပြန်သည်။ ကိုယ့်အောက်အငယ်ဖြစ်သူကို (အ)ထွေး ဟူသောစကားနှင့်တွဲဖက် လျှက် နှမထွေးဟု သုံးတတ်သည်။ ဤသည်ကို သက္ကရာဇ် ၁၀၁၀ ခန့်လောက် ပေါ်ပေါက်ထွန်း ကားခဲ့သော ပုခန်းကြီးမြို့သျှင်ကုမာရကဿပဆို ဓမ္မရာသီပျို့တွင်–

သန္ဓေစွဲဖက်၊ တဝမ်းထွက်ဖြင့်၊ ကိုယ့်ထက်ကြီးလစ်၊ နှမဖြစ်လည်း၊ ခါးဆစ်ချီပိုး၊ ယုယ ပျိုးလျှက်၊ မြတ်နိုးအထူး၊ မွေးပေဘူး၏၊ မဦးကိုယ်ရှေး၊ နှမထွေးနှင့်၊ မြတ်လေးကြင်ချစ်၊ သမီး ဖြစ်လည်း၊ တနှစ်ဖိုးဟန်၊ ဝယ်သောကျွန်သို့၊ ကောင်းမွန်လုစွာ၊ မွေးဘူးရာ၏။

ဟုစပ်ဆိုခဲ့သည်။ ဤသို့လျှင် ဝေါဟာရတို့၏ အနက်နှင့်အသုံးတို့သည် တချိန်ထက်တချိန် ရွေ့ရှား ပြောင်းလဲတတ်ပေသည်။

## နောင်၊ နောင်ကြီး၊ နောင်ငယ်

"နောင်"ဟူသည် တမိသားချင်း ညီအကိုများအနက် အငယ်က အကြီးကိုခေါ်သော ဝေါဟာရဖြစ်သည်။ ထိုဝေါဟာရကို ပုဂံခေတ်ကပင် စတင်အသုံးပြုခဲ့ကြသည်။

ရာဇသူ၊ ပျံချီ၊ ကက်သူဟူသော မင်းသားသုံးပါးသည် ဒုတိယနရပတိစည်သူ(၅၃၉–၅၇၃) နှင့်မိဖုရားဦးဆောက်ပန်းတို့က မြင်သောသားများဖြစ်ကြသည်။ သက္ကရာဇ် ၆၀၄–ခု၊ နတ်တော် လဆုတ် ၁၄–ရက်နေ့တွင် မင်းကက်သူကွယ်လွန်ရာ နောင်တော်မင်းရာဇသူသည် မြင်ကီကျွန်တို့ ကို အမွေအဖြစ် ရလိုက်သည်။ ဤသည်ကို ညောင်ရမ်းကြီးသမီး ကျောက်စာ ၁ တောင်ဘက် ကျောက်ချပ်တွင် – (ညောင်ရမ်းကြီးသမီးအိမ်ရာကျောင်း၊ ပုံ ၁၄၄၊ ၁၇–၁၈)

အတိုဝ်သွိင် မင်ကက်ာသူ ပျံတ်မူပြီသော အမုယ်ဟုသွိင်နောင်မင်ရာဇသူ ယူလိယ်သော မြင်ကီကျွန်တိုဝ့်။

ဟုဖေါ်ပြပါရှိသည်။

သက္ကရာဇ် ၆၂၉ ခုနှစ်ထိုး၊ ရှင်ပင်ဗောဓိ(အရှေ့)ကျောက်စာ(ပုံ ၂၁၈)တွင်မူ အနောင် (ကြောင်းရေ ၆)ဟု သုံးသည်ကို တွေ့ရသည်။

နောင်သည် "နောက်"၊ "နောင်"၊ "နောင်း(နှောင်း)"ဟူသော် ဝေါဟာရအစုတွင် အ

ဝင်အပါဖြစ်၍ အနက်ဆက်စပ်မှုရှိသည်။ နောက်သည် ရှေ့နှင့်ဆန့်ကျင်ဘက်ဖြစ်၏။ ရှေ့ကို အနာဂတ်အချိန်၌ထား၍ သုံးလိုက်သည့်အခါ နောက်သည် အတိတ်ကို ဆောင်၏။ ဟိုးနောက်တုန်းက ဟုပြောနိုင်လာ၏။ ထို့အတူပင် ရှေ့၊ ရှေးကို အတိတ်၌ ထားပြန်သောအခါ "နောက်"သည် အနာဂတ်ကို ဆောင်၏။ "နောက်ကျရင်"ဟု ပြောနိုင်လာသည်။

လာလတ္တံ့ကာလကို ညွှန်းဆိုလိုသည့်သဘော၊ ရှေ့ဦးတွင် ရှိနေသည့်သဘော၊ မနှောင်းဘဲ ရှေ့ကျနေသည့်သဘောဖြင့် နောင်၊ နောက်၊ နောင်ဟု သုံးသည်။

အမြင့်သက်သံ[1]ဖြစ်သည့် "နှောင်း"ကိုကား နောက်ကျသည့်အနက်ဖြင့် "နှောင်းမွေး"၊ "နှောင်းတန်ခူး"၊ "နှောင်းခေတ်"၊ "မိုးနှောင်းသံထင်"၊ "အလာနှောင်းသည်"စသည်ဖြင့် အသုံးပြုပေသည်။

"ညီ"နှင့်"နောင်"ဟူရာ၌လည်း အဦးမွေးဖွားခဲ့သောကြောင့် ရှေ့ဦးနေသည့်သူ၊ ရှေ့ကျနေသည့်သူဟု ယူနိုင်ပေသည်။ ရှေ့ဦးမွေးဖွားသူတို့တဦးထက် ပိုလာသည့်အခါတွင်ကား ရှေ့ကျနေသည့်အကြီး၊ (ဝါ)နောင်ကြီး၊ ရှေ့ကျနေသည့်သူ အငယ်၊ နောင်ငယ်ဟု သုံးနိုင်စရာအကြောင်းရှိသည်။ ပုဂံကျောက်စာတွင် နောင်ငဲ(နောင်ငယ်)ဟု သုံးခဲ့သည်။

သမိုင်းပါမောက္ခဒေါက်တာသန်းထွန်းကမူ ညီနှင့်နောင်ငယ်သည် အလားတူဖြစ်ကြောင်း သူ၏ ခေတ်ဟောင်းမြန်မာရာဇဝင်တွင်

ယောကျ်ားကလေးတဦး၏ သားချင်းများကို နောင်ဟုခေါ်၍ အကြီးကို အစ်ကို၊ အငယ်ကို ငီ သို့မဟုတ် နောင်ငဲဟု ခေါ်လေ့ရှိသည့်အပြင်
ဟုဆိုထားပါသည်။

နှောင်းခေတ် ရတုကဗျာများတွင်ကား နောင်ကို မောင် (ဝါ) ယောကျ်ားကလေးဟူသော အနက်ဖြင့် တိုးချဲ့သုံးခဲ့ကြပေသည်။

မောင်၊ မောင်ကြီး၊ မောင်ငယ်

မောင်သည် တမိသားချင်း မောင်နှမများအနက် မိန်းကလေးများက မိမိတို့အောက် ယောကျ်ားကလေးကို ခေါ်သည့်ဝေါဟာရဖြစ်သည်။ ထိုဝေါဟာရကို ပုဂံခေတ်ကတည်းကပင် တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ကြသည်။

မောင်နှင့်မောင်းသည် အနက်အားဖြင့် ဆက်စပ်မှုရှိသည်။ မောင်သည် မောင်းတုံး၊ မင်းသောအရောင်၊ လက်မောင်း၊ ထောင်ထောင်မောင်းမောင်းစသည်တို့မှာကဲ့သို့ အားကြီး၊ ကြီးမားဟူသောအနက်ကို ဆောင်သည်။ သို့ဖြစ်၍ မောင်းနှင့်အနက်ချင်းစပ်နေသောမောင်ကိုလည်း အားကြီးသောသူ၊ အစ်မလုပ်သူတို့က အားပြုလောက်သည့်သူဟူသောသဘောဖြင့် သုံးခဲ့မည်ဟု ကြံဆမိသည်။ မြန်မာတို့ ကိုယ်နှိုက်ကလည်း "မောင်တည်းကြီးမူ၊ အဘဟူ၍"[၂] ခံယူ သ

1. High Falling Tone. ၂။ ဘူရိဒတ်လင်္ကာကြီး

ဘောထားခဲ့ကြသည်။

ပုဂံခေတ် မောင်အသုံးတို့ကို ဆင်ခြင်သော် တမိသားချင်း မိန်းကလေးက မိမိတို့အောက် ယောကျ်ားကလေးကို ခေါ်သည့်အနေဖြင့်သာ ရှေးဦးစွာ စတင်တွေ့ရှိရသည်။

၁။ သို့မှတ်အိအ်ပြုင် ၁။ အိအ်သွာ ၁။ မောင်ငါဖအိင် ၁။ (၅၂၇၊ ပုံ ၄၊ ၁၀–၁၁)
၂။ သာမိအိုဝ်ကူ။ ငီမအိုဝ်မှယ်။ မောင်ငါ ဖွ်စ်။ (၅၂၂၊ ပုံ ၁၀ ခ၊ ၁၀–၁၁)
၃။ သာမိအိမ့်၊ မောင်ငါဖုန်ရောက်ငီငါဖုန်ဆက်။ (၅၆၇၊ ပုံ ၂၈ က၊ ၇)

စသောအထောက်အထားများစွာတို့မှာ အထင်အရှားဖြစ်သည်။ သက္ကရာဇ် ၅၈၉ ခုနှစ်ထိုး မင်းအနန္တသူ(လေးမျက်နှာဘုရား)ကျောက်စာတွင် မောင်နှင့်နှမကို ပေါင်းစည်းပြီး “မောင်နှမ်”၊ “မောင်နှံ”ဟူသော သက်ရောက်စကား[1]ကို အသုံးပြုလိုက်သည့်အခါတွင်ကား မောင်နှံသည် မောင်နှမဟူသောအဆင့်မှ ချစ်ကျွမ်းဝင်နေကြသည့်အကြင်လင်မယားအဆင့်သို့ တက်လှမ်းလာသည်။ သို့ဖြစ်၍ မောင်ကို ဇနီးမယား၏ချစ်သူသက်ထားအဖြစ် တိုးမြှင့်မှတ်နိုင်ပေသည်။

သို့သော်လည်း မောင်၏မူလအနက်ရင်းကား ကွယ်ပျောက်မသွားပေ။ အဓိပ္ပါယ်ကျယ်ဝန်းလာခြင်းသာဖြစ်သည်။ ထို့ကြောင့်ပင် မောင်အသုံးကို မူလအတိုင်း တွင်တွင်သုံးနေသည့်အပြင် မောင်နှင့်နှမဟူသော နာမ်နှစ်ခုကို ပေါင်းစည်းကာ–

“သကရာဇ် ၆၁၀ နတ်တ်လဆုတ် ၅ ရျက် သုကြာနိယ္ဖ်။ ငါပြ မောင်နှမ လာလတ်ရှယ္ဖ်။
(၆၀၆၊ ပုံ ၁၆၃၊ ၅–၆)

စသည်ဖြင့်လည်း အသုံးပြုနေကြောင်း တွေ့ရသည်။

မောင် တဦးထက် ပိုလာသည့်အခါတွင်ကား မောင်အကြီးကို မောင်ကြီး၊ မောင်အလတ်ကို မောင်လတ်၊ မောင်အငယ်အထွေးကို မောင်ငယ်၊ မောင်ထွေးဟူ၍ သုံးလာနိုင်ကောင်းသည်။ သို့သော်လည်း ပုဂံကျောက်စာတွင် မောင်လတ်၊ မောင်ထွေးဟူသော အသုံးကိုသာ တွေ့ရသည်။ နောင်တွင်ကား မောင်သည် ယောကျ်ားကလေးကို ညွှန်းသော အမည်ရှေ့ဆက်စကား အဖြစ်သို့ ရောက်လာသည်။

အစ်ကို၊ အစ်ညီ၊ အစ်မ

အစ်ကိုနှင့်အစ်မသည် တမိပေါက်သားချင်းတွင် ငယ်ရွယ်သူက မိမိထက်အကြီး ယောကျ်ားကလေးနှင့်မိန်းကလေးကို ခေါ်သည့်ဝေါဟာရတို့ဖြစ်သည်။ ထိုဝေါဟာရတို့ကို ပုဂံခေတ်ကပင် စတင်အသုံးပြုခဲ့ကြရာ သာဓကအချို့ကို အောက်တွင် ဖော်ပြလိုပါသည်။

၁။ အတ္တလိုင်ကာ ငါ သို့ခ်မင်ကြီလေရစိယ်သတေ။ ငါအမိအဖလေရစိယ်သတေ။ ငါအစ်ကိုဝ်လေရစိယ်သတေ။ (ပုံ ၅၉၊ ၆–၈)
၂။ ဖုန်သည် အစ်ကိုဝ် မဟာတုရဂ်ပိစည်လှူပါသောကျွန် (၅၈၉၊ ပုံ ၇၆၊ ၁၁)

1. Derivative Compound.

၃။ အတို့ဝ္ဍ် ကျွာန်အစ်မ ငီမ ၂ယောက်သော စိယ်ဖ္ဍိ်ဝ္ဍ် ကျွာန် လေ ဖုန်သည် မိယ်မတစ်သိုက်ဝယ်
လျှင် စိယ်ညျှာင်ဟု ရကာ (၅၇၉၊ ပုံ ၇၇၊ ၂–၃)

၄။ ဖိယောင်သာဝေယ်နှင့်သံပုတ်သည် အစ်မ ငီမခပင်ကာတြ၂ာ ယှုံ ကြသော ဟုတ္တာ။
(၅၉၀၊ ပုံ ၁၇၄၊ ၁၇–၁၈)

ထို့ပြင် အစ်ကို၊ အစ်မကို အတ်ကို၊ အတ်မဟုရေးသည်ကိုလည်း တွေ့ရသေး၏။

၁။ မျှင်ခင်၊ မျှင်တိုခွဲယ်ငီအတ်ကိုဝ်ငီရှုယ်ဍ်တွေ္လာင်ပုရှာပ္လုရကာ (၅၉၇၊ ပုံ ၈၈၊ ၂–၄)

၂။ ဖီယောင်သာဝေယ်နှင်သင်ပုတ်သည် အတ်မ ငီမခပင်ကာ တြ၂ာယှုံခေ
(၅၉၀၊ ပုံ ၁၇၄၊ ၁၅–၁၆)

ဤတွင် အတ်နှင့်အစ်ကို လက်ခုပ်လက်ဝါး အသုံးပြုထားကြောင်း တွေ့လာရသည်။ စင်စစ် ပုဂံကျောက်စာများတွင် အတ်နှင့်အစ်ကိုသာမက ချတ်နှင့်ချစ်ကိုလည်း ထိုသို့ပင် အသုံးပြုသည်။ စတ်ကို စိတ်နှင့်တွဲလျက် စိတ်စတ်(ခွဲခြမ်းစိတ်ဖြာစစ်ဆေးသည်)ဟူသော အထူးပြုခံစကားပေါင်းကိုလည်း သုံးသေးသည်။

၁။ ချတ် မမိယ်သင် ချတ်မရယ်သင်။ (၆၀၄၊ ပုံ ၁၄၅၊ ၁၁–၁၃)

၂။ မချတ်သသူနှင့်တကွ နိယ်သဆိုဝ်ငြယ် **ချတ်**သသူနှင်ကွိယ်ကင်သဆိုဝ်ငြယ်။
(၆၂၈၊ ပုံ ၂၁၆၊ ၂–၃)

၃။ အမိန်မဲမရောင်ရဲရှုယ် မင်ကြီလျှင် စတ်တုံ၏၊ (၆၃၁၊ ပုံ ၂၇၄၊ ၁၂)

၄။ ဖံမိလျှင် သုခိုဝ်ဟု၊ မင်နှပ်ၔ မင်လေ၊ စံတလံ၊ ခိုဝ်သဟု
အမည်မတင်မုရှုယ်၊ ခိုဝ်မှုဆင်ခြင်သောသုကိုဝ်ပိယ် ၂ၔ ထိုဝ်သူ
တိုဝ်လေစိတ်စတ်ရှုယ်၊ မဟုတ်မုကာ၊ လွတ်ၔ (၆၁၁၊ ပုံ ၁၆၆ က၊ ၄၄–၄၆)

အတ်နှင့်အစ် နှစ်လုံးစလုံးသည်လည်း အသံကျိုးပေါက်[၁]ချည်းဖြစ်သည်။ မူလ အာနှင့်အီသရကို အသံကျိုးပေါက်သံနှင့်ရှတ်ဆိုခြင်းဖြင့် အတ်နှင့်အစ်ဖြစ်လာပေရာ ယင်းတို့မှာ တခုနှင့်တခု ပြောင်းသုံးရန် မခဲယဉ်းတော့ပေ။

ဤတွင် အစ်၏အနက်ကို တွက်ဆကြည့်ရန် လိုလာပေသည်။ အစ်ကို၊ အစ်မတွင် တွဲယှဉ်လာသော အစ် သည်၊ အစ်ခွက်၊ ကွမ်းအစ်၊ နို့အစ်၊ ပူအစ်တို့တွင် အသုံးပြုထားသကဲ့သို့ မဟုတ်ပဲ၊ ဝဝအစ်အစ်၊ ပါးစုံအစ်၊ အစ်အစ်ဖိုင့်ဖိုင့် တို့မှာကဲ့သို့ ပြည့်ပြည့်ဖြိုးဖြိုး၊ ပြည့်ပြည့်ဝဝဟူသည့်အနက်ကို ဆောင်ပေသည်။

ထို့အတူ အစ်နှင့်ပေါင်းစပ်ထားသော ကိုဝ်သည်လည်း၊ ကံပုဒ်နောက်ဆက် ကိုဝ်မဟုတ်ပေ။ ခန္ဓာဟော၊ မိမိကိုယ်တိုင်ဟော ကိုဝ်ဖြစ်သည်။

သင်းကြီးအဘိနန္ဒသူ(အမည်ကား ငကြီး)သည် မိမိကိုယ်ကို လှူသည်။ မိမိမယား၏ကိုယ်ကိုလည်း လှူသည်။ သမီးကြီးနှင့်သမီးငယ် မောင်းမတို့ ကိုယ်ကိုလည်း လှူသည်။ ဤသည်

1. Glottal Stop.

ကို–

. . . ကိုဝ်မိယာသာ နှစ်ယောက်အာပေါင် ၄ ယောက် ပုဟ်ာလှူရှယ်ဤကျောက်စာရိယ်ဇော်။ ဟုမှတ်တမ်းတင်ခဲ့သည်။ ထို့ပြင် သက္ကရာဇ် ၅၉၃ ခုနှစ်က မင်းအမတ်တဦးက ဘုရားကို လှူတန်းရာတွင် မိမိကိုယ်ကို လှူကြသောသူများအား

မင်အမတျာ ပုရှာကိုဝ်လှူသော မိမိကိုဝ်လှူပါသောသူကာ။ ငပွည်စုံ ၁။ သာငမွင် ၁။ စသည်ဖြင့် ဖော်ပြခဲ့သည်။

သို့ဖြစ်၍ အစ်နှင့်ကိုဝ်ကို ပေါင်းဖွဲ့လိုက်သည့်အခါ "ပြည့်ပြည့်ဝဝ(အားပြုလောက်သည့်)သူ"ဟူသောအနက်ကို ဆောင်သည့်သက်ရောက်စကားပေါင်း အစ်ကိုဝ်ဖြစ်လာသည်။ အစ်မမှာမူ ပြည့်ပြည့်ဝဝ(အားပြုလောက်သည့်)အမျိုးသမီးဟူသော အဓိပ္ပါယ်ကို ဆောင်သည်ဟု ကြံကသင့်အံ့ထင်၏။

အစ်ကို၊ အစ်မအပြင် ဇေ်ညီ၊ အစ်ညီဟုလည်း တွေ့ရသေး၏။ များများစားစား တွေ့ရခြင်းကား မဟုတ်ပေ။ "ပြည့်ပြည့်ဝဝ တမျှတည်း တွယ်တာအပ်သူ"ဟု ဆိုနိုင်မည့်ဇေ်ညီ၊ အစ်ညီသည် တွင်တွင်ကျယ်ကျယ် အမှတ်ပြုခံရသည့်ဝေါဟာရဟု ဆိုနိုင်ရန် ခက်ချေသည်။

အစ်ကို၊ အစ်မတို့ကို အသံကျိုးပေါက်သံအစကတည်းကာ အားစိုက်ရွတ်ရသည်။ အကို၊ အမတို့ကိုကား လေအားသိပ်မစိုက်ရဘဲ မတြာဝက်မတြာပြည့်ဖြင့် ရွတ်ရသောကြောင့် အစ်ကို၊ အစ်မမှ အကို၊ အမသို့ (သံအပေါ့အလေးသင်္ကေတဖြင့်ပြရသော် ×/၊ ×/) ပြောင်း၍ရွတ်လာကြရာ၊ အရေးတွင်လည်း အကို၊ အမ–ဟု အတော်များများက စသတ်(စ်)မပါဘဲ စာလုံးပေါင်းကြသည့်အခြေသို့ပင် ရောက်နေပေပြီ။

ဝမ်းကွဲ

ဆွေမျိုးတော်စပ်ပုံကို ဖော်ပြရာတွင် တအူထုံ့ဆင်း မောင်နှမရင်းများဖြစ်ပါက မောင်နှမအရင်းဟုခေါ်၍ တမိဝမ်းပေါက်၊ တဖသားချင်းမဟုတ်ကြဘဲ တပါးသောအမိဝမ်း တပါးသောတဖသားမှ မွေးဖွားလာသည့်အခါ ဝမ်းကွဲဟု ပြောဆိုတတ်ကြသည်။ မောင်နှမရင်းမှ မွေးဖွားသူများဖြစ်လျှင် တဝမ်းသာကွဲသေးသောကြောင့် တဝမ်းကွဲ၊ တဝမ်းကွဲမှ မွေးဖွားလာကြသည့်အခါ နောက်ထပ် တဝမ်းကွဲသွားပြန်သောကြောင့် နှစ်ဝမ်းကွဲစသည်ဖြင့် ခေါ်ဝေါ်သုံးစွဲတတ်ကြသည်။ အချို့အရပ်ဒေသတွင် တနို့ခြား၊ နှစ်နို့ခြားဟုပင် သုံးတတ်ပေသည်။

ဤအသုံးသည် အထက်လူက အောက် တူ၊ တူမ၊ မြေး၊ မြစ်စသည်တို့ကိုဖြစ်စေ၊ အောက်လူက အထက် ဦးရီး၊ ဘထွေး၊ မိကြီး၊ မိထွေး၊ အဖိုး၊ အဖွားစသည်တို့ကိုဖြစ်စေ အစုန်အဆန်ရည်ညွှန်းပြောဆိုနိုင်ပေသည်။

## အခန်း(၆)
## လက်ထပ်ထိမ်းမြားရာ၌ တော်စပ်သူများ

ခမီး(ခမည်း) ခမက်

လက်ထပ်ထိမ်းမြား၍ တော်စပ်လာသော မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများအနက် "ခမီး(ခမည်း)နှင့်ခမက်"သည် စကားပေါင်းတခုဖြစ်သည်။ ခမီး(ခမည်း)နှင့်ခမက်ကို စုပေါင်းဖွဲ့စည်းထားသည့်သဘောရှိသည်။ သို့သော် ခမီး(ခမည်း)နှင့်ခမက်ကို တကွဲတပြားစီ ကြည့်လျှင် အဓိပ္ပါယ်မတူပေ။ ခမီး(ခမည်း)နှင့်ခမက်ဝေါဟာရနှစ်ခုပေါင်းလိုက်မှ လင်မယားနှစ်ယောက်၏ အမိအဖအချင်းချင်း တော်စပ်သည့်ဆွေမျိုးစပ် အနေအထားကို ဖေါ်ပြထားသည့်စကားပေါင်းဖြစ်လာပေသည်။

ပထမဦးစွာ ခမည်းဟူသော ဝေါဟာရ၏ အဓိပ္ပါယ်နှင့်အသုံးအနှုန်းကို လေ့လာကြည့်ဖို့လိုပါသည်။

ခမည်းကို ဖခင်ဟူ၍ အများဆုံး နားလည်လက်ခံထားကြသည်။ ယခုခေတ်အသုံး ခမည်းသည် စကားလုံးအဓိပ္ပါယ် နယ်ကျဉ်းသွားသော်လည်း ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်တိုင်အောင် အဖွား၊ အဖ၊ အမိ၊ လင်၊ ဇနီး၊ သား၊ သမီးမှစ၍ ချစ်ခင်နှစ်သက်မြတ်နိုးအပ်သောသူဟူသမျှကို ခမည်းဟု ယခင်က ခေါ်ဝေါ်ရေးဖွဲ့ခဲ့ကြသည်ကို တွေ့ရသည်။

ဤတွင် မိမိကို မွေးသည့်ဖခင်အား မြတ်နိုးချစ်ခင်သကဲ့သို့ မြတ်နိုးချစ်ခင်သည်ဆိုသောသဘောဖြင့် ခင်မင်သူမှန်သမျှ ခမည်းဟူ၍ တင်စားခေါ်ခြင်းဖြစ်မည်ဟု ယူဆရပေသည်။ သို့ကြောင့်ပင် စိန္တကျော်သူဦးဩက မိမိ၏ ကဝိလက္ခဏာသတ်ပုံသံပေါက် ၁၆၆၄ တွင်

တသမတ်တည်း၊ ချစ်အားသည်း၊ ခမည်းဖခင်ဆို

ဟု စပ်ဖွဲ့ခဲ့သည်။

ပုဂံခေတ်ကပင် အခြေတည်ခဲ့သော ခမည်းအသုံးများကို ကြည့်လျှင် ဤသို့တွေ့နိုင်သည်၊

၁။ ငါ ခမည် (၅၇၃၊ ပုံ ၉၀၊ ၁၉)

(ကျစွာမင်းကြီးက နားတောင်းများမင်းကြီးကို ငါ့ခမည်း ဝါ ငါ့ဖခင်ဟု ခေါ်သည်။)

၂။ ဇေယျပွတ်ကိုဝ်။ မင်ကြီ ခမည်ပိယ်တာဝ်မူသလေစင်အေ်။ (၅၇၃၊ ပုံ ၉၀၊ ၂၂-၂၃)

(ဤတွင် အမတ်ကြီးများက ကျစွာမင်းကြီး၏ ဖခင် နားတောင်းများမင်းကြီးဟုဆိုလိုသည်ကို မင်းကြီး ခမည်းဟုပင် သုံးကြောင်း တွေ့ရသည်။)

၃။ ခမည်အဖွာဇဝ် (၆၃၃၊ ပုံ ၂၃၄၊ ၂၄)

[ဤနေရာ၌ကား တရုတ်ပြေးမင်း - (နရသီဟပတေ့မင်း)က ချစ်အဖွားဟု ခေါ်လေဟန်သုံးထားခြင်းဖြစ်သည်။]

ဤအထောက်အထားများကို ဆင်ခြင်လျှင် ဖခင်ရင်းကိုသာမက ချစ်မြတ်နိုးအပ်သော

အခြားသူတို့ကိုပါ ခမည်းဟု ခေါ်ကြောင်း သိသာသည်။

ခမည်းကို အင်းဝခေတ် သျှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့ ပုဒ်ရေ ၁၃၅ တွင် ခမင်းဟု သုံးထားသည်ကို တွေ့ရသည်။ ဤ၌ မည်းတွင်ပါရှိသော အည်းကို နှာသံဖြင့် ရွတ်ရာမှ အင်းသို့ ပြောင်းသွားသည့်သဘောဟု ယူဆရသည်။ သို့သော် အင်းဝခေတ်တွင် ခမည်းသည်သာ အသုံးတွင်ကျယ်ခဲ့ပုံရသည်။

ဤမျှကား ခမည်းနှင့်ပတ်သက်သော သာဓကအချို့ ဖြစ်သည်။ ဂျပ်ဆင်အဘိဓာန်တွင်မူ ခမည်းခမက်ကို "ခမိခမက်"ဟုပြပြီး၊ "ခမိ"ကို ဖေါ်ပြရာ၌ သားဖြစ်သူ၏ မယား၏ မိခင်၊ သမီးဖြစ်သူ လင်၏ မိခင်(ခမက်နှင့်သာ တွဲသုံးသည်)ဟုပြသည်။ စာပေအရေးအသားတွင်လည်း ခမိခမက်ဟုသာမက ခမီးခမက်၊ သမီးခမက်ဟုလည်း သုံးသေးသည်။

ကဗျာဗန္ဓာရစာမျက်နှာ ၅၃၅ ၌ ပါရှိသော တီးချက်စည်းချက်ကိုက် ရှေးရတုဟောင်းတပုဒ်တွင်

ရွှေတောင်ခမည်း၊ လင်နည်းပေါက်သည့်အီး၊ ခမီးခမက်၊ ရှိပါလျက်ကို၊ အရှက်ခွဲသည့်ညဲ ဟု ခမည်းနှင့်ခမီးကို ခွဲခြားဖေါ်ပြသည်။

ဗညားဒလ သား ဗညားနွယ်နှင့်ဇဇင်ကာ၏ သမီးတို့ ထိမ်းမြားရ၍ ဗညားဒလနှင့်ဇဇင်ကာတို့ တဦးနှင့်တဦး ခမည်းခမက် ဖမ်းကြသည်ကို သမီးသမက် ဖမ်းကြသည်ဟုရင်း၊ ခမီးခမက် ဖမ်းကြသည်ဟုရင်း ရာဇဝင်ကြီးများတွင် ရေးသားဖေါ်ပြသည်။

ခမက်နှင့်ပတ်သက်၍ကား ဂျပ်ဆင်အဘိဓာန်တွင် သားဖြစ်သူ၏ မယား၏ ဖခင်၊ သမီးဖြစ်သူ၏ လင်၏ ဖခင်ဟု ဖေါ်ပြသည်။ ထို့ပြင် ယင်း၏ ခမိပုဒ်အနက်ဖွင့်မှာကဲ့သို့ပင် ခမိနှင့်သာတွဲသုံးသည်ဟု ပြဆိုပေသည်။

သို့သော် ဂျပ်ဆင်အဘိဓာန်ပြမှာချက်အတိုင်းမဟုတ်ပဲ မြန်မာစာပေတွင် ခမက်တလုံးတည်း အသုံးပြုခဲ့သည့်သာဓကများ ရှိပေသည်။ ပုံစံအားဖြင့် ရှင်သူရဲ၏ သခင်ထွေးချောင်းပုဒ်ရေ ၂၀ တွင်–

နတ်ရှင်ခမက်၊ သည်းကြားဝှက်သည်၊ စုံမက်မြတ်နိုး၊ ရှင့်ချစ်ဘိုးနှင့်

ဟူ၍ရင်း၊ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းတွင် ဘုရင်မင်းခေါင်က သမိန်အဝန်နိုင်ကို မှာသည့်စာ၌–

နောင်တော့် ခမက်တော် သမိန်အဝန်နိုင်. . .

ဟူ၍ရင်း၊ မဏိကုဏ္ဍလဝတ္ထုတွင် တပါးသူဌေး၏ သမီးလှကို မိမိတို့အရှင်သူဌေး၏ သားနှင့်ရစေလိုသောငှာ တိုက်တွန်းသည့်စကားတွင်

. . . သမီးသည် အလွန်လှသည်ဖြစ်သောကြောင့် ငါတို့ရှင်သူဌေးနှင့်ခမက်ဖမ်းအံ့သော ငှာ သင့်၏။

ဟူ၍ရင်း၊ သားဖြစ်သူ၏ မယား၏ ဖခင်နှင့်သမီးဖြစ်သူ၏ လင်၏ ဖခင်တို့ တော်စပ်ပုံစကားသုံးအ

ဖြစ် အသုံးပြုထားပေသည်။

ပုဂံခေတ်ရေးထုံးသုံးထုံးကို ပြန်ပြောင်းထောက်ဆလိုက်သည့်အခါတွင်ကား–

၁။ ခေင်မှက် ငမာသင် (၅၇၆၊ ပုံ ၇၉ က၊ ၂၀)

၂။ ခင်မက် သေယောက် (၆၀၉၊ ပုံ ၁၆၀ ခ၊ ၂၅)

ဟူ၍ "ခင်မှက်"၊ "ခင်မက်"တို့ကို တွေ့လာရသည်။ ဤတွင် လေ့သင်က သေယောက်ကို ခင်မက် ဟုခေါ် ရာ၌ မည်သို့တော်စပ်ပုံကို မသိရသော်လည်း ဥတ္တမကြီက ငမာသင်ကို ခေင်မှက်ဟု ခေါ် ရာတွင်ကား၊ လင်မယားနှစ်ဦး၏ယောက္ခမ ယောကျ်ားသူချင်းခေါ် သည့်စကားဖြစ်ကြောင်း သိရ သည်။

ဤတွင် ခမက်၏ အရင်းအမြစ်မှာ ခင်မက်တွင် ဆိုက်နေကြောင်း သိသာလွယ်ပါသည်။ သို့ဖြစ်၍ ခင်မင်တွယ်တာသည့်သဘောဖြစ်သော"ခင်"နှင့်တပ်နှစ်သက်စွဲနှစ်သက်၊ တပ်စွဲဟော "မက်"တို့ပေါင်းစည်းခြင်းဖြင့် ခမက်၏ အနက်ရင်းမှာ (သားသမီးတို့နှင့်စပ်ကာ)တွယ်တာတပ်စွဲ အပ်သူဟု ယူနိုင်ပေသည်။

ခမည်း၊ ခမီး၊ ခမိ၊ ခင်မက်၊ ခင်မှက်၊ ခမက်တို့၏ ဇစ်မြစ်ကို သတ္တုချကြည့်ပါက ခ၊ ခင်နှင့် မည်း၊ မှက်၊ မက်တို့ ပေါင်းစပ်ထားကြောင်း တွေ့ရပေသည်။

ခ၊ ခင်တို့သည် ဖွဲ့ရှက်ဆက်စပ်သည့်သဘောကို ဆောင်သည့်ခက်မှ ဖြာထွက်လာသော ပုဒ်ပွားကလေးများဖြစ်ပေသည်။ မည်း၊ မှက်၊ မက်တို့သာမက ခင်မင်၊ အမဲတို့မှ မင်၊ မယ်၊ မဲအ ပါအဝင် ပုဒ်တို့သည်လည်း တပ်နှစ်သက်၊ စွဲနှစ်သက်ဟော မက်မှ အသွင်ပြောင်းထားသည့်ပုဒ် များဖြစ်ပေသည်။

မိ၊ မီးတွင် မိသည် ပဓာနအသုံးဖြစ်၍ မနှင့်အလားတူ အမျိုးသမီးကို ညွှန်းသည့်စကား ဟု ယူလိုပါသည်။ သို့ဆိုလျှင် ခမိ၊ ခမီးသည် ခင်မင်တွယ်တာအပ်သောအမျိုးသမီးဟု ကောက် ယူနိုင်ပေသည်။

ခမက်ကို လင်မယားနှစ်ဦးတွင် လင်၏ အဖနှင့်မယား၏ အဖတို့ ဆွေမျိုးတော်စပ်ပုံအ ဖြစ် အခိုင်အမာ အသုံးပြုခဲ့ပုံသာဓကများကို ထောက်လျှင် ခမီး(ခမည်း)သည် လင်မယားနှစ်ဦး တွင် လင်၏ အမိနှင့်မယား၏ အမိတို့ တော်စပ်ပုံကို ဖေါ်ပြသော ဝေါဟာရသာ အသုံးမှန်ဖြစ်သင့် ပါသည်။ ဤအတိုင်းဆိုပါက ခမိ၊ ခမီးသည် အသုံးမှန်ဖြစ်ပေမည်။ ခမည်းကို ပုဂံခေတ်ကစ၍ တလျှောက်လုံး သုံးလာခဲ့သောကြောင့် ထိုစာလုံးပေါင်းက လွှမ်းမိုးနေစရာ အကြောင်းရှိပါသည်။

ဤသို့လျှင် လင်မယားနှစ်ဦးတွင် လင်၏ အမိနှင့်မယား၏ အမိတို့တော်စပ်ပုံပြ ခမီးနှင့် လင်၏ အဖနှင့်မယား၏ အဖတို့ တော်စပ်ပုံပြ ခမက်တို့ပေါင်းစည်းလိုက်သောအခါ လင်မယား နှစ်ယောက်၏ အမိအဖအချင်းချင်း ဆွေမျိုးတော်စပ်ပုံပြ စကားပေါင်းဖြစ်သော ခမီးခမက်ဖြစ် လာပေသည်။

ခယ်မ

“ခယ်မ”သည် မယား၏ညီမကိုဖြင်း၊ ညီ၏မယားကိုဖြင်း ခေါ်ပေသည်။ ပုဂံခေတ်က စတင်အသုံးပြုခဲ့သော ဆွေမျိုးစပ်ဝေါဟာရများတွင် ခယ်မကို ရှာမတွေ့သေးပဲ ရှိပေသည်။

ပုဂံသားတို့သည် ဆွေမျိုးစပ်ဝေါဟာရများကို အံ့သြချီးကျူးဘွယ်ဖြစ်လောက်အောင် ထောင့်စုံစုံ တီထွင်ဖန်တီးခဲ့ပေရာ ကျောက်စာများတွင် ရှာဖွေမတွေ့သေးသော ဝေါဟာရဖြစ်ရုံမျှဖြင့် ပုဂံခေတ်က ခယ်မဟူသော ဝေါဟာရအသုံး မပေါ်ခဲ့ဟု ဆိုရန် ခက်ခဲပေသည်။

အင်းဝခေတ်တွင်ကား ပါရမီတော်ခန်းပျို့၌

မောင်နှမရင်း၊ သားချင်းညီကို၊ ခဲအိုခယ်မ၊ အစ်မတော်ဆက်. . .

စသည်ဖြင့် ခယ်မကို အသုံးပြုနေကြပေပြီ။ ဖွဲ့ရှက်ဆက်စပ်သည့်သဘောကို ဆောင်သော ခက်၊ ခင်မှ အသွင်ပြောင်းလာသော ခယ်နှင့်အမျိုးသမီးဟော မ တို့ပေါင်းစပ်ထားသည်ဖြစ်ရာ နှမရင်းကဲ့သို့ ခင်မင်တွယ်တာအပ်သူဟု ဖွင့်ဆိုနိုင်ပေမည်။

ခဲအို

“ခဲအို”ကို တက္ကသိုလ် မြန်မာအဘိဓာန်အပိုင်း၂ (ခ–အက္ခရာ)တွင် ၁။ တဦးသောမိန်းမ၏အမ၏လင်၊ ၂။ လင်၏အစ်ကိုဟု အနက်ပေးထားသည်။ ခဲအိုသည်လည်း ခယ်မကဲ့သို့ပင် ပုဂံကျောက်စာများ၌ ရှာမတွေ့သေးသော ဝေါဟာရဖြစ်သည်။ အင်းဝခေတ်သို့ အရောက်တွင်ကား ခဲအိုရော ခယ်မကိုပါ ပျို့ကဗျာ လင်္ကာများတွင် အသုံးပြုဖော်ပြနေပေပြီ။

မရီးနှင့်မတ်ကဲ့သို့ပင် ခဲအိုနှင့်ခယ်မသည်လည်း အပြန်အလှန် ဆွေမျိုးစပ်ပုံ သဘောချင်းတူပေသည်။ ညီ၏မယားသည် ခယ်မဖြစ်၍ ညီ့မယားဘက်က ပြန်ကြည့်လျှင် လင်၏အစ်ကိုကို ခဲအိုတော်ပေသည်။ ထိုသို့ပင် မယား၏ညီမကို ခယ်မတော်သည်ဖြစ်ရာ၊ မယား၏ညီမကလည်း မိမိအမ၏လင်ကို ခဲအိုပြန်တော်ပေသည်။ ရှေးမြန်မာကြီးတို့သည် ဤသို့စိတ်ကူးကောင်းကောင်းဖြင့် ဆွေမျိုးစပ်ဝေါဟာရများကို တီထွင်ခဲ့ကြပုံရပေသည်။

ခဲအို၏ရင်းမြစ်မှာမူ “ခဲကို”ဖြစ်ဟန်တူသည်။ ခဲကို သည် အသံဖြစ်ရာတူသည့်ဗျည်းနှစ်လုံးတွဲသုံးထားခြင်းဖြစ်သည်။ ဤတွင် ရှေ့သံကို လေတင်းသံဖြင့် ရွတ်ရရာ၊ နောက်အသံဖြစ်သော “ကို”ကို ရွတ်ရာ၌ အားစိုက်နေရသည်။ ထို့ကြောင့် အရွတ်ရပြေပြစ်စေရန် နောက်သံတွင် “က”ဗျည်းမထည့်တော့ဘဲ သရသက်သက် “အို”ကို ပြောင်းရွတ်ရာမှ ခဲအိုဖြစ်လာဟန်ရှိပေသည်၊ ခဲနှင့်ခယ်သည် ခ ဗျည်းသံရင်းအတူတူဖြစ်ပြီး၊ အဲနှင့်အယ်ဟူသော သရသံရင်းသာ ကွဲပြားခြားနားပေသည်။ ထို့ကြောင့် ခဲကိုမှ ပြောင်းလာသော ခဲအိုကို အစ်ကိုရင်းကဲ့သို့ ခင်မင်တွယ်တာအပ်သူဟု ဖွင့်ဆိုနိုင်ပေသည်။

ခင်ပွန်း၊ ခင်ပွန်းစာ၊ ခင်ပွန်းမ

ပုဂံကျောက်စာများတွင် ခင်ပွန်းဟူသော ဆွေမျိုးစပ်ဝေါဟာရကို အမိ၊ အဖ၊ သမီ၊ နှမ တို့နှင့်အတူ အစောဆုံး တွေ့ရသည်။

၁။ ဆာယ်ပ္လိယ် ဆာ(ယ်)ရှောင်ကစအ်သော ခင်ပွန်တစ်ကလေဖုန်ရစိဧ။ (ပေါ်တော်မူ၊ ပုံ ၃၁၃၊ ၁၃)

၂။ မိ ၂ ခပွန် မျိုဝ် ၇ ဆက် ၇ စိယ်သတေ (၅၄၀၊ ပုံ ၇၇၊ ၇)

၃။ အမိ အဖ ဆြာ ခင်ပွန် (၅၅၈၊ ပုံ ၁၄၊ ၇)

ဤတွင် ခင်ပွန်ကို ခပွန်ဟု ပေါင်းထားသော စာလုံးပေါင်းမှုကွဲတခုတွေ့နေရသည်။ ကျောက်စာရေးထိုးရာတွင် င သတ်(င်)ပြုတ်ကျန်ခဲ့ခြင်းဖြစ်သည်ဟု ထင်ပါသည်။

ခင်ပွန်းအသုံးကို လေ့လာလိုက်သည့်အခါ အစောဆုံးဖြစ်သော ပေါ်တော်မူဘုရား ကျောက်စာ၌ပင် ဆရာက စသော ခင်ပွန်းတကာဟူသည့်စကားရပ်ကို တွေ့လာရသည်။ ဤစကား ရပ်ကပင် ခင်ပွန်းသည် ခင်မင်၊ ခင်တွယ်၊ ချစ်ခင်စသည်တို့တွင် လာရှိသော ချစ်မေတ္တာသက်ဝင် ဟော ခင်နှင့်ပွန်းတီးမှာကဲ့သို့ ရင်းနှီး၊ ကျွမ်းဝင်ဟောပွန်းတို့ ပေါင်းစည်းခြင်းဖြင့် ချစ်ခင်ရင်းနှီး ရသူ၊ ချစ်ကျွမ်းဝင်သူ၊ ပွန်းပွန်းတီးတီး ခင်မင်ရသူ၊ မိတ်ဆွေဟု အဓိပ္ပါယ်ရကြောင်း ပြဆိုနေပေ သည်။

ထို့ကြောင့်လည်း မြန်မာတို့ အစဉ်အလာအားဖြင့် ၁။ ဗုဒ္ဓ ၂။ ပစ္စေကဗုဒ္ဓ ၃။ အရဟန္တ ၄။ အဂ္ဂသာဝက ၅။ မိခင် ၆။ ဖခင် ၇။ အသက်သိက္ခာ ဂုဏ်ဝါသီလအာစာရအမျိုးစသည်တို့ ၌ မိမိထက် ကြီးမြတ်၍ ရှိသေအပ်သူများ ၈။ ဆရာ ၉။ တစုံတခု ပေးကမ်းခြင်းဖြင့် ကျေးဇူးပြု ဘူးသူမှန်သမျှ ၁၀။ တရားဟောဆရာ ဟူသော ခင်ပွန်းကြီးဆယ်ပါး (မိတ်ဆွေကောင်းကြီးဆယ် ယောက် ရှိသည်ဟု အမှတ်ပြုခဲ့ကြပေသည်။)

နောက်အသုံးကား ခင်ပွန်း၊ လင်ဟူသည့်အသုံးဖြစ်သည်။ ဆွေမျိုးစပ်ဝေါဟာရစာရင်း ဝင် ဖြစ်လာသော ဤအသုံးသည်လည်း ပွန်းပွန်းတီးတီးခင်မင်ရသူ ဟူသောအနက်ရင်းကို အ ခြေခံ၍ လင်ဟူသောအဆင့်သို့ တက်ကာ အသုံးနယ်ချဲ့လာခြင်း ဖြစ်ပေသည်။

ဆရာကြီးဦးဖိုးလတ်ကမူ သူ၏မြန်မာစကားအနက်ဖွင့်ကျမ်း၌ အရှင်လင်အနက်ဖြင့် သုံးခြင်းမှာ ခင်ပွန်း၏အခြားအနက်တမျိုးနှင့်သုံးခြင်းဖြစ်သည်။ သခင်၊ ခင်ကြီး၊ ခင်ဗျားတို့မှာ ကဲ့သို့ အသျှင်၊ ကြီးမြတ်သူဟော ခင်နှင့်တိဗက်–တရုတ်ဘာသာတို့လာ မိတ်တူပုဒ်များအရ အ သျှင်၊ သခင်၊ လင်စသည်ဟော "ပွန်း"တို့တွဲဖက်ခြင်းဖြင့် ခင်ပွန်းသည် အသျှင်၊ သခင်။ လင် ယောကျ်ားဟု အဓိပ္ပါယ်ရသေးသည်ဟု ဆိုထားပေသည်။

စင်စစ် အထက်တွင် ပြဆိုခဲ့ပြီးသည့်အတိုင်း မြန်မာတို့သည် ဘုရား၊ ပစ္စေကဗုဒ္ဓါအဝင် အပါ ပုဂ္ဂိုလ်မျိုးကို ခင်ပွန်းကြီးဆယ်ပါး၊ မိတ်ဆွေကောင်းကြီးဆယ်ယောက် စသဖြင့် အမှတ်ပြု ကိုးစားခဲ့သည်ဖြစ်ရာ ခင်ပွန်း၏အခြားအနက်တခုကို တပင်တပန်း မကြံဆပါဘဲ မူလအခြေအ

တိုင်းနှင့်ပင် လင်ဟု တိုးချဲ့အသုံးပြုနိုင်မည်သာ ဖြစ်ပါသည်။

နှောင်းခေတ်များတွင်လည်း ခင်ပွန်းကို အထက်ပြဆိုခဲ့သော အသုံးများသာမက လင် မယား၊ မယားဟူသော အနက်ဖြင့်ပါ သုံးစွဲလာပေသည်။ ကိုးခန်းပျို့၌

တို့တို့တွန်းတွန်း၊ ကြမ္မာညွန်းသည်၊ ခင်ပွန်းဖြစ်စ၊ ရှေးမဆွကဟူသော စကားရပ်လာ ခင်ပွန်းဖြစ်စ ဟူသည် အကြင်လင်မယားဖြစ်စဟု အနက်ရသည်။ ထို့ပြင် ကျပင်းတရားစာ၌

ယသော်ဓရာ အလောင်းသည်လည်း ၎င်းသူဌေး၏ အလုပ်အကျွေး ခင်ပွန်းမဖြစ်လှာ ၍ အာသယ့် အမည်တွင်လေ၏

ဟု ခင်ပွန်းတွင် မ တိုးပြီး မယားဟူသော အနက်ဖြင့်၎င်း၊

သိကြားဝှက်၍၊ ဖွတ်တက်ပြာန်၊ လက်ကချည်းကျန်သည်ကို၊ ကေန္တမသိ၊ မရိပ်မိသော ကြောင့်၊ သူဌေးမ ခင်ပွန်းအား တိုက်တွန်းခေါ်ဆို၊ ပြောဟောလို၍

စသည်ဖြင့် မ–မတွဲဖက်ပဲ ခင်ပွန်းသက်သက်ကို မယားဟူသော အနက်ဖြင့်ပင်၎င်း ကျပင်းဆရာ တော်က သုံးခဲ့ပေသည်။

ခင်ပွန်းဟူသည့်စကားမှ ဆွယ်ပွားထွက်လာသည့်ဆွေမျိုးစပ်ဝေါဟာရအချို့မှာမူ အောက်ပါအတိုင်း ဖြစ်ပေသည်။

ခင်ပွန်းစာ။ ။ပွန်းပွန်းတီးတီး ခင်မင်အပ်သူဇနီးအဖြစ် ထောက်ချင့်နှိုင်းရှည့်အပ်သော မိန်းမ။

ခင်ပွန်းမ။ ။၁၊ ပွန်းပွန်းတီးတီး ခင်မင်အပ်သော အမျိုးသမီး၊ မိန်းမမိတ်ဆွေ။ ၂။ ဇနီး၊ မယား။

ခင်ပွန်းရည်။ ။ပွန်းပွန်းတီးတီး ခင်မင်အပ်သူအဖြစ် ရည်ရွယ်မှန်းထားခြင်းခံရသူ မိတ်ဆွေ ကောင်း။

ခင်ပွန်းသည်။ ။ပွန်းပွန်းတီးတီး ခင်အပ်သူ၊ လင်ယောကျ်ား။

ခင်အုန်း။ ။ထွတ်ထွတ်ဦးဦး ခင်မင်တွယ်တာရသူဟု အဓိပ္ပါယ်ရသောခင်ဦးပင်ဖြစ်ရန်ရှိ သည်။ ခင်ဦးတွင် ဦးကို နှာသံဖြင့် ရွတ်ရာမှ သရတွဲအုန်(း)ဖြစ်သွားကာ ခင် အုန်းဟု ပြောင်းလဲ ရေးသား ရွတ်ဆိုလာပုံရသည်။ ဤအသုံးသည် အင်းဝ ခေတ်ကျမှ တွင်ကျယ်လာသည်။

## ခြွေးမ

ခြွေးမသည် သားဖြစ်သူ၏ဇနီးကို ခေါ်သော ဝေါဟာရဖြစ်သည်။ ခြွေးမကို ပုဂံခေတ် ကတည်းက အသုံးပြုနေပြီဖြစ်သော်လည်း ပုဂံကျောက်စာများတွင် အတွေ့ရ အလွန်နည်းသည်။ ထိုသို့မတွေ့ရခြင်းမှာ အကြောင်းအရာအားဖြင့် ခြွေးမနှင့်စပ်၍ ဖော်ပြရန်အတွက် မဆိုက်လှသော ကြောင့်လည်း ဖြစ်နိုင်ပါသည်။

သက္ကရာဇ် ၆၄၁ ခုနှစ်တွင် စည်သခေါ်၏ခြွေးမသည် စည်သခေါ် မဟာတန်ဆုအဖြစ်ရခဲ့သော မြောင်းဆုံအရပ်မှ လယ် ၉၀ ကို မြတ်ကြီးတာမလိန်အား ရောင်းသည်။ ရောင်း၍ရသော ငွေလေးရာနှင့်ကျွန်သီး ၇၀ ဝယ်ပြီး ဘုရားကိုလှူသည်။ ဤအကြောင်းကို ဖော်ပြရာတွင် "စည်သခေါ်ချယ်မ"(၆၄၁၊ ပုံ ၂၆၅၊ ၃၇)ဟူသော စကားသုံးပါလာသည်။

ပုဂံခေတ်သုံး မုယ်၊ နုယ်၊ ကြုယ်တို့သည် မွေ(း)၊ နွေ(း)၊ ကြွေ(း)တို့သို့ ပြောင်းလာသည်ဖြစ်ရာ ချယ်သည်လည်း ခြွေ(း)ဖြစ်လာရသည်။ ချယ်နှင့်ခြွေ(း)နှစ်ခုစလုံးသည် နှုတ်ခမ်းပြန့်သရချည်းဖြစ်သည်။ ထို့ပြင် လျှာရှေ့ပိုင်းတဝက်ပွင့်သရချယ်မှ လျှာရှေ့ပိုင်းတဝက်ပိတ်သရ ခြွေ(း)သို့ပြောင်းခြင်းဖြစ်၍ ပြောပလောက်အောင် အပြောင်းအလဲကြီးတရပ် မဟုတ်ပေ။

ခြွေ(း)သည် ခြွေရွေ၊ အခြွေအရွေ၊ အခြွေအရံစသည်မှာကဲ့သို့ ရံ၊ ရံဝန်းဟူသည့်အနက်ရသည်။သို့ဖြစ်၍ သားနှင့်စပ်ပြီး ဆွေမျိုးအစုတွင် ဝန်းရံပါလာသူ အမျိုးသမီးကို ခြွေးမဟုခေါ်ခဲ့ဟန်တူကြောင်း သတိမူနိုင်ပေသည်။ မျက်မှောက်ခေတ်တွင် ခြွေးမကို ချွေးမဟူ၍၎င်း၊ ခြွေးမဟူ၍၎င်း နှစ်မျိုးစလုံး အသုံးပြုလျက်ရှိရာ မူလစာလုံးပေါင်းနှင့်မူလအနက်တို့က မည်သို့စာလုံးပေါင်းက သင့်လျော်မည်ကို ထောက်ပြနေပေသည်။

ဇနီး၊ ဇနီးသည်၊ ဇနီးမောင်နှံ၊ သမီးမောင်နှံ

ဇနီးသည် မယားနှင့်အသုံးတူသော ဝေါဟာရဖြစ်သည်။ ပုဂံခေတ်ကျောက်စာများတွင် ဇနီးဟူသော အသုံးကို မတွေ့ရပေ။ အင်းဝခေတ်ပျို့များတွင် ဤသို့တွေ့လာရသည်။

၁။ ရှင့်သားသမီး၊ ဆွေဇနီးလျှင် (ရခိုင်မင်းသမီးချောင်း၊ ၁၆)

၂။ ထိုပြည်ကြီး၌၊ ဇနီးဆွေလင်၊ ငါနှင့်ပင်တည့်၊ အိမ်ရှင် မျောက်သား၊ မိဖုရားဟု
(ဘူရိဒတ်လင်္ကာ၊ ၄၇)

၃။ အကျွန်ယခု၊ မျှော်ကာရှုသည်၊ အသူ့ ဆွေဇနီးတို့နည်း။ (ဘုံခန်းပျို့၊ ၅၂)

ဖော်ပြသည့်ကောက်နုတ်ချက်အားလုံး၌ပင် ဇနီးကို ချစ်သူမယားဟူသည့်သဘောဖြင့်သုံးခဲ့ခြင်းဖြစ်သည်။ ထိုခေတ်ပျို့များတွင် ဇနီးသာမက မယား၊ မျောက်သားဟူသော စကားလုံးတို့ကိုလည်း ဖောဖောသီသီ အသုံးပြုလျက် ရှိသည်။

ဇနီးသည် စနီးကို ပြောင်းရွတ်အသုံးပြုခဲ့သည့်ဝေါဟာရဟု ယူဆဘွယ်ဖြစ်သည်။ စ သည် သံညှင်းဖြစ်ရုံမျှမက ယင်းကို မတြာဝက်သံဖြင့် ရွတ်ရသောကြောင့် သံပြင်းဖြစ်သော ဇ သံဝင်လာသည်။ အကယ်၍ ယင်းနှင့်တွဲနေသော နောက်သံသည် သံညှင်းဖြစ်နေပါက ထိုသံညှင်းပါ သံပြင်းအဖြစ်သို့ပြောင်းသွားမည်ဖြစ်သည်။ (စကားကို ဇဂါးဟု အသံထွက်ရပုံမျိုး)ဤတွင်မူ နောက်သံ နီး သည် သံပြင်းဖြစ်နေသောကြောင့် ထူးခြားပြောင်းလဲခြင်းမရှိဘဲ ရှေ့စကားသံကိုသာ ပြောင်းရွတ်ရင်း စနီးမှ ဇနီးဟု ပြောင်းသုံးခဲ့ကောင်း သုံးခဲ့မည်ဟု ဆိုချင်ပေသည်။

ဤသို့လျှင် ဇနီး (ဝါ) စနီးသည် စတောင်း၊ စမှတ်တို့တွင် ပါရှိသော "စား" နှင့်အနက်တူ

"စ"ကို "နီး"နှင့်ပေါင်းထားကြောင်း ယူမှတ်နိုင်သည်။ လင်ယောကျ်ားနှင့်အထူးနီးနီးကပ်ကပ် ရှိ(သူ)ဟူသည့်အနက်ကို ဆောင်ပေသည်။

ဇနီးဟူသည့်စကားမှ ဆင့်ပွားထွက်လာသည့်ဆွေမျိုးစပ်ဝေါဟာရအချို့မှာ အောက်ပါ အတိုင်း ဖြစ်သည်။

ဇနီးသည်။ ။"ဇနီး"နှင့်"သည်"ကို ပေါင်းစပ်ထားခြင်းဖြစ်၍ လင်ယောကျ်ားနှင့်အထူး နီးနီးကပ်ကပ်ရှိသူဟု အဓိပ္ပါယ်ရသည်။

ဇနီးမောင်နှံ။ ။ဇနီးနှင့်မောင်နှံကို ပေါင်းစည်းထားခြင်းဖြစ်သည်။ အထူးနီးကပ်ကျွမ်းချစ် နေသည့်လင်မယားဟု ဆိုလိုသည်။

သမီးမောင်နှံ။ ။သမီးနှင့်မောင်နှံကို ပေါင်းစည်းခေါ်ဝေါ်ထားခြင်းဖြစ်သည်။ သမီးဖြစ်သူတို့ မောင်နှံ(ဝါ)သမီးတို့လင်မယားဟု သမီးဘက်ရှုထောင့်မှ ရှုကြည့် အသုံးပြုခဲ့ ဟန်တူသည်။ အမြုတေမောင်နှံဟူသော အနက်ကို ဆောင်သည့်အနှစ်မောင် နှံအသုံး ပုဂံခေတ်တွင် တင်ကျန်ရစ်ခဲ့ပြီးနောက် နှောင်းခေတ်များတွင်မှ သမီး မောင်နှံအသုံးတွင်ဟန် ရှိသည်။

တူ၊ တူမ

တူ၊ တူမတို့ကား မိမိ၏ အကို၊ အမ၊ ညီ၊ ညီမတို့မှ မွေးဖွားလာသော သား၊ သမီးကိုခေါ် သည့်ဝေါဟာရဖြစ်သည်။ ထိုမှသော် ယောကျ်ားနှင့်မိန်းမတို့ အိမ်ထောင်ပြုလိုက်ခြင်းဖြင့် လင် (သို့မဟုတ်)မယားဖက်က စပ်လာသော ညီအကိုမောင်နှမတို့၏ သား၊ သမီးတို့ကိုလည်း တူ၊ တူမ ဟုပင်ခေါ်နိုင်သည်။

တူနှင့်တူမတွင် တူ၏ အနက်ကို ဦးစွာထုတ်ဖော်လိုပေသည်။ တူညီ၊ တူမျှ၊ ထပ်တူ၊ တူ ရှည်စသည်တို့မှာကဲ့သို့ပင် တူသည်၊ မျှသည်၊ ညီသည်၊ တဆင့်တန်း တတန်းတည်းဖြစ်သည်ဟုယူ နိုင်သည်။

သို့ဖြစ်၍ မိမိ၏ ရင်သွေးရင်နှစ်နှင့်မခြားထပ်တူ တပြေးညီချစ်အပ်သောသူကို တူဟု သမုတ်ခြင်းဖြစ်သည်။ ထိုတွင်တဖန် ကျားနှင့်မ ခွဲခြားလိုသောကြောင့် အမ၏ အညွှန်းဖြစ်သော "မ"တွဲကာ တူမဟု ခွဲသုံးခြင်းဖြစ်သည်။

ပုဂံကျောက်စာများတွင် ပါရှိချက်အချို့ကို ပြဆိုရပါမူ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ သွှင်ဒါတုတ်တုမဝတ္ထုမိယာ (၅၆၇၊ ပုံ ၁၀၂ က၊ ၂၃)

၂။ တူဒါဥလျောင်ရောင်သော (၅၇၆၊ ပုံ ၇၅ က၊ ၃)

၃။ တုံမ ၁ မ္လိယ် ၁။ (၅၇၆၊ ပုံ ၁၉၀ က၊ ၁၁)

ဤတွင် တုမ၊ တူမ၊ တုံမဟူသောအရေးသုံးမျိုးကို တွေ့လာရသည်။ အုနှင့်အူကား အသံ အနည်းငယ် ခြားနားရုံမျှသာရှိ၏။ တုံမဟု တလုံးတလေ တွေ့ရခြင်းကား နောက်၌ရှိနေသည့်နှာ

သံဖြင့် ရွတ်ရသော သံပြင်း ဗျည်း မ ၏လွှမ်းမိုးမှုကြောင့် တုံမ ဟု အသံထွက်မိရာမှ လိုက်ရေးခြင်းဖြစ်ပုံရပေသည်။

မယား

ပုဂံခေတ် မယားရေးထုံး အသီးသီးကို လေ့လာလျှင် အောက်ပါအတိုင်း တွေ့နိုင်သည်။

၁။ မိယာ (ပေါ်တော်မူဘုရားကျောက်စာ၊ ပုံ ၃၀၃၊ ၁၅)

၂။ မျာ (၄၄၃၊ ပုံ ၁၁၀၊ ၁၇)

၃။ မယာ (၇၄၄၊ ပုံ ၃၆၄ က၊ ၇)

၄။ မိယဟ် (၅၂၇၊ ပုံ ၄၊ ၈)

၅။ မီယာ (၅၄၁၊ ပုံ ၆၊ ၁၃)

၆။ မျိာ (၅၇၃၊ ပုံ ၃၄၊ ၁၅)

၇။ မိယျာ (၅၇၈၊ ပုံ ၄၁၊ ၇)

ဤတွင် ပဓာနအရင်းခံပုဒ်သည် မယာ(း)ဖြစ်၍ မ နှင့် ယာ(း) ပေါင်းစပ်ထားခြင်းဖြစ်သည်။ ကလေးတို့နှုတ်မှ ရှေးဦးရှေးဖျား စမ်းသပ်အသံထွက်ခြင်းဖြင့် အမိကို ညွှန်းဆိုသောဗျည်းဖြစ်လာသည့်မ သည် မိ၊ မေ၊ မယ် စသည်ဖြင့် ကွဲပြားလာသည်။ အမျိုးသမီး(ဝါ)မိန်းမကို ညွှန်းသောစကားလည်း ဖြစ်သည်။

ယားနှင့်ပတ်သက်၍မူ ဝဇီရဗုဒ္ဓိဘွဲ့ရ ဦးဖိုးစိန်က သူ၏မြန်မာစကားနက်ကျမ်း၌အောက်ပါအတိုင်း ရှင်းပြသည်။

ယောကျ်ားတယောက်သည် မိမတယောက်ကို ယားယူ၊ စွဲယူထားသောအခါ ထိုယောကျ်ားနှင့်ထိုမိမတို့သည် ယားကြကုန်၏။ ဝါ–အတူတကွ၊ တစွဲး တတွဲး၊ တရှဉ်ဖြစ်၏။ နွားတရှည်၊ နွားတရှဉ်းကဲ့သို့တည်း။ ထို့ကြောင့် "ပျက်စီးယား၏" ဆိုလိုသည်မှာ ပျက်စီးခြင်းနှင့်ရှဉ်၏။ စွဲး၏ဟုဆိုလိုသည်။ မီးစွဲသည်ဆိုသော စကားကို နားလည်သည်မဟုတ်လား။ သတိထား။ ယှဉ်မှာအရာနှစ်ခု ချဉ်းကပ်မိရုံကိုသာ ဆိုသည်။ ရှဉ်မှာ အရာ ၂ ခု ရောရှက်မိသည်ကို ဆိုလိုသည်။ "ပျက်စီးယား၏" တွင် နောက်လိုက်ယာကြိယာ၏သဒ္ဒါအနက်သည် စွဲသည်ကို ဟောသည်။ မိယားတွင်ယားသဒ္ဒါ၏ အနက်သည်လည်း စွဲခြင်းကို ဟောသည်။"

အချုပ်ဆိုသော် ယာ၊ ယားသည် မြဲစွဲ စွဲယူ စွဲဆိုအနက်ရ၍ မယားသည် မိမိစွဲမြဲထားသောမိန်းမ ဟုဆိုလိုသည်။

ဆရာကြီးဦးဖိုးလတ်ကမူ "ယားသည် ယခု ညားရေးဆိုနေသောစကား၏မူလဖြစ်၍ ညားနှင့်လုံးဝအနက်တူသောပုဒ်ဖြစ်သင့်သည်"ဟုဆိုကာ ယ သံနှင့်ည သံတို့ ပြောင်းလဲတတ်ပြောင်းလဲနိုင်သည်ကို သာဓကပြသည်။ နောက်အနွယ်တူဘာသာတို့တွင် သုံးစွဲသည့်ဝေါဟာရတို့နှင့်ယှဉ်နှိုင်းပြပြီး တပါးယောကျ်ားနှင့်ဆုံစည်းပြီး ဖက်တွဲပြီး ပေါင်းသင်းဆက်ဆံပြီး အိမ်ထောင်

ပြုပြီးသူမိန်းမဟု ဖွင့်ဆိုသွားပေသည်။

ဆရာကြီး၏ အယူအဆသည် ဦးဖိုးစိန်၏ အယူအဆကို ချေဖျက်နိုင်၏။ ဤနေရာ၌ ဆရာကြီး၏ အယူအဆကို ဖြည့်စွက်ချက်ဖြင့် ထောက်ခံလိုပေသည်။ မိန်းမလျာအယူအဆနှင့်ပတ်သက်၍လည်း ဆရာကြီးသည် ဦးဖိုးစိန်၏ အဆိုကို လက်မခံဘဲ ယခုပင် မိန်းမအမူအရာ ရှိနေသောကြောင့် နောက် မိန်းမဖြစ်မည့်သူ၊ မိန်းမဖြစ်ရန် သတ်မှတ်ထားသူဟု ကောက်ယူပြခဲ့သည်။ သို့သော် ဆရာကြီးက နေရာ ဟောရာ၊ လျှာနှင့်မိယားတွင်ပါသည့်ယားတို့ မည်သို့မျှ ဆက်သွယ်ခြင်းမရှိနိုင်ဟုဆိုသည်။

စင်စစ် လျှာ၊ ယာသည် နေရာဟူသော သဘောသာမက ထားမပါဘဲနှင့်လည်း သတ်မှတ်ပိုင်းခြားထားသည်ဟူသည့်အနက်ကို ဆောင်သည်။ လျှာထားသည်ဟု သုံးနိုင်သကဲ့သို့ ထားမပါဘဲ လျှာသည်ဟုလည်း သုံးနိုင်သည်သာဖြစ်သည်။ ယင်း ယာကို အမြင့်သက်သံနှင့်ရွတ်ဆိုရေးသားခြင်းဖြင့် ဖြစ်ပေါ်လာသည့် ယား ကား သတ်မှတ်ပိုင်းခြားထားပြီးဟု အနက်ရနိုင်ပေသည်။ ဆရာကြီးယူဆသကဲ့သို့ပင် ယားမှ ပြောင်းလဲပွားစည်းလာသည့်ညား၊ ငြားတို့သည် သတ်မှတ်ပိုင်းခြားထားပြီးဟူသည့် မူလအနက်ရင်းသာမက တွေ့ဆုံ၊ ကြုံကြိုက်၊ ပေါင်းသင်းဆက်ဆံ၊ အိမ်ထောင်ပြုဟူသောအနက်တို့ပါ တိုးပွားလာနိုင်ပေသည်။

မယားဟူသောစကားမှ ဆင့်ပွားထွက်လာသော ဆွေမျိုးစပ်ဝေါဟာရအချို့မှာ အောက်ပါတို့ဖြစ်ပါသည်။

မယားငယ်။ ။ပုဂံခေတ်က မိယာကြီ၊ မယာငယ်၊ မိယာငယ်၊ (မယားအငယ်အနှောင်း)ဟူသောအသုံးကို တွေ့ရသည်။

ဒုတိယမယား။ ။မယားကြီးနောက် တရားဝင်လက်ထပ်ယူသော မယားကို ဒုတိယမယားဟုခေါ်သည်။

နောက်မယား။ ။ပထမအိမ်ထောင်ပြုပြီးနောက် ထပ်မံ၍ ပေါင်းသင်းသော မယားကို ဆိုလိုသည်။

အပြောင်မယား။ ။အပြောင်မယားသည် မယားအငယ်အနှောင်းကို ဆိုခြင်းဖြစ်သည်။ ပြောင်သည် အကြီးနှင့်အငယ်ဟူသော ဆန့်ကျင်ဘက်အဓိပ္ပါယ်နှစ်ခုစလုံးရကြောင်းဖြင့် ဆိုကြသည်။ ကြီးမားအနက်ဟော ပြောင်အသုံးကား စာပေတွင် များလှပေသည်။

မယားပြိန်းပြောင်[၁]ဟူသောဝေါဟာရကိုမူ ဆရာကြီးဦးဖိုးလတ်က မယားပြိန်းတရပ် မယားပြောင်တရပ်အဖြစ်ပြသည်။ မယားပြိန်းကို မိမိနှင့်ငယ်စဉ်ကတည်းက (ဝါ)ကနဦးကတည်းက ရင်းရင်းနှီးနှီးပူးပူးကပ်ကပ် မကွဲမကွာ နေထိုင်ခဲ့သော မယားဟု ယူဆကြောင်း ဆိုသည်။ မယားပြောင်၊ မယားအပြောင်၊ အပြောင်မယားကိုကား ဆွယ်၊ ကပ်၊ ပေါင်၊ မြှောင်ဟော ပေါင်ပုဒ်သက်ပြောင်နှင့်ဆက်၍ မယားရှိပြီးတွင် နောက်ထပ်ဆွယ်မြှောင်လာသည့်မယားဟု ကောက်ယူလို

---

၁။ မယားပိန်ပြောင်ဟူ၍လည်း မူကွဲရှိသည်။ ပါရမီတော်ခန်းပျို့ ပုဒ်ရေ ၁၃၅။

ရိပ်ရှိသည်။

မယားညီအစ်ကို

မယား၊ ညီနှင့်အစ်ကိုဟူသော ဝေါဟာရသုံးရပ်ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ မယားဖြစ်သူ မိန်းမသားချင်း ညီအစ်မတော်သောကြောင့် မည်သို့မျှ သွေးမတော်စပ်သောလင်ယောကျ်ားနှစ်ဦးတို့သည် မယားနှင့်စပ်ပြီး ညီအစ်ကို တော်လာကြဟန် ဖော်ပြအသုံးပြုသည့်ဝေါဟာရဖြစ်သည်။

မယားညီအစ်ကိုဟူသောအသုံးကို ကုန်းဘောင်ခေတ်သို့ ရောက်သည်အထိ မတွေ့ရဘဲရှိသည်။ အလောင်းမင်းတရားကြီး၏ မယားညီအစ်ကိုတော်များကို အရေးတော်ပုံကျမ်းတွင် အောက်ပါအတိုင်း ပြသည်။

မရီးတော် မြောက်သားတော်မောင် စည်းစိမ်ကို မင်းလုစည်သူ၊ ခယ်မတော် မြောက်သားတော်မောင်ရွှေညွန့်ကို မင်းလှကျော်သူ
ဟူ၍ပြသည်။

မယားပါသမီး၊ မယားပါသား

နောက်အိမ်ထောင်ပြုရာတွင် မယားလုပ်သူ၌ ပထမအိမ်ထောင်က ပါလာသည့်သမီးနှင့်သားကို ခေါ်သည်။

မရီး

မရီးဟူသည် အစ်ကို၏ဇနီးကို ညီလုပ်သူကရင်း၊ လင်က မိမိမယား၏ အမကိုရင်း၊ တော်စပ်သော ဆွေမျိုးစပ်ဝေါဟာရဖြစ်သည်။ ဤဝေါဟာရအသုံးကို ပုဂံခေတ်ကပင် စတင်တွေ့ရသည်။

မုတ်ဂူဘုရားကျောက်စာတွင် ဖီယောင်ငယ့်သား ငယ်(အနော်ရထာ)က မိမိဘကြီးက အဆက်ဆက်ပေးခဲ့သော လယ်၊ ကျွန်တို့ကို မိမိတရားဝင်ပိုင်ဆိုင်လိုကြောင်း အသိအမှတ်ပြု အမိန့်တော်လိုချင်ပါသည်ဟု နားတောင်းများမင်းကြီးအား လျှောက်ထားသည်။ ဤအမှုစစ်ဆေးရန် အမိန့်တော်အတိုင်း သင်ဖုံမ သုံးယောက်က စစ်မေးရာ ထွက်ချက်များ၌ "သင်ဖိယောင် မိရီဆိုဝ်၏" "ငါမိရိ ဝတူ" "ဝတူကိုဝ် ဝမိရီပိယ်သကာဝကြာ၏" "ဖိယောင် မိရီဟိယ်၏" စသည်ဖြင့် မိရီ၊ မိရိဟူသော အသုံးကို တွေ့လာရသည်။ အစ်ကို၏ဇနီးကို ညီလုပ်သူက ဆွေမျိုးတော်စပ်ပုံ မိရီး(မရီး)ဟု သုံးကြောင်း သိလာရသည်။

မရီးသည် မူလ မိရီအရေးမှ မိရီ(း)၊ မရီးဟု ပြောင်းလာခြင်းဖြစ်သည်။ မိရိတွင် မိသည် မေ၊ မယ်၊ မတို့ကဲ့သို့ အမ(ဝါ)အမျိုးသမီးကို ညွှန်းသောဝေါဟာရဖြစ်သည်။

ရိသည် ရိပ္ပပ်၊ ရိပ္ပန်း၊ ရိယော်တို့မှာကဲ့သို့ နာနာကြီးထိမိသည်၊ ပွန်းပွန်းတီးတီးကြီး ထိမိသည်ဟူသောအနက်ရသည်။ စင်စစ် ရိပ္ပပ်၊ ရိပ္ပန်း၊ ရိယော်တို့ကို ညစ်ညျူး၊ ဟောင်းနွမ်း၊ ညှိုးနွမ်းစသည်ဖြင့် အနက်ဖွင့်နေခြင်းမှာ နာနာကြီး ပွန်းပွန်းတီးတီးကြီး ထိမိခိုက်မိရာမှ ဖြစ်ပေါ်လာသည့် အကျိုးတရားကို ကောက်ယူခြင်းသာ ဖြစ်သည်။ သို့ဖြစ်၍ မိ+ရိ=မိရိသည် နာနာကြီး၊ ပွန်းပွန်းတီးတီးကြီး ထိမိအပ်သော(ဝါ)ကျွမ်းဝင်အပ်သောအမျိုးသမီးဟု ဆိုလိုပေသည်။

မိရိမှ မိရီ(း)၊ မရီးသို့ရွေ့ပြောင်းရေးသားရွတ်ဆိုလာခြင်းမှာမူ မိရိဟု အနိမ့်သက်သံနှစ်လုံးကို ထပ်၍ ရွတ်ရသည်ထက် မရီးဟု ရှေ့အနိမ့်သက်သံကို မတြာဝက်သာထွက်ပြီး၊ နောက်အသံကို အမြင့်သက်သံဖြင့် ပြောင်း၍ ရွတ်ရခြင်းက အသံသဘောအားဖြင့် ပိုမိုလွယ်ကူချောမောသောကြောင့် ဖြစ်ပေသည်။

## မတ်

ပုဂံခေတ်တွင် အသုံးရှားသည့်ဆွေမျိုးစပ်ဝေါဟာရများအနက် မတ်လည်း တခုအပါအဝင်ဖြစ်သည်။ သို့သော် ကျောက်စာပါ အကြောင်းအရာနှင့်အလျဉ်းသင့် အကွက်မဆိုက်၍ အသုံးမတွေ့ခြင်းဟု ယူနိုင်ပါသည်။

မတ်ကိုမူ သက္ကရာဇ် ၆၀၄ ခုနှစ်ထိုး ညောင်ရမ်းကြီးသမီး ၁(အိမ်ရာကျောင်း)ကျောက်စာတောင်ဘက်အချပ်တွင် “မိယာ အိုဇ်နှောင် ၁။ မတ်ဒာဝံ ၁။”ဟု တွေ့ရသည်။

မတ်၏ အနက်မှာ ဖြောင့်မတ်၊ တည့်မတ်၊ မားမတ်၊ မတ်မတ်ထောင်စသည်တို့မှာကဲ့သို့ မတိမ်းမစောင်း၊ မယိမ်းမယိုင်၊ ခိုင်ခိုင်ဖြောင့်ဖြောင့်ဟု ယူရသည်။ လင်၏ညီ၊ ညီမ၏လင်ကို မတ်ဟုခေါ် ခဲ့ခြင်းမှာ မယိမ်းမယိုင် ခိုင်ခိုင်ဖြောင့်ဖြောင့် စောင့်ထိန်းတတ်သည့်သူဟု ဆိုလိုရင်းဖြစ်သည့် အလျောက် အထူးလျော်ကန်သည်ဟု ထင်မိပေသည်။

## မိန်းမ

ပုဂံခေတ်က အတွင်ကျယ်ဆုံးအသုံးပြုခဲ့သည့်ဆွေမျိုးစပ်ဝေါဟာရများတွင် မိန်းမလည်း တခုအပါအဝင်ဖြစ်သည်။ သို့သော် ထိုအခါက ယခုသုံးနေကြသော မိန်းမစာလုံးပေါင်းဖြင့်၎င်း၊ ယခုနားလည်နေကြသော ဇနီး၊ မယားဟူသည့်အဓိပ္ပါယ်ဖြင့်၎င်း အသုံးပြုခဲ့သည်ကို မတွေ့ရပေ။ ကျားနှင့်မ လိင်ခွဲခြားခေါ်ဝေါ်သည့်အနေဖြင့်သာ တသမတ်တည်း အသုံးပြုခဲ့ပေသည်။

ပုဂံခေတ်သုံး မိန်းမစာလုံးပေါင်းကို ဆင်ခြင်ကြည့်လျှင် အောက်ပါအတိုင်း တွေ့နိုင်ပေသည်။

၁။ (ဒါအ်)ကျောန် ယောက်ယာကျောန် မိမ တစ်ဂါလေ ဖုန်ရ(စိ) ၉

(ပေါ်တော်မူ၊ ပုံ ၃၀၃၊ ၁၅–၁၆)

၂။ သူကြွယ် မိယ်မ ကြိ (၅၅၉၊ ပုံ ၁၇၊ ၁၈)

၃။ ဤယ်နိယ်သော ယောက်ယာမိယ်မ (၅၆၇၊ ပုံ ၂၈ က၊ ၁၉)
၄။ အပေါင်ယောကျ်ာ မိယ္မ စုံ ၁၉ ဟိအေ်။ (၅၈၆၊ ပုံ ၁၉၀ က၊ ၁၁)

ဤတွင် မိမ၊ မိယ်မ၊ မီယ်မ၊ မိယ၊ မိမဟု အမျိုးမျိုးပေါင်းထားသော်လည်း အချုပ်အားဖြင့် မိမ၊ မိယ်မ၊ မိမဟူ၍ တွေ့နိုင်သည်။ ယင်းအတို့အနက် မိမကို အစောဆုံး အသုံးပြုခဲ့ပြီး၊ အရင်းအမြစ်လည်း ကျသည်ကို တွေ့နိုင်သည်။

စင်စစ် မိမတွင် မိ လည်း မ၊ မ လည်း မိ ပင်ဖြစ်၏။ မ ဗျည်းသံရင်းသည် မိ၊ မီ(း)၊ မယ်စသောသရသံရင်းများ ကွဲပြားသွားသည့်အတွက် အရေးပုံသဏ္ဍာန်ပြောင်းသွားခြင်းသာ ဖြစ်သည်။ ထို့ပြင် ယင်းတို့သည် အမိကို ညွှန်းသောအဖြစ်မှ အမျိုးသမီးကို ညွှန်းသောအဖြစ်သို့ပါ ရောက်ရှိလာသည်။

မိန်းမဟု ရွတ်လည်းရွတ်၊ ရေးလည်း ရေးလာခြင်းမှာ မီ(း)မတွင် လျှာရှေ့ပိုင်း၌ဖြစ်သော အီ(း)သည် တဝက်ပွင့် အေသရရှိရာသို့ ရွှေ့လျောသွားကာ နှာသံဖြင့် ရွတ်ရာမှ မိန်(း)သို့ ရွှေ့ရှားလာခြင်းဖြစ်၏။ ဤသည်မှာ မြန်မာဝေါဟာရတို့တွင် ထဘီ(ထမီ)ကို ထမိန်၊ လှည်းဘီးကို လှည်းဘိန်းဟု ရွှေ့လျားရွတ်ဖတ်လာပုံမျိုးကဲ့သို့ပင် ဖြစ်သည်။

မိန်းမကို ဇနီး မယားဟူသော အဓိပ္ပါယ်ဖြင့်ကား ကုန်းဘောင်ခေတ်လယ်(ဒေါက်တာဂျပ်ဆင် မြန်မာစကားလေ့လာသည့်အချိန်)အထိ အသုံးပြုသည်ကို မတွေ့ရသေးပေ။ ထိုအချိန်တွင် ယောကျ်ားကို လင်ဟူသောအနက်ဖြင့် တိုးမြှင့်သုံးစွဲနေပေပြီ။ ထိုသို့အသုံးပြုနေမှုက မိန်းမကို ကူးစက်ကာ နောက်ပိုင်းတွင် မိန်းမကိုပါ မယားဟူသည့်အဓိပ္ပါယ်ဖြင့် တိုးချဲ့သုံးစွဲလာသည်ဟု ယူဆရပေသည်။

မျောက်သား

“မျောက်သား”ဟူသည် မယားနှင့်လင် အပြန်အလှန် ခေါ်ဝေါ်အသုံးပြုသောဝေါဟာရဖြစ်သည်ဟု အစဉ်အဆက် အမှတ်ပြုခဲ့ကြသည်။

မျောက်သားဟု ခေါ်တွင်လာပုံနှင့်ပတ်သက်၍မူ ရွှေနန်းသုံးဝေါဟာရအဘိဓာန်ခေါင်းစဉ်အမှတ် ၃၈၇ တွင် ဝန်ထောက်မင်းဦးမောင်မောင်တင်က–

“သက္ကရာဇ် ၉၁၁ ခုနှစ်တွင် ရွှေနန်းတက်တော်မူသော ဆင်ဖြူရှင်မင်းတရားကြီး၏ သားတော်ကိုရင်း၊ သမီးတော်ကိုရင်း လက်ထပ်ပေးပြီးနောက် ရွှေနန်းတော်၏မြောက်ဖက်တွင် ဝင်းအိမ်ဆောက်လုပ်နေရာချထားတော်မူသည်။ သည်ကို ရည်၍ သားတော်၊ ချွေးမတော်၊ သမီးတော်၊ သမက်တော်များကို မြောက်သားတော်ချည်း တွင်ခြင်းဖြစ်သည်”

ဟု ဖွင့်ဆိုထားသည်။ ဦးမောင်မောင်တင်၏ အလိုအတိုင်း ဆိုပါမူ မျောက်သားဟူသောအရေးသည် မမှန်ပဲ မြောက်သားဟု ရေးမှမှန်သည့်ပြင် ဆင်ဖြူရှင်ဘုရင့်နောင်ကျော်ထင်နော်ရထာ လက်ထက်ကျမှ ထိုဝေါဟာရစတင်ပေါ်ပေါက်အသုံးပြုသည်ဟု ယူရပေမည်။

အကယ်တွင် မျောက်သားဝေါဟာရကို ပုဂံခေတ်ကပင် အသုံးပြုနေပြီဖြစ်သည်။ သက္ကရာဇ် ၆၀၅ ခုနှစ်ထိုး ဖိုးကလုန်ဘုရားကျောက်စာတွင်

ဘေမွိယ်ပုညရစ်လေ စောင်မမူလသိယ်ဟု မှာခရကာ ပုညရစ်လေသုကြွယ် မျောက်သာနှင် သုကြွယ် မွိယ်ဂေ ရောက်ခင်သင်နင် အငီအညွတ်ကွေ်ာင်နှိုက်လာရှုယ်ဖုန်မူလာကုန်အေ်။

ဟု မျောက်သားကို အပင့်နှင့်ရေးသားထားသည်။

ထို့ပြင် ပင်းယ၊ အင်းဝကျောက်စာများတွင်လည်း မျောက်သား၊ မျောက္ခ်ာဟုပင်ရေးထိုးထားသည်။ သို့သော် အင်းဝခေတ်ပျို့များတွင် မြောက်သားကို အရစ်ဖြင့် ဖေါ်ပြထားရာ မူလအရေးမှ ဟုတ်ပါလေစဟု သံသယဖြစ်မိသည်။ ရခိုင်ဖက်၌ကား ကျောက်စာတွင်ရော ပျို့ကဗျာလင်္ကာတွင်ပါ မျောက်သားကို တသမတ်တည်းအပင့်နှင့်ရေးခဲ့ကြသည်ဟု ဆိုပေသည်။

အပင့်နှင့်ပေါင်းသော မျောက်သား ဝေါဟာရကို ဖွင့်ဆိုရာတွင် အယူအဆများကွဲပြားလျက်ရှိသည်။ ရှေးဦးစွာ ဆရာကြီးဦးဖိုးလတ်၏ယူဆချက်အချုပ်ကို တင်ပြလိုပါသည်။ ဦးဖိုးလတ်က မျောက်ဟူသည် မျောက်နှဲ၊ မျောက်နှဲပင်ဟူသည်မှာကဲ့သို့ တွယ်ကပ်၊ ကပ်ငြိဟူသော အနက်ကိုဆောင်သည်။ မရွ၊ ကချင်၊ တိဗက်ဘာသာလာ တွယ်ကပ်ဟော–မျက်၊ ဖျော၊ ဖျောဂ်သ်၊ အ်ဗျောချ်တို့နှင့်လည်း ပုဒ်ချင်းပြောင်းနိုင်သည်။ မျှော့ပုဒ်နှင့်လည်း မိတ်တူဖြစ်သည်။ သို့ဖြစ်၍ မျောက်သားဟူသည် မိမိနှင့်အမြဲတစေ ပူးတွဲနေထိုင်ပေါင်းသင်းလာသူဟု ဆိုပေသည်။

မြန်စာဂုဏ်မြင့်သန့်ကမူ မိယ်မ+ယောက်သား+သားဟူသည်ကို အမြန်ရွတ်ရာမှ မိယ်မျောက်ယားသား ဖြစ်မည်။ ထိုတွင် ရှေ့စကားလုံး မိယ်နှင့်နောက်ဆုံးစကားလုံးယားကို ဖြုတ်လိုက်သော် မျောက်သားဟု ဖြစ်လာသည်ဟုဆိုကာ ရှေ့စကား နောက်စကားပြုတ်သည့်သာဓကများကို တင်ပြသည်။ မောင်နှမ သားသမီး(မျောက်သား)တို့ကို လက်ဆက်ပေးနေကျဖြစ်၍ မောင်နှမ သားသမီး ဟူသောအနက်မှ လင်၊ မယားဟူသော အနက်သို့ တဆင့်ပြောင်းသွားသည်ဟုဆိုသည်။ ရခိုင်ဘက်၌လည်း ယခုအထိ မောင်နှမသားသမီးတို့ တဦးနှင့်တဦး မျောက်သားတော်စပ်ကြောင်း ပြောဆိုနေကြသည် စသည်ဖြင့် ရခိုင်သုံးများကိုပါ အကျယ်တဝင့် ရှင်းပြထားပေသည်။

စင်စစ် မျောက်သားဟူသည် မ+ယောက်+သားပင်ဖြစ်၏။ မ သည် လူကြီးသူမ၊ ကုသိုလ်မ၊ လမ်းမ၊ ထူးမခြားနား စသည်တို့မှာကဲ့သို့ ကြီး၊ မား၊ ကြီးမားဟူသည့်အနက်ကို ဆောင်သည်။ ယောက်မှာမူ ယောက်သား၊ ယောက်ခမ၊ ယောက်ဖ၊ ယောက်မတို့တွင် အသုံးပြုသောယောက်နှင့် အနက်တူဟု ယူလိုပါသည်။ ထိုယောက်သည် ရက်ဖောက်ယောက်သည်၊ ချည်ယောက်သည်၊ ယောက်လုံး၊ ဆာပါလည်မှာ ယောက် စသည်တို့မှာကဲ့သို့ ရစ်၊ ပတ်၊ ရစ်ပတ်ဟောဖြစ်သည်။

သို့ဖြစ်၍ မ+ယောက်=မျောက်နှင့်အသွေးအသားဟူသည်မှာ ငယ်ရွယ်သူ ထိုကမှ လူသူ၊ သား(ယောကျ်ား)ဟူသည့်အနက်တို့သို့ ပြောင်းလဲအသုံးပြုလာသည့်သားတို့ ပေါင်းစပ်လိုက်ရာမှ ဖြစ်ထွန်းလာသောမျောက်သားသည် (သံယောဇဉ်မေတ္တာကြိုး)ကြီးကြီးမားမား ရစ်ပတ်နှောင်ဖွဲ့ထားသူ၊ လင်၊ မယား ဟူသည့်အနက်ကို ဆောင်သည်။

မျောက်သားအသုံးသည် ရခိုင်ဘက်တွင်သာမဟုတ်၊ မြန်မာတို့ဘက် မူးမြစ်ရိုးတလျှောက်တွင်လည်း ကျန်နေသေးကြောင်း သိရသည်။ ရွှေဘိုနယ် ကျွန်းလှမြို့တွင် မယားညီအစ်ကိုကိုဝင်း၊ နှမလင်နှင့်အကို(သို့မဟုတ်)မောင်၏ဇနီးကိုဝင်း မျောက်သားဟု ခေါ်နေကြပေသည်။ ဤသည်မှာ မျောက်သားအသုံး ရှေ့လျှောတင်ကျန်နေခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ မြန်မာတို့၌ ဆွေမျိုးစပ် အခေါ် အဝေါ်မရှိဟု ထင်မှတ်ခဲ့သော နှမ၏လင်နှင့်အကို(သို့မဟုတ်)မောင်၏ဇနီးတို့ တော်စပ်ပုံကွက်လပ်ကို ဖြည့်စရာအကွက်တကွက် ရလာ၍ ကျေးဇူးများလှသည်ဟု ဆိုရပေမည်။

ယောက်ျား

ပုဂံခေတ်သုံး ယောက်ျားရေးထုံးများကို လေ့လာကြည့်လျှင် အောက်ပါအတိုင်း တွေ့မြင်နိုင်သည်။

၁။ ကျောန်ယောက်ယာ (ပေါ်တော်မူ၊ ပုံ ၃၀၃၊ ၁၅)
၂။ မိယ္မယောက်ျာ (၅၆၃၊ ပုံ ၂၃၊ ၂၀)
၃။ သာယောကျာ (၆၀၆၊ ပုံ ၂၅၃ ခ၊ ၃)
၄။ ယောက်ကျာ (၅၆၉၊ ပုံ ၃၁၊ ၃၂)
၅။ ယောကိကျာ (၅၉၂၊ ပုံ ၆၅ ခ၊ ၁၂)
၆။ ယောက္ကျာလသ္လောင် (၆၀၄၊ ပုံ ၁၄၃ က၊ ၂၄)

အမှတ် ၅ တွင်ပါရှိသော "ယောကိကျာ"သည် စင်စစ် "ယောက်ကျာ"ပင်ဖြစ်ပါသည်။ က အပေါ်တင်ထားသော အသတ်သည် ရေးထိုးရင်းလုံးကြီးတင်သဖွယ် ဖြစ်သွားသောကြောင့် မြင်ရသည့်အတိုင်း ဖတ်ထားခြင်းဖြစ်သည်။ သို့ဖြစ်၍ အဓိကအားဖြင့် "ယောက်ယာ"နှင့် "ယောက်ကျာ"ဟူသောအသုံးနှစ်မျိုးသာ ရသည်။ ထိုနှစ်မျိုးတွင်လည်း "ယောက်ယာ"ကို အစောဆုံးစသုံးခြင်းဖြစ်၍ ယင်းသည်သာ အရင်းအမြစ်ဖြစ်ပေမည်။

ယောက်ယာသည် ယောက်နှင့်ယာကို ပေါင်းစည်းအသုံးပြုထားခြင်းဖြစ်သည်။ ဆရာကြီးဦးဖိုးလတ်က သူ၏မြန်မာစကားအဖွင့်ကျမ်းတွင် ယောက်သည် လူတယောက်ဟူသည်မှာကဲ့သို့ ကိုယ်ခန္ဓာဖြစ်ကြောင်း၊ လူ၊ ပုဂ္ဂိုလ်နှင့်ယင်း၏ကိုယ်၊ ခန္ဓာတို့မှာ ခွဲခြား၍ ရကောင်းသည်မဟုတ်ရကား ယောက်၏အနက်ချုပ်မှာ လူ၊ ပုဂ္ဂိုလ်ဖြစ်ကြောင်း နောက်တွင် တိဗက်နှင့်ပုရိတ်ဘာသာတို့မှာကဲ့သို့ "အမှုလုပ်သားများ"ဟု ရှေ့လျှော်သက်ဆင်းသွားကြောင်း စသည်ဖြင့် ရှင်းပြခဲ့သည်။

ယားမှာမူ ညား၊ ငြားတို့နှင့်အလားတူဖြစ်၍ သတ်မှတ်ပိုင်းခြားထားပြီးဟူသော မူလအနက်ရင်းမှ တွေ့ဆုံ၊ ကြုံကြိုက်၊ ပေါင်းသင်း၊ ဆက်ဆံ၊ အိမ်ထောင်ပြုဟူသော အနက်တို့ရသည်။ သို့ဖြစ်၍ ယောက်နှင့်ယားကို ပေါင်းစည်းထားသော ယောက်ယားသည် တပါးမိန်းမနှင့်ဆုံစည်းပြီး ဖက်တွဲပြီး၊ ပေါင်းသင်းဆက်ဆံပြီး၊ အိမ်ထောင်ပြုပြီးသူဟု ဆိုလိုပေသည်။

ဤတွင် ယောက်ယားအနက်ဖွင့်ပုံကို ဆင်ခြင်ရန် လိုလာပါသည်။ အဘယ်ကြောင့်ဆိုသော် ယောက်ယားကို တပါးမိန်းမနှင့်အိမ်ထောင်ကျပြီးသူဟု ယူမှတ်သုံးစွဲသည်မှာ နှောင်းခေတ်တွင်မှဖြစ်သည်။ ယောက်ယားကို မူလက လူအဖိုအဖြစ်သာ သိမှတ်အသုံးပြုခဲ့ကြသည်။

ထို့ပြင် ယောက်၏အနက်အဓိပ္ပါယ်ကိုလည်း ထပ်မံစဉ်းစားဖွယ်ရာပေါ်လာပြန်သည်။ ဦးဖိုးလတ်တင်ပြသကဲ့သို့ ယောက်သည် အဖိုအမမရွေး လူကိုဆိုကြောင်း ယူဆပါက ယောက်နှင့်စပ်နေသော ယောက်မ၊ ယောက်ဖတို့၏အနက်ကို ကောက်ယူသည့်အခါ လူဖို၊ လူမဟူရုံမျှ ယူဆနိုင်ပေတော့သည်။ ထိုအနက်အဓိပ္ပါယ်ကား ကျေနပ်ဖွယ် မဟုတ်ဟု ယူဆပေသည်။

စင်စစ် ယောက်ယားဝေါဟာရတွင်လာရှိသော ယောက်သည် ရက်ဖောက်ယောက်သည်၊ ချည်ယောက်သည်၊ ယောက်လုံး၊ ဆာပါလည်မှာ ယောက် စသည်တို့မှာကဲ့သို့ ရစ်၊ ပတ်၊ ရစ်ပတ်ဟူသည့်အနက်ကို ဆောင်သည်။ ဂျပ်ဆင်မြန်မာအင်္ဂလိပ်အဘိဓာန်တွင် ယောက်ကို ဤသို့ဖွင့်ဆိုထားသည်။

ယောက် 2=V. to wind around, as thread on a spool, တည်းလုံးနှင့်ချည်ကို ယောက်သည်၊ or on the quill of a shuttle, ရက်ဖောက်နှင့်ချည်ကို ယောက်သည်၊ or as a garment thrown around the neck, ပုဆိုးလည်ပင်းယောက်လို့ ကျေးတောသားလိုဘဲ တယ်ရိုင်းသည်။ ပုဝါလည်ပင်းယောက်သည်။ (စာ ၈၂၁)

ပုဂံခေတ်ကလည်း ယောက်၏မူလရင်း လျောက်ကို ရစ်ပတ်သည့်အဓိပ္ပါယ်ဖြင့်ပင် သုံးခဲ့ကြောင်း၊ အောက်ပါသာဓကနှစ်ခုကို ယှဉ်နိုင်းလေ့လာခြင်းဖြင့် သိနိုင်ပါသည်။

၁။ ပုဆိုဝ်ခြံလည်လျှင် ပတ်ရှယ် (၆၀၄၊ ပုံ ၁၄၄၊ ၃၁)

၂။ ပုဆိုဝ်ခြံလည်လျှင် လျောက်(ရှယ်) (၆၁၇၊ ပုံ ၁၈၆၊ ၂၂)

လူတယောက် နှစ်ယောက်ဟု သုံးရာတွင်ကား ဆရာကြီးဦးဖိုးလတ်က ယောက်ကို ကောင်ကဲ့သို့ပင် လူပုဂ္ဂိုလ်၏ကိုယ်ခန္ဓာကို စွဲ၍ သုံးသည်ဟုဆိုသည်။ အမှန်မှာ လုံးလုံးခဲခဲနေ၍ သစ်သီးတလုံးသုံးသကဲ့သို့ ပြားပြားချပ်ချပ်နေ၍ ပန်းကန်တချပ်သုံးသကဲ့သို့ သေးသွယ်ရှည်လျားသောကြောင့် တုတ်တချောင်းသုံးသကဲ့သို့ ကိုယ်အနေအထား ယောက်ယောက်ယားယား ရှည်ရှည်ရှိနေသည်ကိုစွဲကာ လူတယောက်ဟု သုံးခဲ့ဟန်တူသည်။ ထို့ကြောင့်ပင် အချို့က ယောက်ယောက်ယားယားရှိနေသောကြောင့် ယောက်ယားဟုခေါ်လေဟန် ကြံဆကြသည်။ အထက်တွင် ပြဆိုခဲ့သကဲ့သို့ပင် ထိုအယူအဆသည်လည်း ယောက်ယားဝေါဟာရတခုကိုသာ ဖေါ်ထုတ်နိုင်၍ မှန်အံ့မထင်ပေ။

ထိုသို့အဓိပ္ပါယ်ဆောင်သော ယောက်ယားကို မူလက ယောက်ယားဟု ရေးလည်းရေး ဖတ်လည်းဖတ်ရာမှ ရှေ့တွင်ရှိနေသော အဆုံးဗျည်း က်(က–သတ်)ကို နောက်မှ ယားနှင့်တွဲစပ်ပြီး ကျားဟုပြောင်းထွက်လာဟန် တူသည်။ သက္ကရာဇ် ၅၉၀ ကျော်နှင့် ၆၀၀ ကျော်တဝိုက်တွင် ယောက်ကျားဟု ရေးသားချက်အချို့သည် ထိုအဆိုကို အထောက်အကူပြုနိုင်ပေလိမ့်မည်။

သို့သော်လည်း ယနေ့အထိ ယောကျ်ား(ယောက်ယား)ဟုသာ တသမတ်တည်း ဆက်လက်သုံးလာခြင်းက ယောက္ကျားစာလုံးပေါင်း ခိုင်ခိုင်မာမာ မတည်ခဲ့ကြောင်း သိမြင်သာပါသည်။ မည်သို့ပင်ဆိုစေ ယောက္ကျားဟူသော နှုတ်ပြောသံကား ကျန်နေခဲ့ပါသည်။

ဤသို့လျှင် ယောက်ယားကို ရောနှောရစ်ပတ် ပေါင်းသင်းဆက်ဆံတတ်သူ(လူအဖို)အဖြစ် ပုဂံခေတ်ကစ၍ တသမတ်တည်း သုံးခဲ့ကြသည်။ ပုဂံကျောက်စာများတွင် ကျားနှင့်မ အမည်တူရှိနေသည့်အခါ ကွဲပြားခြားနားစေရန်–

အိန်ကောင်သင် ယောက်ယာ၊ အိန်ကောင်သင်မိယ်(မ) (၅၅၉၊ ပုံ ၁၇၊ ၁၂–၁၃)

ဟု ခွဲခြားဖော်ပြတတ်သည်။ ကျား၊ မ မရွေး မည်သူမဆိုဟု ဆိုလိုသည့်အခါ–

ဤယ်နိယ်သော ယောက်ယာ မိယ်မ ဖျက်ဆီသော. . . (၅၆၇၊ ပုံ ၂၀ က၊ ၁၉)

ငမ္ဗေကိုဝ်စာ်သောယောကျ်ာလေကောင်၊ မိမလေကောင်. . . (၅၉၃၊ ပုံ ၆၉၊ ၁၉)

စသည်ဖြင့် ရေးတတ်သည်။

ယောကျ်ားကို လင်နှင့်အလားတူ အသုံးပြုမှုမှာ ကုန်းဘောင်ခေတ်နှောင်းအရောက်တွင်မှ တွင်ကျယ်လာဟန်ရှိပါသည်။ ပထမတွင် လင်ကို အထူးပြုဖော်ပြလိုသောကြောင့် ယောကျ်ားဖြစ်သောလင်ဆိုသည့်သဘောဖြင့် လင်ယောကျ်ားဟု သုံးပုံရသည်။ ထို့နောက်တွင် ယောကျ်ားသို့ပါ လင်၏အနက် ကူးစက်လာနိုင်ပေသည်။

ဂျပ်ဆင်မြန်မာအင်္ဂလိပ်အဘိဓာန် (စာ ၈၂၂)တွင်လည်း ယောကျ်ားကို ဤသို့အနက်ဖွင့်ပြသည်။

ယောကျ်ား n. a male of the human race, a man: a man in the eminent sense of the wood; used as a polite substitue for လင်၊ ကျွန်မ ယောကျ်ားသည် (pron.သယ်)။

ဂျပ်ဆင်၏အလိုအရသော် ကျွန်မ လင်အစား ကျွန်မယောကျ်ားသည် (သယ်)၊ ကျွန်မယောကျ်ားဟု ယဉ်ယဉ်ကျေးကျေး အစားထိုး ပြောဆိုရာမှ လင်ဟူသောအနက်ပွားလာသည်ဟု ယူဆနိုင်ပေသည်။ ဒေါက်တာဂျပ်ဆင် မြန်မာနိုင်ငံသို့ ရောက်ရှိလာချိန်တွင် ဤအသုံးတွင်နေပြီးဖြစ်ဟန်တူသည်။ သို့သော် နှစ်သိပ်ကြာသေးဟန် မတူပေ။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်အထိ မိန်းမ၏အဓိပ္ပါယ်သည် မယားဟု မဆောင်သေးသည့်အလျောက် ဒေါက်တာဂျပ်ဆင်က မိန်းမကို n. a woman (စာ ၇၅၄)ဟုသာမန်မျှ ပြခဲ့ပေသည်။

## ယောက္ခမ

ယောက္ခမသည် ယောက်နှင့်ခမ ပေါင်းစပ်ခေါ်ဝေါ်ထားသည့်ဝေါဟာရဖြစ်၍ မယား သို့မဟုတ် လင်၏အမိအဖကို ဆိုပေသည်။

ထိုဝေါဟာရကို ပုဂံခေတ်ကပင် စတင်အသုံးပြုခဲ့ရာ သာဓကအချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ယောက္ခမနှင့်စကာဆိဝ်ဇ (မဟောသဇာတ်၊ အတန်း ၃/၁၄၇၊ လောကထိပ်ပန်မင်စာ)
၂။ ယောက်ခမကြီးမှ္မဖတ် (၅၇၇၊ ပုံ ၂၉၀ က၊ ၅)

ယောက္ခမဟူသော အသုံးတွင် ယောက်ဟူသည် ရက်ဖောက်ယောက်သည်၊ ချည်ယောက်သည်၊ ယောက်လုံးစသည်တို့မှာကဲ့သို့ ရစ်၊ ပတ်၊ ရစ်ပတ်ဟူသည့်အနက်ကို ဆောင်သည်။

ခမတွင် ခနှင့်မကို ထပ်မံစိတ်ပိုင်း၍ စဉ်းစားနိုင်သည်။ ခ သည် ခက်ပုဒ်ရင်းမှ ခင်၊ ခယ်၊ ခဲ၊ ခ ဟူ၍ အသွင်ပွားလာသောပုဒ်ပွားကလေးများတွင် ပါဝင်ပြီး ဖွဲ့ရှက်ဆက်စပ်တွယ်တာသည့် သဘောကို ဆောင်သည်။ မ မှာမူ မက်ပုဒ်ရင်းမှ မင်၊ မယ်၊ မဲစသည်ဖြင့် ပွားလာသော ပုဒ်ပွားတခုဖြစ်၍ တပ်စွဲ၊ တပ်နှစ်သက်၊ စွဲမြဲဟူသည့်အဓိပ္ပါယ် ရသည်။

သို့ဖြစ်၍ ယောက်၊ ခနှင့်မတို့ကို ပေါင်းစပ်လိုက်သည့်အခါ ရစ်ပတ်ဖွဲ့ရှက်ခင်မင်တွယ်တာလာသူဟု အဓိပ္ပါယ်ရသည်။ ယောကျ်ားကလေးနှင့်မိန်းကလေးတို့ ထိမ်းမြားလက်ထပ်လိုက်သည့်အခါ တဖက် တဖက်ဆိုင်ရာမိဘတို့မှာ လင်ကရော မယားကပါ နှစ်ဖက်စလုံးနှင့်ဆိုင်သည့် အမိအဖသဖွယ် ရစ်ပတ်ဖွဲ့ရှက်တွယ်တာလာရသည်ကို အထူးပြုမှည့်ခေါ်ထားခြင်းပင်ဖြစ်ပေသည်။ ယောက္ခမမှ ယောက္ခထီး၊ ယောက္ခမ ယောကျ်သူ၊ ယောက္ခမမိန်းမသူဟူ၍ ဝေါဟာရများပွားလာသည်။

ယောက္ခထီး။ ။ယောက္ခမ၏အနက်ကို အမှန်အကန် မကြံဆနိုင်သူတို့က မ ကိုသာ ကွက်၍ကြည့်ပြီး ယောက္ခမသည် အမကို ခေါ်ခြင်းဖြစ်မည်။ ကျားကို (ဝါ)အထီးကို ဆိုပါက ယောက္ခထီးဟု သုံးရလိမ့်မည်ဟု တွေးဆကြသည်။ အနက်မှန်ကို ကြံဆတတ်သူတို့အဖို့မူ ယောက္ခမ(အမ)၊ ယောက္ခမ(အထီး) ဝါ – ယောက္ခမထီးဟုသာ သုံးလိုက သုံးနိုင်ပေမည်။

ယောက္ခမ၊ ယောကျ်သူ၊ ယောက္ခမ မိန်းမသူ။ ။ယောက္ခမနှစ်ဦးကို ယဉ်ယဉ်ကျေးကျေးဖြင့် တဦးချင်းခွဲခြားခေါ်ဝေါ်လိုပါက ယောက္ခမယောကျ်ား၊ ယောက္ခမမိန်းမဟု ဆိုနိုင်ပေမည်။ အချို့က သူ ကို ပေါင်းစပ်ကာ ယောက္ခမယောကျ်ားသူ၊ ယောက္ခမမိန်းမသူဟုလည်း အသုံးပြုကြသည်။ ယောက္ခမယောကျ်ားသူကို အနည်းငယ် မြန်မြန်ရွတ်လိုက်သည့်အခါ ယောက္ခမယောကျ်သူဟု ပို၍ ပြေပြစ်သောအသုံး ပေါ်ထွက်လာသည်။

ယောက်ဖ

ယောက်ဖသည် မယား၏မောင်(သို့မဟုတ်)နှမ၏ယောကျ်ားကို ခေါ်ခြင်းဖြစ်သည်။

ပုဂံ၌ တွေ့ရသော မင်းအနန္တသူ(လေးမျက်နှာဘုရား)ကျောက်စာ၊ အလယ်ကျောင်းတိုင်ငယ်၊ အရှေ့နှင့်အနောက်မျက်နှာ(၅၇၉၊ ပုံ ၇၉ က ခ)တွင် မင်းအနန္တသူလှူသောကျွန်များကို

ဖေါ်ပြရာ၌ ကျွန်ုင်မွေ့၏ အကြောင်း ပါ၏။ ကျွန်ုင်မွေ့ရလိုမှုအတွက် မင်းအနန္တသူက တဖက်၊ မော သင့်သားနှင့်ယောက်ဖ မန္တလ်ဘိရစ်တို့ကတဖက် တရားဖြစ်ကြပုံကို ထိုကျောက်စာတွင် ဖေါ်ပြ ထားရာ ယောက်ဖဟူသော စကားကို ငါးကြိမ်တိုင်တိုင် အသုံးပြုထားသည်။ ထိုမှအပဖြစ်သော ယောက်ဖအသုံးများလည်း ရှိပေသည်။

ယောက်ဖသည် ယောက်နှင့်ဖကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ယောက်သည် ရစ်၊ ပတ်၊ ရစ်ပတ်ဟူသောအနက်ရသည်။ ဖ မှာမူ ယောကျ်ားကို ညွှန်းဆိုသော ဖ၊ ဖိ၊ ဖေ၊ ဖိုးဟူသော စကား မိသားစုတွင် တလုံးအဝင်အပါဖြစ်သည်။ သို့ဖြစ်၍ ယောက်ဖသည် မယား(သို့မဟုတ်)နှမနှင့်စပ် ပြီး ဆွေမျိုးစုဝင်အဖြစ် ရစ်ပတ်နှောင်ဖွဲ့လာသူ(ယောကျ်ား)ကို ဆိုပေသည်။

ထို့ပြင် ယောက်ဖကိုပင် သမီးယောက်ဖဟုလည်း ခေါ်ဝေါ်အသုံးပြုသေးသည်။ သမီး မိန်းကလေးနှင့်စပ်၍ ရစ်ပတ်နှောင်ဖွဲ့ကာ ဆွေမျိုးတော်လာကြသောကြောင့် သမီးယောက်ဖဟု ခေါ်ဟန်တူပေသည်။

ရခိုင်ဘက်တွင်မူ မောင်နှမကမွေးသော (ဝမ်းကွဲညီအကို)ယောကျ်ားနှစ်ယောက်အချင်း ချင်း ယောက်ဖဟု ပြောတတ်သည်။ မောင်နှမက မွေးသည့် သမီးနှင့်သား(မျောက်သား)တို့ကို မလွဲတမ်း ပေးမြားတတ်ကြသဖြင့် ထိုသို့အခေါ်လေ့ခြင်းဖြစ်ပေသည်။

ယောက်မ

ယောက်မသည် လင်၏နှမ(သို့မဟုတ်)မောင်၏ဇနီးကို ခေါ်သည်။ ပုဂံကျောက်စာများ တွင် ဆွေမျိုးစပ်ဝေါဟာရများ အတော်စုံအောင် တွေ့ရသော်လည်း ယောက်မဟူသော အသုံးကို သတိမမူမိပေ။

ကမ်းခြေနှစ်ကွဲ၊ လူခပဲတို့၊ နတ်ညဲစံသီး၊

သမီးယောက်မ၊ ငါးသဲ့ကြ၍ ချီချခေါ်ထူး။ (ရခိုင်မင်းသမီး ချောင်း၊ ၂၈)

စသော ယောက်မအသုံးကို အင်းဝခေတ်အရောက် စာထဲပေထဲတွင် တွေ့မြင်နေကြရပေပြီ။

ယောက်နှင့်မ ပေါင်းစပ်ထားသော ယောက်မသည် ယောကျ်ား၊ ယောက္ခမ၊ ယောက်ဖ တို့တွင်ပါဝင်သော ယောက်ကဲ့သို့ပင် ရစ်၊ ပတ်၊ ရစ်ပတ်ဟောဖြစ်သည်။ မ မှာမူ အမ(ဝါ)မိန်းမကို ဆိုပေသည်။ ထို့ကြောင့် ယောက်မသည် လင် သို့မဟုတ် မောင်နှင့်စပ်ပြီး ဆွေမျိုးစုဝင်အဖြစ် ရစ် ပတ်နှောင်ဖွဲ့လာသူ (အမ)ဟု အဓိပ္ပါယ်ရသည်။

ယောက်ဖကို သမီးယောက်ဖဟု ခေါ်သကဲ့သို့ပင် ယောက်မကိုလည်း သမီးယောက်မဟု သုံးကြသည်။ သမီးမိန်းကလေးချင်း ရစ်ပတ်ပေါင်းစည်းကာ ဆွေမျိုးတော်လာသောကြောင့် သမီး ယောက်မဟု ခေါ်ဟန်တူပေသည်။

ယောက်မကို ပြောသံဖြင့် ရွတ်ဆိုသည့်အခါ ယောင်းမဟု အသံထွက်သည်။ ယောက်ဖ ဟူသော ပြောသံမှာမူ အပြောင်းအလဲမရှိပေ။ သို့အားဖြင့် ယောက်ဖနှင့်ယောက်မတို့သည် ရှေ့စာ

လုံးပေါင်းပုံ ယောက်ချင်းလည်းတူ၊ အသံကျိုးပေါက်သံဖြင့် ဆုံးပုံချင်းလည်းညီပါလျက် ယောက် မတွင် ယောက်ကို ယောင်းဟု အသံထွက်ပြောင်းခြင်းမှာ နှုတ်ခမ်းဗျည်းဖြစ်သော နောက်စာလုံး မ နှင့် ဖ တို့အသံဖြစ်ဟန်ကွဲပြားခြင်းကြောင့် ဖြစ်သည်။ မ သည် နှာသံဖြင့်ရွတ်ရသော သံပြင်း ဗျည်းဖြစ်ရာ နောက်အသံ မ ကြောင့် ရှေ့သံဖြစ်သော အသံကျိုးပေါက်သံ ယောက် ကို မူလအရှိန် ဖြင့် ယောင်း ဟူသော နှာသံသို့ ပြောင်း၍ ရွတ်လာကြခြင်းဖြစ်သည်။ ဤတွင် ယောက်နှင့်ယောင်း တို့တွင် အနိမ့်သက်သံမှ အမြင့်သက်သံ ပြောင်းသွားခြင်းဖြစ်ပေသည်။

မြန်မာစာပေသမိုင်းတလျှောက် ပေါ်ပေါက်ခဲ့သော အိုင်ချင်းများတွင်ပါရှိသည့်"သူငယ် ချင်းရယ်ကောင်း ယောက်မတို့လေ"ဟူသော အာလုပ်စကားကိုလည်း သူငယ်ချင်းကောင်း ယောင်းမတို့လေးဟုပင် အသံထွက်ရွတ်ဆိုရသည်။ အချို့ဆိုလျှင် ယောင်းမဟုပင် ရေးလာကြ သည်။ ဤသည်ကို ယောက်မ၏ရှေ့သံကောင်းကြောင့် နောက်သံ ယောင်း ပြောင်းလေဟန်ယူဆ သူတို့က ယူဆကြသည်။ စင်စစ် ယောက်မသက်သက်ကို ရွတ်ဆိုခြင်းဖြင့်ပင် ယောင်းမဟု အသံ ပြောင်းထွက်နိုင်သည်သာဖြစ်သည်။

ထို့ပြင် အိုင်ချင်းအာလုပ်မှာကဲ့သို့ပင် ချစ်ကျွမ်းဝင်ကြသည့်မိန်းမဖော် အချင်းချင်း ယောက်မဟု ခေါ်ဝေါ်သုံးစွဲကြပေရာ ဤနေရာ၌ ယောက်မဟူသော အနက်ရင်းကို အပြည့်အဝ ဖော်ပြနေခြင်းပင် ဖြစ်ပေသည်။

ရခိုင်ဘက်တွင်မူ မောင်နှမကမွေးသော သမီးနှင့်သား(မျောက်သား)တို့ကို မလွဲတမ်း ပေးစားလေ့ရှိကြသဖြင့် မောင်နှမကမွေးသော ဝမ်းကွဲညီအကိုချင်း ယောက်ဖဟု ခေါ်ကြသည် သာမက ဝမ်းကွဲညီအမချင်းလည်း ယောက်မဟုခေါ်ပြောတတ်ကြပေသည်။

လင်

လင်၏ အနက်ကို ကြံဆလျှင် လင်းနှင့်တစပ်တည်း ကြည်လင်၊ လင်းကျင်း၊ လင်းပစသော အဓိပ္ပါယ်ရနိုင်သည်။ ထိုမှသော် ဝဝလင်လင်၊ ပြည့်လင်၊ ပြည့်လင်းစသည်တို့မှာကဲ့သို့ ပြည့်လျှမ်း၊ ပြည့်ပြည့်ဝဝရှိဟူသည့်အနက်ကို ဆောင်ပေသည်။ နေမိမဂ္ဂစိုးခန်းပျို့၌–

ကျိုးပင်လယ်လည်း၊ မြစ်နှယ်လဟာ၊ လင်းပြည့်စွာ၍

ဟူ၍ငင်း၊ ဇနကပျို့၌

ပြည့်လင်းတွေစု၊ ရေအထုတက်၊ နစ်လုဆောဆော

ဟူ၍ငင်း၊ စသည်ဖြင့် စပ်ဆိုခဲ့ကြသည်။

ထို့ကြောင့် လင်ဟူသည်မှာ မယားနှင့်အတူ ဘဝသစ်ကို ပေါင်းစည်းထူထောင်လိုက်မှု ကြောင့် ပြည့်ပြည့်ဝဝ ဖြစ်လာရသူ အနက်ဖွင့်သော် လျော်ကန်မည်ဟုယူဆပေသည်။

အသုံးပြုပုံနှင့်ပတ်သက်၍မူ ပုဂံခေတ်တွင် လင်ကို လူတန်းစားမရွေး အသုံးပြုကြောင်း

၆၆။ ၂း၁း၁၂ မျောက်သားတွင်လည်းရှု

တွေ့ရသည်။ မိဖုရားက မိမိလင်မင်းကြီးအား – ဝလင်သျှိုင်မင်ကြီ=ငါ့လင်သခင်မင်းကြီး (၆၃၃၊ ပုံ ၂၃၅၊ ၁၀–၁၁) ဟု သုံးသည်အထိ ဖြစ်သည်။

မိန်းမ၏ ကာမပိုင် ယောကျ်ားဖြစ်သော လင် ဝေါဟာရကို

၁။ မိမိ **လင်** နတ်ရွာလာသောမင်ကိုဝ် လေမ္ဗတ်နိုင်စွာ ဖွစ်ရုယ် (၆၀၄၊ ပုံ ၁၄၃က၊ ၄–၅)

၂။ အနှစ် လင် မယာလှျုသောကာ (၆၀၅၊ ပုံ ၁၅၊ ၂၉)

စသည်ဖြင့် ပုဂံခေတ်မှစ၍ ယနေ့တိုင်အောင် အသုံးမပြောင်းလဲပဲ အရေးပုံ စာလုံးပေါင်းမပြောင်းလဲပဲ အသုံးပြုလာသည်။

ပင်းယခေတ်တွင်လည်း မင်းနှင့်မိဖုရားနှစ်ပါးကို မင်းလင်မယားဟု သုံးသည်။ နှောင်းခေတ်များတွင်ကား အရေးပုံသဏ္ဌာန်မပြောင်းပဲ လူတန်းစားအခြေအနေကို လိုက်၍ အသုံးနယ်ကျဉ်းသွားပေသည်။

လင်ကို ဦးဆောင်ပုဒ်အနေနှင့်တည်ကာ တွဲခေါ်လေ့ရှိသော ဝေါဟာရများမှာ လင်ကြီး၊ လင်ငယ်စသည်ဖြင့် အတော်အသင့် ရှိပေသည်။ ဤနေရာ၌ လင်ငယ်ဟူသော အထူးပြုခံစကားပေါင်းတွင် ဦးဆောင်ပုဒ် လင်ကို နေရာရွှေ့ပြီး ငယ်လင်ဟု သုံးခြင်းဖြင့် အရေးပုံသဏ္ဌာန်ချင်းလည်းတူ အသံထွက်ပုံချင်းလည်း တူသော ဝေါဟာရနှစ်လုံးဖြစ်သည့်တိုင်အောင် အဓိပ္ပါယ်မှာ လင်ငယ်အနှောင်းဟူသည့်သဘောမှ ငယ်ချစ်လင်ဟူသည့်သဘောသို့ ဆန့်ကျင်ပြောင်းလဲသွားပေသည်။

ငယ်မယားနှင့်မယားငယ်ဟု ဦးတည်ပုဒ်ကို ပြောင်းသုံးရာတွင်လည်း ထို့အတူပင်ဖြစ်ပေသည်။

လင်ကြီး။ ။အတည်တကျ အများအသိအမှတ်ပြုခံရသော ပထမလင်။ ပထမဦးဆုံး ထူထောင်သည့်အတွက် ပထမအိမ်ထောင်ဟုလည်း ခေါ်သေးသည်။

ဓမ္မသတ်ကျမ်းများတွင်ကား လင်ကြီး၊ လင်ရင်း၊ အရင်းမူလဖြစ်သောလင်ဟုသုံး၍ နောက်ထပ်အသစ် ပေါင်းဖက်သည့်လင်ကို လင်သစ်ဟုသုံးသည်။

လင်ငယ်။ ။လင်ကြီးရှိလျက် (ဝါ) လက်ရှိအိမ်ထောင်နှင့်ဖြစ်ပါလျက် လင်အဖြစ် တိတ်တခိုးပေါင်းသင်းနေသည့်တပါးသောယောကျ်ား။

လင်ယောကျ်ား။ ။ခင်ပွန်းသည်ကိုပင် တနည်းတဖုံ ခေါ်သည့်ဝေါဟာရ ဖြစ်သည်။ လင်ယောကျ်ား၊ ယောကျ်ားသည်ဟုသုံးရာမှ ယောကျ်ားဟူသည့်လင်လည်းဖြစ်သည့်သဘောကို ဆောင်လာသည်။

နောက်လင်။ ။ပထမအိမ်ထောင်ပြုသည့်ခင်ပွန်းသည်ကွယ်လွန်သွားသည်ဖြစ်စေ၊ ကွဲကွာ

သွားသည်ဖြစ်စေ၊ နောက်ထပ်အိမ်ထောင်ပြုလင်ယူလျှင် နောက်လင်ဟု အသိအမှတ်ပြုသည်။

လင်ညီအစ်မ

တမိပေါက်ချင်းတော်စပ်သည့်တကယ့်ညီအမ မဟုတ်ပဲ၊ လင်ချင်းညီအကိုတော်နေ၍ လင်နှင့်စပ်ပြီး ညီအမတော်လေဟန် သတ်မှတ်အသုံးပြုခြင်းပင် ဖြစ်သည်။

တဖက်မောင်နှမနှင့်အခြားတဖက်မောင်နှမတို့ အပြန်အလှန် အလဲအဖယ် အိမ်ထောင်ပြုလျှင်မူ မောင်လှယ် နှမလှယ် တော်သည်ဟု ဆိုသည်။

လင်ပါသမီး၊ လင်ပါသား

နောက်အိမ်ထောင်ပြုရာတွင် ဝါ အိမ်ထောင်သစ်ထူရာတွင် လင်လုပ်သူ၌ ပထမအိမ်ထောင်ကပါလာသောသမီးနှင့်သားကို ခေါ်သည်။

လင်မယား

အိမ်ထောင်ပြုပြီးသား ယောကျ်ားနှင့်မိန်းမ တစုံတွဲကို အသိအမှတ်ပြုခေါ်ဝေါ်သည့် စကားဖြစ်သည်။

သမက်

သမက်သည် သမီး၏လင်ကို ခေါ်သော ဆွေမျိုးစပ်ဝေါဟာရ ဖြစ်သည်။

၁။ မင်သမက် အနောမာရွှီယ် ၂၀ (၅၅၄၊ ပုံ ၁၂၊ ၁၂)

၂။ ပိုလ်သုကြီ သတ္တ္လာသမိ သမ(က်)သာ ယောက်သာ ငီရှယ်လှူသော (၆၀၆၊ ပုံ ၁၅၃ က၊ ၁၀)

အထက်တွင် ဖေါ်ပြထားသည့်အတိုင်း ပုဂံကျောက်စာများတွင် သမက်ဟု ရေးခဲ့သည်မှာ ယနေ့တိုင်အောင် ဖြစ်သည်။ သို့သော်လည်း သားမက်သည် မူလရင်းဖြစ်၍ သားမက်ကို မတြာဝက် မတြာပြည့်ရွှတ်ရာမှ စာပေမတင်မီကပင် ရှေ့သရသံသည် အား သရသံမျှ အ သရသံသို့ လျော့ပြောင်းခဲ့ဟန် တူသည်။ ထို့ကြောင့် သမက်ဟူ၍ ပုဂံကျောက်စာများတွင် တွေ့နေရခြင်းဖြစ်သည်။

သမက်(သားမက်)ဟူရာတွင် မက်သည် မြန်မာစကားစပ်ဖြစ်၍ ရမ္မက်၊ မက်မော၊ အိပ်မက်တို့မှာကဲ့သို့ တပ်နှစ်သက်၊ စွဲနှစ်သက်၊ တပ်စွဲဟူသော အဓိပ္ပါယ်ကိုဆောင်သည်။ သို့ဖြစ်၍ သမီးနှင့်စပ်ကာ သားသဖွယ်တပ်နှစ်သက် စွဲနှစ်သက်စရာသားအဖြစ် တော်စပ်လာရခြင်းကို ဖေါ်ကျူးလျက် သမက်ဟု သုံးခဲ့ပုံရသည်။

# အခန်း(၇)
# သုံးသပ်ချက်

မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများကို လေ့လာလိုက်သည့်အခါ မြန်မာတို့သည် ထိုဝေါဟာရများကို စနစ်ချမှတ် ခေါ်ဝေါ်ခဲ့ခြင်းဖြစ်ကြောင်း သိမြင်လာပါသည်။

ပထမတင်ပြလိုသည်မှာ မြန်မာတို့သည် မျက်မှောက်ကာလတွင် အင်နှင့်အားနှင့် ရပ်တည်နေသောသားသမီးမှ ဖိုးဖွားအထိ ဆွေမျိုးအဆောက်အအုံကြီးကို ဖွဲ့စည်းရာတွင် ရှိသေလေးစားမှု၊ ချစ်ခင်ကြင်နာမှုကို အခြေတည်ကာ ဆွေမျိုးစပ်ဝေါဟာရများကို ခေါ်ဝေါ်သုံးစွဲခဲ့ခြင်းပင်ဖြစ်ပါသည်။

ပုံစံအားဖြင့် အရွယ်အကြီးအငယ်ကိုလိုက်၍ မိကြီး၊ မိထွေး၊ ဘကြီး၊ ဘထွေးခေါ်ပုံဖြစ်သည်။ မေတ္တာအခြေခံဖြင့် ဖိုး၊ ဖွား၊ သား၊ သမီး၊ ခင်ပွန်း၊ ခမည်း၊ ခဲအို၊ ခယ်မခေါ်ပုံ စသည်တို့ဖြစ်ပါသည်။ ဤအချက်သည် အချင်းချင်း ကြီးမားသော တွယ်တာမှုကို ဖြစ်စေပါသည်။ ဖိုး၊ ဖွားတို့၏ အထက် ဆွေမျိုးဆက်များအား လက်ရှိအနေအထားမှ ပြန်ကြည့်သည့်အခါ အတိတ်တွင် ကျန်ခဲ့ ဝေးခဲ့ပြီဟူသော ဤသဘောကို ယူကာ ဘေး၊ ဘီ၊ ဘင်စသော ဝေါဟာရများပေါ်လာရပါသည်။ သား၊ သမီးမှ အောက်အဖို့ကား တွယ်တာမှုတည်းဟူသော သံယောဇဉ်ကြိုးဖြင့် ရစ်ပတ်၍ အမြစ်အရင်း တွယ်လာသည့်သဘော၊ မြေးကပ်တွယ်ရှက်သည့်သဘောကို ခံယူလျက် မြစ်၊ တီ၊ ကျွတ်၊ တွတ် စသည်ဖြင့် ခေါ်ဝေါ်အသုံးပြုခဲ့ပေသည်။

ဒုတိယတင်ပြလိုသည်မှာ မြန်မာတို့၏ စိတ်ကူးကောင်းပုံဖြစ်သည်။ မြန်မာတို့သည် ဆွေမျိုးစပ်ဝေါဟာရများ ခေါ်ဝေါ်သုံးစွဲရာတွင် စိတ်ကူးကောင်းကောင်းဖြင့် အမည်မှည့်ခေါ်ခဲ့ကြောင်း ထင်ရှားသည်။ ခမည်း၊ မရီး၊ မတ်၊ တူ၊ တူမ၊ မြေး၊ မြစ်စသည်တို့မှာ အသေအချာ စိတ်ကူးကြံဆပြီး အလေးအနက် ခေါ်ခဲ့ကြသည့်ဝေါဟာရများ ဖြစ်ကြောင်း သက်ဆိုင်ရာအခန်းများ၌ ဖတ်ရှုခဲ့ကြရပေပြီ။

တတိယအချက်မှာ မည်သူ့ကိုမဆို စိမ်းသည် ကျက်သည် သဘောမထားဘဲ ကိုယ့်အပေါ်ကောင်းလျှင် ကောင်းသလို တသွေးတည်း တပြေးတည်း သဘောထား ဆက်ဆံတတ်သော မြန်မာတို့၏ ဓလေ့စရိုက်ဖြစ်ပါသည်။ ပုံစံအားဖြင့် အမေ၏ မောင်ကြီးကို ဦးရီးဟု ခေါ်သည်။ ထိုသို့သားချင်းအရင်းအား ခေါ်သောအသုံးအနှုန်းကိုပင် အဖေနှမနှင့်စပ်ရာတွင်မှ တော်လာရသည့်အဖေနှမ၏ ခင်ပွန်းကိုပါ ဦးရီးဟု ခေါ်ဆိုအသုံးပြုသည်။ ဤသည်မှာ တဖက်ဆွေရင်းနှင့်စပ်မှ ဆွေတော်လာရသူကို တပြေးညီသဘောထား ကျင့်သုံးခြင်းဖြစ်သည်။ ကြီးတော်သည်လည်း ထိုသဘောမျိုးပင်ဖြစ်ပါသည်။

ထိုသို့သော သဘောမျိုးဖြင့် ခေါ်ခဲ့မှုကြောင့် တွေ့လာရသော အခက်အခဲမှာ အခေါ်များရှုပ်ထွေးလာခြင်းဖြစ်သည်။ ဤအချက်ကိုလည်း ဆက်လက်တင်ပြရပေမည်။ အမေ့ဘက်မှ အ

ဒေါ်များကို မိကြီး၊ မိထွေးဟု ခေါ်သည်။ ယင်းတို့ကိုပင် ကြီးတော်၊ ထွေးတော်ဟုသုံးသည်။ အဖေ့ဘက်မှ သွေးစပ်လာသူများကိုလည်း ထိုသို့တပြေးညီ တတန်းတည်းထား၍ ခေါ်ပြန်သည်။ ကာလကြာညောင်းလာသည့်အခါ အခေါ်အဝေါ် အသုံးအနှုန်းများ ထွေးရှက်လာပေသည်။

သို့သော်လည်း ဆွေမျိုးအခေါ်အဝေါ်များကို အားလုံးတဦးချင်း ကွဲကွဲပြားပြားပြောနိုင်အောင် တီထွင်ထားသည့်ဘာသာစကားဟူ၍ကား ရှိသေးမည်မထင်ပေ။ တသီးပုဂ္ဂလဘာသာဖြစ်သော တရုတ်ဘာသာ၌ပင် ဆွေမျိုးခေါ် မမှားရလေအောင် အဖေ့ဘက် အမေ့ဘက် နံပါတ်ထိုး၍ ခေါ်ဝေါ်သုံးစွဲမှု ရှိသော်လည်း ခမည်းခမက်ချင်း တိတိကျကျခေါ်သည့်ဝေါဟာရမျိုး သတ်သတ်မှတ်မှတ် မရှိဘဲ အချင်းချင်း တွေ့ကြသည့်အခါ အသက်အရွယ်ကို လိုက်၍၎င်း၊ အခြေအနေကိုလိုက်၍၎င်း သင့်တော်သလို နှုတ်ဆက်ပြောဆိုကြရပေသည်။

ထို့ပြင် မရှုပ်ထွေးနိုင်အောင် နံပါတ်နှင့်ခေါ်မှုမျိုး (ပုံစံ၊ အမေ့ဘက်မှ အဒေါ် ၁၊ အဒေါ် ၂ စသည်)ကို ဦးစားပေးလိုက်သည့်အခါ စိတ်ကူးကောင်းကောင်း အဓိပ္ပါယ်ရှိရှိနှင့်နှစ်သက်စရာဝေါဟာရကလေးများ လက်လွှတ်သွားတတ်ပေသည်။ သို့ဖြစ်၍ စိတ်ကူးနှင့်အနက်ကောင်းလည်းပါကာ ရှုပ်လည်း မရှုပ်ထွေးရအောင် ပြုပြင်မှည့်ခေါ်သင့်သည်တို့ကို မှည့်ခေါ်ဘို့လိုမည်ထင်ပါသည်။ လိုနေသေးသည်တို့ကိုလည်း ဖြည့်စွက်မှည့်ခေါ်ရန် သင့်ပါသည်။

ပုံစံအားဖြင့် ယောက်ဖဟု ခေါ်လိုက်သော်လည်း မည်သူက နှမပေးရသည်ကို မသိနိုင်သော အခေါ်မျိုးရှိနေသည်။ မယားညီအကို၊ လင်ညီအမစသောအသုံးမျိုးရှိသော်လည်း မောင်၏ဇနီးနှင့်နှမ၏လင်တို့ မည်သို့ တော်စပ်သည်ကို ခေါ်မှုမျိုး မရှိသေးပဲ ဖြစ်နေသည်။ မူးမြစ်တဝှမ်းတွင် ထိုသို့တော်စပ်သူချင်း မျောက်သားဟုခေါ်ကြောင်း သိလာရသော်လည်း ရခိုင်သုံး မျောက်သားနှင့်ရောထွေးသွားနိုင်ပေသည်။

အမည်သစ် မှည့်ခေါ်မှုနှင့်စပ်သွယ်၍ ကွယ်လွန်သူအမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းသည်ပင် ငယ်စဉ်က အတော်စိတ်ဝင်စားခဲ့ပါသည်။ ညီအမ တဝမ်းကွဲ၊ မောင်နှမတဝမ်းကွဲ ရှိသော်လည်း ဘာကြောင့် လင်မယားတဝမ်းကွဲ မရှိသနည်းဟု လူကြီးများအား မေးဘူးသည်။ လူကြီးများမှာ ပြန်မဖြေနိုင်ဘဲ ရယ်နေကြသည်ဟုဆိုသည်။ ဗိုလ်ချုပ်၏အစ်ကို ဦးအောင်သန်းက ဤအကြောင်းကို "အောင်ဆန်းမိသားစု"စာအုပ် (စာ ၁၄၀–၁၄၁)တွင် ပြန်လည်ပြောပြရင်း ကွဲသွားသောလင်မယားများကို တဝမ်းကွဲလင်မယားဟု ခေါ်ဆိုပါက ဆိုးလှမည် မထင်ကြောင်း အကြံပေးတင်ပြထားပေသည်။

သို့ဖြစ်၍ မြန်မာ့စရိုက်နှင့်ကိုက်ညီမည့် မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများကို ဖြည့်စွက်ပြုပြင်တီထွင် ဖန်တီးသင့်ပြီဟု ထင်မြင်ယူဆမိပေသတည်း။ ။

## ကျမ်းကိုးများ


| | |
|---|---|
| ၁။ ကုမာရကဿပ၊ ရှင်၊ | မမ္မရာသီပျို့၊ မန္တလေးမြို့၊ ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်၊ ၁၉၂၉။ |
| ၂။ ကျော်ရင်၊ ဦး(တည်းဖြတ်သူ) | နေမိငရဲခန်းပျို့၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၇၊ မေ။ |
| ၃။ ကျော်အောင်စံထား၊ | ဝေါဟာရတ္ထပကာသနီ၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ ၁၃၂၀။ |
| ၄။ ကြာထွန်း၊ ဦး၊ ယော၊ | မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၇၁၊ ဇွန်။ |
| ၅။ ကြေးမုံသတင်းစာ၊ | (၁၆-၆-၁၉၇၁)နေ့ထုတ် သတင်းစာ။ |
| ၆။ ခင်ခင်အေး၊ ဒေါ်၊ | ဘာသာဗေဒအခြေခံ၊ စာ၊ ၁၅၅၊ ပညာပဒေသာစာစောင် အတွဲ ၁၊ အပိုင်း ၄၊ ၁၉၆၆၊ ဒီဇင်ဘာ။ |
| ၇။ ခင်ခင်အေး၊ ဒေါ်၊ | ဘာသာစကားနှင့်သိကောင်းစရာများ၊ စာ ၂၄၁၊ ပညာပဒေသာ စာစောင်၊ အတွဲ ၂၊ အပိုင်း ၄၊ ၁၉၆၇၊ နိုဝင်ဘာ။ |
| ၈။ ခင်စော၊ ဒေါ်(တည်းဖြတ်သူ) | စတုဓမ္မသာရ ကိုးခန်းပျို့၊ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ ပုံနှိပ်တိုက်၊ ၁၉၅၇၊ မတ်။ |
| ၉။ တေဇောသာရ၊ ရှင်၊ | ရွှေဟင်္သာမင်းပျို့၊ မန္တလေး၊ ကဝိလက္ခဏာစာအုပ်ဆိုင်၊ ၁၃၂၄။ |
| ၁၀။ တင်၊ ဦး၊ | ကဗျာဗန္ဓသာရကျမ်းရင်းနှင့်နောက်ဆက်တွဲ ၃ ပိုင်း၊ ရန်ကုန်၊အမျိုးသားစာပုံနှိပ်တိုက်။ |
| ၁၁။ တင်ရှိန်၊ ဦး၊ (တည်းဖြတ်သူ) | ကဝိလက္ခဏာသတ်ပုံ၊ ကဝိလက္ခဏာဒီပနီ၊ ကဝိလက္ခဏာ ဝိသောဓနီ ၃ ကျမ်းတွဲ၊ မန္တလေး၊ ကဝိလက္ခဏာပိဋကတ်စာအုပ်ဆိုင်၊ ၁၉၅၈။ |
| ၁၂။ တင်လှ၊ ဦး၊ | ဘာသာစကားသည် ပြောင်းလဲတတ်သောသဘောရှိသည်၊ စာ ၂၁၃၊ ပညာပဒေသာစာစောင်၊ အတွဲ ၃၊ အပိုင်း ၄၊ ၁၉၆၈၊ အောက်တိုဘာ။ |
| ၁၃။ တွင်းသင်းမင်းကြီး၊ | ဇယဒိသပျို့၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၃၂၄။ |
| ၁၄။ တွင်းသင်းမင်းကြီး၊ | ဘလ္လာတိယပျို့၊ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၆၁။ |
| ၁၅။ တွင်းသင်းမင်းကြီး၊ | မဟာဇနကပျို့၊ မန္တလေး၊ မြဇော်ပုံနှိပ်တိုက်၊ ၁၃၂၁။ |
| ၁၆။ တွင်းသင်းမင်းကြီး၊ | ဝိဓုရပျို့၊ ရန်ကုန်၊ ဟံသာဝတီသတင်းစာပုံနှိပ်တိုက်၊ |

၁၉၅၁

၁၇။ တွင်းသင်းမင်းကြီး၊ ဝေဿန္တရာပျို့၊ ဇေယျပူရိန်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၃၈။

၁၈။ ထွန်းတင့်၊ မောင်၊ မြန်မာစကားအနက်ဖွင့်၊ ၁၉၇၀ ပြည့်၊ ဩဂုတ်။

၁၉။ ထွန်းမြင့်၊ ဦး၊ ပါဠိသက်ဝေါဟာရအဘိဓာန်၊ ရန်ကုန်၊ တက္ကသိုလ်များစာအုပ်ထုတ်ဝေရေးကော်မတီစာစဉ် (၃၁)၊ (ပ) ၁၉၆၈၊ ဇူလိုင်။

၂၀။ ဒုတိယမဲထီးဆရာတော် မာလာလင်္ကာရဝတ္ထုတော်ကြီး၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၁။

၂၁။ နုနုဆွေ၊ အသံပြောင်းလဲမှု လေ့လာခြင်း၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ ၂၆–၆–၇၀။

၂၂။ နန်းညွန့်ဆွေ(တည်းဖြတ်) မုဒုလက္ခဏပျို့၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၉။

၂၃။ ပွား၊ ဆရာ၊ ကျည်းကန်ရှင်ကြီးမေတ္တာစာနှင့်ခက်ဆစ်အဖြေ၊ ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၄။

၂၄။ ဖေမောင်တင်၊ ဦး၊ ကင်းဝန်မင်းကြီးပြင်သစ်နိုင်ငံသွားနေ့စဉ်မှတ်တမ်း၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၃၉။

၂၅။ ဖေမောင်တင်နှင့်ဂျီ၊ အိပ်၊ လုစ် ပုဂံကျောက်စာညွန့်ပေါင်း၊ ရန်ကုန်၊ ဗြိတိသျှဘားမားပုံနှိပ်တိုက်၊ ၁၉၂၈။

၂၆။ ဖေမောင်တင်နှင့်ဂျီ၊ အိပ်၊ လုစ် မြန်မာတိုင်းရင်းကျောက်စာများ၊ ပ၊ ဒု၊ တ၊ စ၊ လန်ဒန်၊ အောက်စဖို့ဒ်တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၃၃၊ ၃၉၊ ၅၆။

၂၇။ ဖေမောင်တင်၊ ဦး၊ ဘာသာလောက၊ ပထမနှိပ်၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၅၈။

၂၈။ ဖိုးစိန်၊ ဦး(တည်းဖြတ်သူ) ပေါရာဏကထာဒီပကနိဿျနှင့်သတ်ထူး ကဗျာနှင့် အတိုကောက်၊ ရန်ကုန်၊ တိုးစာပုံနှိပ်တိုက်။

၂၉။ ဖိုးစိန်၊ ဦး၊ မြန်မာစကားနက်ကျမ်း၊ ရန်ကုန်၊ တိုးစာပုံနှိပ်တိုက်။

၃၀။ ဖိုးလတ်၊ ဦး၊ မြန်မာစကားအဖွင့်ကျမ်း၊ ဒုတိယတွဲ၊ ရန်ကုန်၊ ပညာနန္ဒပုံနှိပ်တိုက်၊ ၁၉၆၃။

၃၁။ ဖိုးလတ်၊ ဦး၊ သီချင်းပဒေသာ၊ ရန်ကုန်၊ ပညာနန္ဒပုံနှိပ်တိုက်၊ ၁၉၅၄၊ ဖေဖော်ဝါရီ။

၃၂။ ဗညားဒလ၊ ရာဇာဓိရာဇ်အရေးတော်ပုံ၊ ရန်ကုန်၊ ဇွဲစာပေရိပ်မြုံ၊ (ပ) အကြိမ်၊ ၁၉၆၇။

၃၃။ ဘရင်၊ ဦး၊ ဟံသာဝတီ၊ ကဗျာ့ပန်းကုံးအဖြေစုံ၊ အောင်မိတ်ဆက်စာပုံနှိပ်တိုက်။

| | |
|---|---|
| ၃၄။ ဘရင်၊ ဦး၊ ဟံသာဝတီ၊ | ရေသည်ပြဇာတ်နှင့်အဖြေ၊ ရန်ကုန်၊ ဇမ္ဗူမိတ်ဆွေပိဋကပုံနှိပ်တိုက်၊ ၁၉၄၈။ |
| ၃၅။ ဘရှင်၊ ဗိုလ်မှူး၊ | လောကထိပ်ပန်၊ ရန်ကုန်၊ တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၆၂။ |
| ၃၆။ မနုအမတ်၊ | မနုကျယ်ဓမ္မသတ်၊ ရန်ကုန်၊ ဟံသာဝတီသတင်းစာပုံနှိပ်တိုက်၊ ၁၉၀၃။ |
| ၃၇။ မဟာမင်းလှမင်းခေါင်၊ | မဟာသုတသောမပျို့၊ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၁။ |
| ၃၈။ မိုးမြင့်၊ ဦး၊ | ယောက်ခမထီး၊ ယောက်ခထီး မဟုတ်၊ ဗိုလ်တထောင်သတင်းစာ၊ ပြေ၊ ၁၉၇၁။ |
| ၃၉။ မင်းလှဂုဏ်ရောင်၊ | ချစ်စရာ့ခလေ့၊ မန္တလေး၊ ဟံသာဝတီသတင်းစာ၊ (၂၁-၁-၇၀)။ |
| ၄၀။ မောင်မောင်ကြီး၊ ဦး၊ (တည်းဖြတ်သူ) | နေမိဘုံခန်းပျို့၊ ရန်ကုန်၊ နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့ပုံနှိပ်တိုက်၊ ၁၉၅၇၊ ဇွန်လ။ |
| ၄၁။ မောင်မောင်တင်၊ ဦး၊ | ပဒုမပြဇာတ်၊ မန္တလေး၊ မန္တလေးတက္ကသိုလ်ကျောင်းသုတေသနအဖွဲ့၊ ၁၉၅၅။ |
| ၄၂။ မန်လည်ဆရာတော်၊ | မဟာသုတကာရီမဃဒေဝလင်္ကာသစ်၊ ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ ၁၂၉၇ ခု၊ တပို့တွဲလ။ |
| ၄၃။ မြင့်သန်း၊ ဒေါ်(တည်းဖြတ်သူ) | ပါရမီတော်ခန်းပျို့၊ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၃၊ ဇန်နဝါရီလ။ |
| ၄၄။ မြန်စာဂုဏ်ကျော်မြင့်၊ | စာပေရိပ်မွန်၊ ရန်ကုန်၊ ဂန္ဓမာပုံနှိပ်ထုတ်ဝေရေးဌာန၊ ပထမ၊ ၁၉၆၇၊ ဩဂုတ်။ |
| ၄၅။ မြန်စာဂုဏ်မြိုင်သန့်၊ | မြန်စာဂုဏ်စာမြုတေ၊ ရန်ကုန်၊ ဂန္ဓမာပုံနှိပ်တိုက်၊ ၁၉၆၆၊ မတ်လ။ |
| ၄၆။ မေအောင်၊ ဦး၊ | ချေင်းဟောင်း ၁၂ စောင်တွဲ၊ မော်လမြိုင်မြို့၊ ရမ္မာပူရစာပုံနှိပ်တိုက်၊ ၁၂၇၄။ |
| ၄၇။ ရဌသာရ၊ ရှင်မဟာ | ဘူရိဒတ်လင်္ကာကြီး၊ ရန်ကုန်၊ ဟံသာဝတီပိဋကပုံနှိပ်တိုက်၊ ၁၉၀၇။ |
| ၄၈။ ရွှေသွင်၊ မောင်၊ | ကာရန်နှင့်အသံ၊ ငွေတာရီမဂ္ဂဇင်း၊ စာ-၇၃၊ ရန်ကုန်၊ အမှတ် ၇၅၊ ၁၉၆၆ ခု၊ စက်တင်ဘာလ။ |
| ၄၉။ ရွှေသွင်၊ ဦး၊(ဘာသာပြန်သူ) | မြန်မာသဒ္ဒဗေဒဖတ်စာ၊ ရန်ကုန်တက္ကသိုလ်များအုပ်ချုပ်ရေးရုံး၊ ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာန၊ ၁၉၆၉။ |

၅၀။ ရွှေသွင်၊ ဦး သဒ္ဒဗေဒအခြေခံ၊ စာ ၂၃၁၊ ပညာပဒေသာစာစောင်အတွဲ ၁၊ အပိုင်း ၁၊ ၁၉၆၆ ခု၊ မတ်လ။

၅၁။ လူဖေဝင်း၊ ဦး၊ မြန်မာစကားလုံးစစ်စစ်များ (၂)၊ စာ–၄၁၊ ရှုမဝ၊ အတွဲ ၂၄၊ အမှတ် ၂၇၇၊ ၁၉၇၀၊ ဇွန်လ။

၅၂။ လင်း၊ ဆရာ၊ ဘေးနှင့်ဘိုးအဖြေ၊ စာ ၄၉–၅၀၊ မြန်မာနိုင်ငံသုတေသန အသင်းဂျာနယ် အတွဲ ၃၂၊ အပိုင်း ၁၊ ဒီဇင်ဘာလ ၁၉၄၈၊

၅၃။ လှသမိန်(တည်းဖြတ်သူ) အလောင်းဘုရားအရေးတော်ပုံနှစ်စောင်တွဲ၊ ရန်ကုန်၊ ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာန။

၅၄။ ဝန်၊ ဦး၊ တက္ကသိုလ်မြန်မာသတ်ညွှန်းကျမ်း၊ ရန်ကုန်တက္ကသိုလ်စာ အုပ်ထုတ်ဝေဖြန့်ချိရေးကော်မတီ၊ ၁၉၆၃၊ ဩဂုတ်လ။

၅၅။ ဝန်၊ ဦး၊ တက္ကသိုလ်မြန်မာအဘိဓာန်၊ အပိုင်း ၁(က အက္ခရာ)၊ ရန် ကုန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရစာပုံနှိပ်တိုက်၊ ၁၉၅၂။

တက္ကသိုလ်မြန်မာအဘိဓာန်၊ အပိုင်း ၂ (ခ အက္ခရာ)၊ ရန် ကုန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရစာပုံနှိပ်တိုက်၊ ၁၉၅၆။

တက္ကသိုလ်မြန်မာအဘိဓာန်၊ အပိုင်း ၅(ဆ အက္ခရာ)၊ပြည် ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၊ ၁၉၆၄။

၅၆။ သီလဝံသ၊ ရှင်မဟာ၊ ပါရာယနဝတ္ထု၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၃။

၅၇။ သန်းဆွေ၊ ဒေါ်(တည်းဖြတ်သူ) ဆုတောင်းခန်းပျို့၊ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ် တိုက်၊ ၁၉၅၂၊ ဩဂုတ်။

၅၈။ သန်းဆွေ၊ ဒေါ် ညှိနှိုင်းခြင်း၏ရလဒ်၊ ပညာပဒေသာစာစောင် အတွဲ ၅၊ အပိုင်း ၄၊ ၁၉၇၀။

၅၉။ သန်းဆွေ၊ ဒေါ် ပင်းယခေတ်ဘွဲ့အမည်များ၊ ရန်ကုန်၊ မြဝတီမဂ္ဂဇင်း၊ အ တွဲ ၁၁၊ အမှတ် ၂။

၆၀။ သန်းထွန်း၊ ဒေါက်တာ ခေတ်ဟောင်းမြန်မာရာဇဝင်၊ ရန်ကုန်၊ မဟာဒဂုံစာပေ ထုတ်ဝေရေး၊ ၁၉၆၄။

၆၁။ မေမောင်၊ ဦး၊ ကဗျာ့ပန်းကုံး၊ ရန်ကုန်၊ မြန်မာ့ယူနီယန်စာပုံနှိပ်တိုက်၊ ၁၉၅၉၊ ပြေ။

၆၂။ မေမောင်၊ ဦး၊ ပုဂံကျောက်စာလက်ရွေးစင်၊ ရန်ကုန်၊ ပညာနန္ဒပုံနှိပ်တိုက် ၁၉၅၈။

၆၃။ မောင်၊ ဦး၊ — အနုစာပေကောက်နုတ်ချက်၊ ပဌမတွဲ၊ ရန်ကုန်၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၊ ၁၉၅၂။

၆၄။ ဩဘာသာဘိဝံသ၊ အသျှင် — သုတေသနသရုပ်အဘိဓာန်၊ ရန်ကုန်၊ ပညာနန္ဒပုံနှိပ်တိုက်၊ ၁၉၅၅။

၆၅။ အဂ္ဂသမာဓိ၊ ရှင်၊ — သုဝဏ္ဏသျှံမြားပစ်ခဏ်းပျို့၊ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၃၀၂။

၆၆။ အဂ္ဂသမာဓိ၊ ရှင်၊ — သုဝဏ္ဏသျှံသစ္စာခဏ်းပျို့၊ ရန်ကုန်၊ ဟံသာဝတီသတင်းစာပုံနှိပ်တိုက်၊ ၁၂၆၃။

၆၇။ အောင်သန်း၊ ဦး၊ — အောင်ဆန်းမိသားစု၊ ရန်ကုန်၊ စန္ဒာဝင်းပုံနှိပ်တိုက်(ပ)၊ ၁၉၇၀၊ ဧပြီလ။

၆၈။ အုန်းရွှေ၊ ဦး၊ — သတ်ပုံအဘိဓာန်မိတ်လင်စုံ၊ ရန်ကုန်၊ ပညာအလင်းပြစာပုံနှိပ်တိုက်၊ ၁၉၅၆။

၆၉။ Stevenson, Robert, C., — The Judson Burmese English Dictionary, Rangoon, A.B.M. Press. 1921.

# အထက်အောက် ဆွဲခုနစ်ဆက်ဖော်ပြချက်ဇယား

| မမွသတ် | | ဝိနည်း | | | | သုတေသနသရုပ်ပြအဘိဓာန် ၂၂၄ | | |
|---|---|---|---|---|---|---|---|---|
| ကဝိဒီ ၃၃၁ | မဏ* | ကဝိဒီ ၃၃၁ | ပေဝိ၊ ဒု ၅၂၈ | ပဋ္ဌာ **၉၆–၇ | သောမ *၁၃၃ | | | |
| ×<br>× | ×<br>အဘော် | အဘွေး<br>အဘော | အဖော်<br>အဘီ | အဘဲ<br>အဘော | အဖွေး<br>အဖဲ | စေ့<br>ညှောက် | ×<br>ဘော | အဘော<br>အဘီ |
| × | အဘွေး | အဘဲး | ဘင် | ဘွေး | အဖီ | ဘင် | ဘောင် | အဘဲ |
| × | အဘွဲ | အဘီ | ဘီ | ဘီ | အဖော | ဘီ | ဘင် | အဘွေး |
| အဘေး | အဘေး | အဘေး | ဘေး | ဘေး | အဖေး | ဘေး | ဘီ | အဖေး |
| အဖိုး | အဘိုး | အဖိုး | ဘိုး | အဘိုး | ဘိုး | ဘိုး | ဘိုး | အဖိုး |
| အဖ | အဘ | အဖ | အဘ | (အဘ) | အဘ | ဘ | ဘ | အဖ |
| မိမိကိုယ် | မိမိကိုယ် | မိမိကိုယ် | မိမိကိုယ် | မိမိကိုယ် | မိမိကိုယ် | မိမိကိုယ် | မိမိကိုယ် | မိမိကိုယ် |
| သား | သား | သား | သား | သား | သား | သား | သား | |
| မြေး | မြေး | မြေး | မြေး | မြေး | မြေး | မြေး | မြေး | |
| မြစ် | မြစ် | မြစ် | မြစ် | မြစ် | မြစ် | မြစ် | မြစ် | |
| × | တီ | တီ | တီ | တီ | တီ | တီ | တီ | |
| × | မျှော့ | တွတ် | တွတ် | မျှော့ | တွတ် | ကျွတ် | တွတ် | |
| × | ကျွတ် | ကျွတ် | ကျွတ် | ကျွတ် | ကျွတ် | ဆတ် | ကျွတ် | |
| × | ဆက် | မျှော့ | ဆတ် | ကျွတ်ဆက် | ဆက် | ဆက် | ကျွတ်ဆက် | |

ကဝိဒီ=ကဝိလက္ခဏဒီပနီကျမ်း၊ မင်းကြီးမဟာသီရိဇေယျသူ(၁၂၂၇) ပဋ္ဌာ=ပဋ္ဌာဝုဓပျို့၊ မုံရွေးဇေတဝန်ဆရာတော်(၁၁၈၃) ပေတိ=တိပေဋကဝိနိစ္ဆယကျမ်း (ပ)နှင့် (ဒု)၊ မိုင်းခိုင်းဆရာတော် ပ(၁၂၅၅ ခု) ဒု (၁၂၈၄ ခု) မဏ=မဟာသုတကာရီမဏဒေဝလက်ာသစ်၊ မန်လည်ဆရာတော် (၁၂၆၆ ခု) မှတ်ချက်။ ။တက္ကသိုလ် မြန်မာအဘိဓာန်၊ အပိုင်း ၅ (ဆအက္ခရာ)နှင့်သုတေသနသရုပ်ပြအဘိဓာန်လာ ဆွဲခုနစ်ဆက်ဖော်ပြချက်ကို ညှိနှိုင်းပြီး ကွဲလွဲချက်ကို တင်ပြထားသည်။ မဏဒေဝလက်ာသစ်ပုဒ်ရေ ၃၁၁ လာ အယူအဆကို အဘိဓာန်၌ ဖော်ပြထားရာတွင် ကျွတ်ဆက်ဟု တပေါင်းတည်း ပြထားသည်ကို ယခု တခုစီ ခွဲ၍ ပြပါသည်။